# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ - ၇၈)


၁၃၈၂ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၃ ရက် | ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင် ၁၇ ရက်၊ သောကြာနေ့ | အတွဲ (၅၉)၊ အမှတ် (၂၈၈)





ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၇) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့ ကျင်းပစဉ်။ သတင်းစဉ်

# ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၇) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့ ကျင်းပ

## အာရှရထားလမ်းမကြီးကွန်ရက်ဆိုင်ရာ အစိုးရချင်းသဘောတူညီချက်တွင် မြန်မာနိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးနိုင်ရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြ

နေပြည်တော် ဇူလိုင် ၁၆

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော အာရှရထားလမ်းမကြီးကွန်ရက်ဆိုင်ရာ အစိုးရချင်း သဘောတူညီချက်တွင် မြန်မာနိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးနိုင်ရေးနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က လွှတ်တော်သို့ ရှင်းလင်းတင်ပြရာတွင် မြန်မာနိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးခြင်းဖြင့် ရရှိလာနိုင်မည့် အကျိုးကျေးဇူးများမှာ အိမ်နီးချင်းနိုင်ငံများ၊ အာရှနှင့် ပစိဖိတ်ဒေသအတွင်းရှိ နိုင်ငံများနှင့် ရထားလမ်းချိတ်ဆက်နိုင်ရေးသည် အရေးပါသည့်လုပ်ငန်းအဖြစ် ရပ်တည်လျက်ရှိခြင်း၊ ကုန်းတွင်းဆိပ်များအကြား ကုန်ပမာဏများစွာကို ရထားဖြင့် သယ်ယူပေးနိုင်ရေးအတွက် ကောင်းမွန်သည့် သယ်ယူပို့ဆောင်ရေးစနစ်တစ်ခု ပေါ်ပေါက်လာနိုင်ခြင်း၊ နယ်စပ်များတွင် ပြတ်တောက်နေသည့် ရထားလမ်းများကို ချိတ်ဆက်နိုင်ရေးအတွက် နည်းပညာနှင့် ငွေကြေးအကူအညီများ ရရှိနိုင်ခြင်းတို့ ဖြစ်ပါကြောင်း။

အာရှရထားလမ်းမကြီးကွန်ရက်ဆိုင်ရာ အစိုးရချင်း သဘောတူစာချုပ်ကို ၂၀၁၉ ခုနှစ် စက်တင်ဘာ ၁ ရက်အထိ

*စာမျက်နှာ ၅ ကော်လံ ၁* ❑

**၁၃ ဇူလိုင်လ ၁၉၄၇ ခုနှစ်တွင် ရန်ကုန်မြို့ မြို့တော်ခန်းမ တိုင်းပြုပြည်ပြုလွှတ်တော် အစည်းအဝေး၌ နောက်ဆုံးပြောကြားသော ဖဆပလဥက္ကဋ္ဌ ဦးအောင်ဆန်း မိန့်ခွန်းကောက်နုတ်ချက်** စာ ၈

**တိုကျိုတွင် ကိုဗစ်-၁၉ အသစ်ထပ်မံ ကူးစက်သူ ၂၈၆ ဦးအထိ မြင့်တက်** စာ ၁၄

**COVID -19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**

(၁၆-၇-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ စာ ၁၆


KBZ BANK
BEST BANK IN MYANMAR
Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

မြန်မာ့အလင်း

# မွန်မြတ်သော အလုပ်နှင့် ကြီးမြတ်သောဂုဏ်

လွန်ခဲ့သည့်နှစ်ပေါင်း ၇၃ နှစ် မိုးနေ့တစ်နေ့တွင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့ရသည်။ နိုင်ငံနှင့်လူမျိုးတို့၏ လွတ်လပ်ရေးအတွက် ကြိုးပမ်းနေချိန်၊ လွတ်လပ်ပြီးနောက် နိုင်ငံပြန်လည်ထူထောင်ရေးအတွက် ကြိုတင်မျှော်တွေးကာ စီမံဆောင်ရွက်နေကြချိန်တွင် အာဏာဘီလူးစီးနေသူ လူမသမာတို့၏ လုပ်ကြံမှုကြောင့် လွတ်လပ်ရေးခရီး၏ လမ်းခုလတ်တွင် အသက်စွန့်လွှတ်ခဲ့ကြရခြင်းဖြစ်သည်။

ထိုစဉ်က အဖြစ်သနစ်ကို အမျိုးသားစာဆိုတော် ဆရာကြီးဇော်ဂျီက "မိုးကစိုစို၊ ကျီးအုပ်ပြို၍၊ ထိုမှ ဤမှ၊ တို့လမ်းမတွင်၊ ပျံကြဲဝဲကြ၊ ငရဲထသို့၊ အုံ့ကြွမြည်အာ၊ မသာယာကို၊ ငါကြားခဲ့၏၊ မှတ်မိ၏။ ထိုနေ့၌ပင်၊ ထိုချိန်ထင်၏၊ သခင်အောင်ဆန်း၊ ပြည်သူ့ပန်းသည်၊ ပွင့်လန်းခါစ၊ ကြွေလိုက်ရ၏။ မြေခသတင်း၊ မိုးကြိုးခွင်းသို့၊ အိမ်တွင်း အိမ်ပြင်၊ တို့လမ်းခွင်၌၊ မချင့်မရဲ၊ ဝမ်းနည်းခံခက်၊ မျက်စိမျက်နှာ၊ ညှိုးကြရာသည်။ ရွာဦးပိုင်းမှ၊ သင်္ချိုင်းထိ။" ဟူ၍ ဖွဲ့ဆိုခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့ရသည့် ထိုနေ့တွင် တစ်တိုင်းတစ်ပြည်လုံးရှိ ပြည်သူများ၏ ခံစားချက်၊ မချိတင်ကဲ ဝမ်းနည်းကြေကွဲမှု၊ လွတ်လပ်ရေးအတွက် မျှော်လင့်ချက်များ ရုတ်တရက် ပျောက်ဆုံးသွားခြင်းနှင့်တကွ ထိတ်လန့်အံ့ဩမှုများက နေရာတိုင်း၊ ဒေသတိုင်းတွင် ဖုံးလွှမ်းနေခဲ့သည်။

ဗိုလ်ချုပ်အောင်ဆန်းကို ပြည်သူများက လေးစားချစ်ခင်ခဲ့ကြခြင်း၊ ယုံကြည်ကိုးစားခဲ့ကြခြင်းမှာ သူ၏ ရိုးသားဖြောင့်မတ်မှု၊ ငွေကြေး၊ ရာထူးနှင့်အာဏာကို မမက်မောမှုတို့ကြောင့် ဖြစ်သည်။ ထို့အပြင် ဗိုလ်ချုပ်သည် ငယ်စဉ်ကတည်းကပင် ပွင့်လင်းသူ၊ ဟန်မဆောင်တတ်သူ၊ မတရားမှုကို မကြိုက်သူ၊ ပကာသနကို မနှစ်သက်သူ၊ လွတ်လပ်မှုကို မြတ်နိုးသူလည်း ဖြစ်သည်။ "ဗမာပြည်ရှိ လူများသည် လူရိုင်းဘဝမျိုးရောက်ချင်ရောက်သွားပါစေ၊ လွတ်လပ်ချမ်းသာစွာ ခေါင်းဆောင်နေနိုင်ပြီဆိုလျှင် မလွတ်လပ်သော လူယဉ်ကျေးဘဝထက် ကျွန်တော်အဆတစ်ရာ ကြိုက်သည်၊ နှစ်သက်သည်။ စိမ်းလန်းစိုပြည်ကျယ်ပြန့်သည့် လွင်ပြင်ရိုင်းပေါ်တွင် လက်ပန်းပေါက်ခတ်၍ လွတ်လွတ်လပ်လပ်မြူးထူးအော်ဟစ်နေလိုသည်" ဟူ၍ ဗိုလ်ချုပ်က ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိတွင် ထုတ်ဖော်ရေးသားခဲ့ရာ သူ၏ ရိုးသားပွင့်လင်းမှုနှင့် လွတ်လပ်ခြင်းအပေါ် အလေးအနက်တန်ဖိုးထားမှုတို့ကို တွေ့မြင်နိုင်သည်။ ထိုစိတ်ဓာတ်နှင့်ပင် နိုင်ငံနှင့်လူမျိုး သူ့ကျွန်ဘဝမှ လွတ်မြောက်ရေးအတွက် သူ့ဘဝတစ်လျှောက်လုံးတွင် ကိုယ်ကျိုးစွန့်ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး အသက်ကို စွန့်လွှတ်ရန် အဆင်သင့်ရှိနေခဲ့ရာ "ဤလောက၌ ပြည်သူတို့၏ လွတ်လပ်ရေး၊ ငြိမ်းချမ်းရေးနှင့် တိုးတက်ရေးတို့အတွက် တိုက်ပွဲဝင်ရင်း အသက်ကို ပေးလှူရခြင်းထက် ပို၍ မွန်မြတ်သောအလုပ်နှင့် ကြီးမြတ်သောဂုဏ်သည် မရှိပြီ" ဟူ၍ ဗိုလ်ချုပ်ကိုယ်တိုင်ရေးသားခဲ့သည့်စာက သက်သေသာဓကပင် ဖြစ်သည်။

မဟာကရုဏာတော်ရှင် သုံးလောကထွတ်ထား မြတ်စွာဘုရားသည်ပင် ဆန့်ကျင်တိုက်ခိုက်မှု၊ အသရေဖျက်ရန်၊ အသက်သေရန် ကြံစည်မှုများနှင့် ကြုံတွေ့ခဲ့ရသကဲ့သို့ပင် ဗိုလ်ချုပ်အောင်ဆန်းသည်လည်း ကိုယ်တိုင်က နိုင်ငံနှင့်လူမျိုး လွတ်လပ်ရေးကိုသာ ဦးတည်ကြိုးပမ်းနေစေကာမူ ဆန့်ကျင်ဘက်ဂိုဏ်းသား အာဏာလောဘတက်နေသူများက နိုင်ငံရေး အာဏာရလိုဇောဖြင့် နိုင်ငံမှလွတ်လပ်ရေးပင် မရသေးမီ အုပ်စုဖွဲ့၊ ခြေပုန်းခုတ်လှုပ်ရှားနေကြပြီဖြစ်သည်။ အာဏာအတွက် လက်မရွံ့သူများ၊ အာဏာအတွက် အကြမ်းဖက်သူများကြောင့် အမျိုးသားခေါင်းဆောင်ကြီးနှင့်တကွ အာဇာနည်ပုဂ္ဂိုလ်ကြီးများမှာ နိုင်ငံနှင့်လူမျိုးတို့လွတ်လပ်သည်ကို မြင်တွေ့မသွားဘဲ ကျဆုံးခဲ့ကြရသည်။ နိုင်ငံ၏ ကံကြမ္မာသည်လည်း အချိုးအကွေ့များနှင့် တစ်နည်းတစ်ဖုံ ပြောင်းလဲသွားခဲ့ရသည်။

မိမိတို့ မျိုးဆက်များအဖို့မူ နိုင်ငံနှင့်ပြည်သူတို့၏ လွတ်လပ်ရေးကို ဆက်လက်ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး၊ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ရိုးသားဖြောင့်မတ်စွာ၊ တာဝန်ကျေပွန်စွာ ကိုယ်စီဆောင်ရွက်ကြခြင်းဖြင့် အာဇာနည်ကြီးများ၏ ကျေးဇူးတရားကို သိမှတ်ပေးဆပ်နိုင်ကြပါစေကြောင်း ။ ။

## ဓမ္မာစရိယစာမေးပွဲ အဋ္ဌမနေ့နှင့် ပါဠိပထမပြန်စာမေးပွဲ ဒုတိယနေ့ကျင်းပ

**နေပြည်တော် ဇူလိုင် ၁၆**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူး၍ နှစ်စဉ် ကျင်းပပြုလုပ်သော ၂၀၂၀ ပြည့်နှစ် ဓမ္မာစရိယစာမေးပွဲကို ယနေ့ မွန်းတည့် ၁၂ နာရီမှ ညနေ ၄ နာရီအထိ နိုင်ငံတစ်ဝန်းလုံးရှိ စာဖြေဌာန ၅၇ ဌာနတို့၌(အဋ္ဌမနေ့)အဖြစ် လည်းကောင်း၊ ပါဠိပထမပြန်စာမေးပွဲကို မွန်းတည့် ၁၂ နာရီမှ မွန်းလွဲ ၃ နာရီအထိ နိုင်ငံတစ်ဝန်းလုံးရှိ စာဖြေဌာန ၂၄၁ ဌာနတို့၌ (ဒုတိယနေ့)အဖြစ် လည်းကောင်း ဖြေဆိုကြသည်။

ဓမ္မာစရိယစာမေးပွဲ အဋ္ဌမနေ့ စာရင်းသွင်းသံဃာနှင့်သီလရှင် စုစုပေါင်း ၃၈၄ ပါးအနက် ၂၁၇ ပါး ဖြေဆိုကြသဖြင့် ၅၆ ဒသမ ၅၁ ရာခိုင်နှုန်း ဖြေဆိုကြပြီး ပါဠိပထမပြန်စာမေးပွဲ(ပထမကြီး၊ ပထမလတ်၊ ပထမငယ်၊ အခြေပြုမူလတန်း) ဒုတိယနေ့ကို စာရင်းသွင်းသံဃာနှင့် သီလရှင် စုစုပေါင်း ၅၅၁၃၆ ပါးအနက် ၃၉၄၀၂ ပါး ဖြေဆိုကြပြီး ၇၁ ဒသမ ၄၆ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

**သတင်းစဉ်**



ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ အစည်းအဝေးကျင်းပစဉ်။

## ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ အစည်းအဝေးကျင်းပ

**နေပြည်တော် ဇူလိုင် ၁၆**

ပြည်ထောင်စုအစိုးရအဖွဲ့က ပေးပို့လာသော ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှု ဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းသည့် အစည်းအဝေးကို ယနေ့ ညနေ ၄ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင်၊ ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သည်။

အဆိုပါ အစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ဥပဒေကြမ်း ပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးထွန်းအောင် (ခ) ဦးထွန်းထွန်းဟိန်၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ ဥပဒေကြမ်းပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**




## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် ဇူလိုင် ၁၆**

ဥက္ကံမြို့တွင် ၃ ဒသမ ၁၅ လက်မ၊ တွန်းဇံမြို့တွင် ၂ ဒသမ ၅၂ လက်မ၊ တောင်ငူ(လေကြောင်းမိုးလေဝသ)တွင် ၂ ဒသမ ၀၅ လက်မ၊ ကြာအင်းဆိပ်ကြီးမြို့တွင် ၁ ဒသမ ၈၀ လက်မ၊ တီးတိန်မြို့တွင် ၁ ဒသမ ၆၉ လက်မ၊ လှိုင်းဘွဲ့မြို့တွင် ၁ ဒသမ ၃၈ လက်မ၊ ဟိုင်းကြီးကျွန်းမြို့တွင် ၁ ဒသမ ၃၀ လက်မ၊ ကိုကိုးကျွန်း မြို့တွင် ၁ ဒသမ ၂၆ လက်မ၊ ပိုင်ကျုံမြို့တွင် ၁ ဒသမ ၂၅ လက်မ၊ လက်ပံတန်းမြို့နှင့် လှည်းကူးမြို့တို့တွင် ၁ ဒသမ ၁၈ လက်မစီ၊ ရန်ကုန်(မင်္ဂလာဒုံမြို့နယ်)တွင် ၁ ဒသမ ၀၂ လက်မ၊ သံတွဲမြို့တွင် ၀ ဒသမ ၉၉ လက်မ၊ ခန္တီးမြို့တွင် ၀ ဒသမ ၉၄ လက်မနှင့် ပူတာအိုမြို့နှင့် မြောက်ဦးမြို့တို့တွင် ၀ ဒသမ ၉၁ လက်မစီတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

ပညာမြင့်မှ
လူမျိုးတင့်မည်



# ညီညွတ်ရေးဆိုတာ

ညီညွတ်ရေးဆိုတာ တူညီသောအကျိုး၊ တူညီသောအလုပ်၊ တူညီသော ရည်ရွယ်ချက်ရှိရမယ်။ တစ်တိုင်းပြည်လုံး လူတစ်မျိုးလုံးရဲ့ လွတ်လပ်ရေး၊ လူတစ်မျိုးလုံးရဲ့အကျိုး၊ အဲဒီလိုတူညီတဲ့ ရည်ရွယ်ချက်၊ တူညီတဲ့အကျိုး၊ တူညီတဲ့အလုပ်၊ တိုင်းသူပြည်သားတွေရအောင် တူညီတဲ့အလုပ်လုပ်တဲ့ ညီညွတ်ရေးမျိုးဖြစ်ရမယ်။ ပါးစပ်က ညီညွတ်ချင်ပါတယ် ပြောလို့မဖြစ်ဘူး။ အလုပ်မှာလည်း တူရမယ်။ အကျိုးမှာလည်း တူရမယ်။ ရည်ရွယ်ချက်မှာလည်း တူရမယ်။ အဲဒါမျိုးကိုမှ ညီညွတ်ရေးလို့ ခေါ်ထိုက်တယ်။

(ဗိုလ်ချုပ်အောင်ဆန်း၏ ၂၃-၁-၁၉၄၆ ရက်နေ့တွင် ကျင်းပသော ဖဆပလ ပြည်လုံးကျွတ်ညီလာခံသဘင်ကြီး၌ ပြောကြားခဲ့သည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် မြန်မာနိုင်ငံဆိုင်ရာ နော်ဝေနိုင်ငံ သံအမတ်ကြီး အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၁၆**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ နော်ဝေနိုင်ငံ သံအမတ်ကြီး မစ္စ တူနယ်တီးနပ်(စ်) အား ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ၊ ပြည်သူ့လွှတ်တော်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-နော်ဝေ နှစ်နိုင်ငံ လွှတ်တော်အချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်နိုင်ရေး၊ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီအရေး၊ ပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်များ၊ ငါးဖမ်းလုပ်ငန်းနှင့် ငါးမွေးမြူရေးလုပ်ငန်း၊ သဘာဝသယံဇာတ၊ စွမ်းအင်၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုဆိုင်ရာကဏ္ဍများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ်များနှင့် ဥပဒေပြုရေးဆိုင်ရာ ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် မြန်မာနိုင်ငံဆိုင်ရာ နော်ဝေနိုင်ငံ သံအမတ်ကြီး မစ္စ တူနယ်တီးနပ်(စ်) အား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|
| (၁) ဦးသန့်စင်လွင် | ညွှန်ကြားရေးမှူးချုပ်<br>ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန<br>ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန |
| (၂) ဦးဝင်းမြင့် | ညွှန်ကြားရေးမှူးချုပ်<br>ငွေကြေးစီမံခန့်ခွဲမှုဌာန<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် |

## မြန်မာနိုင်ငံပြန်တမ်း

### အမြဲတမ်းအတွင်းဝန်အဖြစ် တာဝန်ပေးအပ်ခြင်း

ပြည်ထောင်စုအစိုးရအဖွဲ့သည် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာအယ်လ်တူးမိန်းဂေါင်အား အမြဲတမ်းအတွင်းဝန် တာဝန်များကို ထမ်းဆောင်ရန် တာဝန်ပေးအပ်လိုက်သည်။

## အာဆီယံအဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးနှင့် (၂၂)ကြိမ်မြောက် အာဆီယံ-အိန္ဒိယအဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကျင်းပ

**နေပြည်တော် ဇူလိုင် ၁၆**

အာဆီယံအဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးနှင့် (၂၂) ကြိမ်မြောက် အာဆီယံ-အိန္ဒိယ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးတို့ကို ယနေ့ နံနက် ၇ နာရီခွဲတွင် Video Conferencing ဖြင့် စတင်ကျင်းပရာ အစည်းအဝေးများသို့ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ဦးစိုးဟန်သည် နိုင်ငံခြားရေးဝန်ကြီးဌာန နေပြည်တော်မှ ပါဝင်တက်ရောက်ဆွေးနွေးသည်။ **(ယာပုံ)**

အာဆီယံ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို အာဆီယံအလှည့်ကျဥက္ကဋ္ဌ ဗီယက်နမ်နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး Mr. Nguyen Quoc Dzung က သဘာပတိအဖြစ်ဆောင်ရွက်ပြီး အစည်းအဝေးသို့ အာဆီယံအဆင့်မြင့်အရာရှိကြီးများနှင့် အာဆီယံ ဒုတိယအတွင်းရေးမှူးချုပ်တို့ ပါဝင်တက်ရောက်ကြသည်။

အစည်းအဝေးတွင် ၂၀၂၀ ပြည့်နှစ်၊ အာဆီယံဥက္ကဋ္ဌတာဝန်ထမ်းဆောင်စဉ် ဗီယက်နမ်နိုင်ငံ၏ ဦးစားပေးလုပ်ငန်းစဉ်များ၊ ကိုဗစ်-၁၉ ကူးစက်ရောဂါဆိုင်ရာ အာဆီယံအထူးထိပ်သီးအစည်းအဝေးနှင့် အာဆီယံ အပေါင်း သုံး အထူးထိပ်သီးအစည်းအဝေး ဆုံးဖြတ်ချက်များ၏ ဖြစ်ပေါ်တိုးတက်မှုများ၊ အရှေ့တောင်အာရှ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးစာချုပ်တွင် ပြင်ပနိုင်ငံများက ပါဝင်လက်မှတ်ရေးထိုးမည့်ကိစ္စရပ်များနှင့် အာဆီယံ၏ ပြင်ပဆက်ဆံရေးဆိုင်ရာ ကိစ္စရပ်များကို လည်းကောင်း၊ (၅၃)ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ အစည်းအဝေးနှင့် ဆက်စပ်ဝန်ကြီးအဆင့် အစည်းအဝေးများနှင့် (၃၇)ကြိမ်မြောက် အာဆီယံထိပ်သီး အစည်းအဝေးနှင့် ဆက်စပ်ထိပ်သီးအစည်းအဝေးများအတွက် ကြိုတင်ပြင်ဆင်ထားရှိမှုများကို လည်းကောင်း ဆွေးနွေးအမြင်ချင်းဖလှယ်ခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် ဆက်လက်ကျင်းပသည့် (၂၂)ကြိမ်မြောက် အာဆီယံ-အိန္ဒိယ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးတွင် အာဆီယံ-အိန္ဒိယ ဆွေးနွေးဖက် ဆက်ဆံရေး ညှိနှိုင်းရေးမှူးဖြစ်သူ ထိုင်းနိုင်ငံ၏ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် Mdm. Busaya Mathelin နှင့် အိန္ဒိယပြည်ပရေးရာဝန်ကြီးဌာန၊ အတွင်းဝန် Mdm. Vijay Thakur Singh တို့က ပူးတွဲသဘာပတိအဖြစ် ဆောင်ရွက်ကြပြီး အစည်းအဝေးသို့ အာဆီယံ အဆင့်မြင့်အရာရှိကြီးများနှင့် အာဆီယံ ဒုတိယအတွင်းရေးမှူးချုပ်တို့ ပါဝင်တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် ကိုဗစ်-၁၉ ကူးစက်ရောဂါအပေါ် အာဆီယံနှင့် အိန္ဒိယနိုင်ငံတို့၏ တုံ့ပြန်ဆောင်ရွက်မှုများ၊ အာဆီယံနှင့် အိန္ဒိယနိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်မှုအခြေအနေများ၊ အာဆီယံ-အိန္ဒိယဆက်ဆံရေး၏ အနာဂတ်အလားအလာနှင့် ဒေသတွင်းနှင့် နိုင်ငံတကာရေးရာကိစ္စရပ်များအပေါ် ဆွေးနွေးအမြင်ချင်းဖလှယ်ခဲ့ကြသည်။ အမြဲတမ်းအတွင်းဝန် ဦးစိုးဟန်က အာဆီယံနှင့် အိန္ဒိယနိုင်ငံတို့အကြား ပင်လယ်ရေကြောင်းပူးပေါင်းဆောင်ရွက်မှု ဘာသာရပ်ခေါင်းစဉ်ကို ဦးဆောင်ဆွေးနွေးရာတွင် ပင်လယ်ရေကြောင်း လုံခြုံရေး၊ ပင်လယ်ဓားပြတိုက်ဖျက်ရေး၊ ရှာဖွေကယ်ဆယ်ရေး စသည်တို့အပါအဝင် အာဆီယံနှင့် အိန္ဒိယအကြား လက်ရှိပင်လယ်ရေကြောင်း ပူးပေါင်းဆောင်ရွက်မှုများကို အာဆီယံဦးဆောင်သည့် ယန္တရားများမှတစ်ဆင့် ပိုမိုတိုးတက် ခိုင်မာစေရေး၊ အင်ဒို-ပစိဖိတ်ဆိုင်ရာ အာဆီယံ၏သဘောထားအမြင်၌ ပင်လယ်ရေကြောင်း ပူးပေါင်းဆောင်ရွက်ရေးသည် ဦးစားပေးကဏ္ဍတစ်ရပ်ဖြစ်သည်နှင့်အညီ အာဆီယံနှင့် အိန္ဒိယနိုင်ငံအကြား ပင်လယ်ရေကြောင်း ပူးပေါင်းဆောင်ရွက်မှု အထူးသဖြင့် ပင်လယ်ရေကြောင်း ကူးလူးဆက်သွယ်ရေး၊ ပင်လယ်ပြင်ရှိ စွန့်ပစ်ပစ္စည်းများ ဖယ်ရှားရေး၊ ပင်လယ်ရေကြောင်း ပတ်ဝန်းကျင်နှင့် ဇီဝမျိုးစုံမျိုးကွဲကာကွယ်စောင့်ရှောက်ရေးတို့တွင် ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်ရေးကိစ္စရပ်များကို ထည့်သွင်းဆွေးနွေးသည်။

အစည်းအဝေးများသို့ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အာဆီယံရေးရာဦးစီးဌာနမှ အဆင့်မြင့်အရာရှိများ ပါဝင်တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ – ( ၂၁ ) ရာစု ပင်လုံ စတုတ္ထအစည်းအဝေးကျင်းပရေး လုပ်ငန်းကော်မတီများ ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဇူလိုင် ၁၆**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ – (၂၁) ရာစုပင်လုံ စတုတ္ထအစည်းအဝေး ကျင်းပရေး လုပ်ငန်းကော်မတီများ၏ ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ – (၂၁) ရာစုပင်လုံ ကျင်းပရေး ဗဟိုကော်မတီအတွင်းရေးမှူး နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်တင်၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအစုအဖွဲ့နှင့် နိုင်ငံရေးပါတီများအစုအဖွဲ့တို့မှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဗဟိုကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးခင်မောင်တင် က ယခင်ရက်များက ကျင်းပခဲ့သည့် ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ ဦးဆောင်သည့် ညီလာခံကျင်းပရေးဗဟိုကော်မတီ အစည်းအဝေး၊ လုပ်ငန်းကော်မတီအစည်းအဝေးများ၏ မူဝါဒဆိုင်ရာ ဆုံးဖြတ်ချက်များကို အလျင်အမြန် ဆက်လက်အကောင်အထည်ဖော်နိုင်ရန် Working Level တွင် အသေးစိတ်ညှိနှိုင်းနိုင်ရန်အတွက် ယနေ့ လုပ်ငန်းကော်မတီများ ညှိနှိုင်းအစည်းအဝေးကို ခေါ်ယူရခြင်းဖြစ်ပါကြောင်း။

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ – (၂၁) ရာစုပင်လုံ စတုတ္ထအစည်းအဝေး ကျင်းပရခြင်း၏ ဦးတည်ချက်၊ ရည်ရွယ်ချက်များ၊ နိုင်ငံရေးနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်ဆိုင်ရာ အရေးကြီးလိုအပ်ချက်များအရ ကိုဗစ်–၁၉ ကာလဖြစ်သော်လည်း စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ကျင်းပရခြင်းဖြစ်ပါကြောင်း၊ ညီလာခံကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌက ရှင်းလင်းပြောကြားသွားပြီး ဖြစ်ပါကြောင်း၊ ထို့ပြင် မူဝါဒဆိုင်ရာလုပ်ငန်းလမ်းညွှန်ချက်များကိုလည်း ချမှတ်ပေးခဲ့ပြီးဖြစ်သည့်အတွက် သက်ဆိုင်ရာလုပ်ငန်းကော်မတီအသီးသီးမှ ကော်မတီများဖွဲ့စည်း၍ စီမံချက်များရေးဆွဲပြီး ပူးပေါင်းညှိနှိုင်းရေးကော်မတီသို့ ပေးပို့ခဲ့ကြပြီးဖြစ်ပါကြောင်း။

ယနေ့အစည်းအဝေးတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း အစုအဖွဲ့နှင့် နိုင်ငံရေးပါတီအစုအဖွဲ့တို့မှ ကိုယ်စားလှယ်များလည်း တက်ရောက်လာကြသည့်အတွက် ဖိတ်ကြားရေး၊ ကြိုဆိုပို့ဆောင်ရေး၊ တည်းခိုနေထိုင်ရေး၊ ကျွေးမွေးဧည့်ခံရေး၊ လုံခြုံရေး၊ ကျန်းမာရေး၊ သတင်းပြန်ကြားရေး၊ ဘဏ္ဍာရေးဆိုင်ရာလုပ်ငန်းကိစ္စရပ်များ၊ ကော်မတီချင်း ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရမည့်ကိစ္စများ၊ ဆောင်ရွက်ဆဲ၊ ဆောင်ရွက်ရန် ကျန်ကိစ္စများ၊ ဆက်လက်ညှိနှိုင်းဆောင်ရွက်ရမည့်ကိစ္စများ၊ လိုအပ်ပါက လမ်းညွှန်ချက်တောင်းခံရမည့် ကိစ္စများကို ပြည့်ပြည့်စုံစုံ ဆွေးနွေးပေးရန် မေတ္တာရပ်ခံလိုပါကြောင်း။

EAOs နှင့် ပါတီအစုအဖွဲ့မှ ညီလာခံတက်ရောက်ကြမည့် ကိုယ်စားလှယ်များနှင့် စပ်လျဉ်း၍ လူအရေအတွက်၊ အမည်စာရင်း၊ ပြည်တွင်း၊ ပြည်ပ ကြိုဆိုပေးရမည့် အစီအစဉ်၊ နေပြည်တော်တွင် တည်းခိုနေထိုင်ရေး၊ သွားလာရေး၊ စားသောက်ရေး အစီအစဉ်၊ လုံခြုံရေးအစီအစဉ်၊ အထူးအားဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ကိုဗစ်–၁၉ ဆိုင်ရာ ဆောင်ရွက်ပေးရမည့် အစီအစဉ်၊ ဘဏ္ဍာရေးဆိုင်ရာ ကျခံဆောင်ရွက်ပေးမည့် အစီအစဉ်၊ အခမ်းအနားအစီအစဉ်၊ ဖွင့်ပွဲနှင့် လက်မှတ်ရေးထိုးပွဲ အခမ်းအနားအစီအစဉ်နှင့် Seating Plan, UPDJC, JMC နှင့် UPDJC အတွင်းရေးမှူးများအဖွဲ့၏ အစည်းအဝေးများပြုလုပ်မှုနှင့် ကျွေးမွေးဧည့်ခံရေးဆိုင်ရာ Seating Plan ၊ သတင်းပြန်ကြားရေးနှင့် မှတ်တမ်းဆိုင်ရာ၊ ရိုက်ကူးထုတ်လွှင့်မှု၊ Media များအား ဖိတ်ကြား၊ တည်းခိုရေး၊ ကျွေးမွေးရေး၊ တက်ရောက်သူအားလုံးနှင့် ဝန်ထမ်းများကို ကျန်းမာရေးစစ်ဆေးမည့် အစီအစဉ်၊ လုံခြုံရေးဆိုင်ရာ အစီအစဉ်များအားလုံးကို ဆွေးနွေးညှိနှိုင်းကြရန် ဖြစ်ကြောင်း ပြောကြားသည်။




ဗဟိုကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးခင်မောင်တင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ – (၂၁) ရာစုပင်လုံ စတုတ္ထအစည်းအဝေး ကျင်းပရေး လုပ်ငန်းကော်မတီများ၏ ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

ယင်းနောက် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသက်ထွန်းက ဖိတ်ကြားရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို လည်းကောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဌေးဦးက ကြိုဆိုနေရာချထားရေးနှင့် တည်းခိုနေထိုင်ရေးလုပ်ငန်းများအတွက် ပြင်ဆင်ထားရှိမှုနှင့် ခန်းမအတွင်း နေရာချထားရေးလုပ်ငန်းများ စီမံထားရှိမှုအခြေအနေများကို လည်းကောင်း၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသင့်မြတ်သူက ညီလာခံတက်ရောက်မည့်သူများအား သယ်ယူပို့ဆောင်ရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများကို လည်းကောင်း၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်က အခမ်းအနားများပြင်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို လည်းကောင်း၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော်က ဧည့်ခံကျွေးမွေးရေးလုပ်ငန်းများ စီမံထားရှိမှုနှင့် လိုအပ်ချက်များကို လည်းကောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ် ရဲဗိုလ်ချုပ်အောင်နိုင်သူက လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် လိုအပ်ချက်များကို လည်းကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်က သတင်းပြန်ကြားရေးနှင့်မှတ်တမ်းဆိုင်ရာလုပ်ငန်းကော်မတီအနေဖြင့် လုပ်ငန်းတာဝန်နှင့်ဆောင်ရွက်ပြီးစီးမှု အခြေအနေကို လည်းကောင်း၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်ဒေါက်တာစိုးဦးက ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းဆောင်ရွက်ပေးသွားမည့် အခြေအနေများကို လည်းကောင်း၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဇော်နိုင်က ဘဏ္ဍာရေးလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ လည်းကောင်း၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ ဖိတ်ကြားရေး၊ တည်းခိုနေထိုင်ရေး၊ ပူးပေါင်းညှိနှိုင်းရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ လည်းကောင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအစုအဖွဲ့မှ UPDJC အတွင်းရေးမှူး ရဲဘော်မျိုးဝင်းက တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ညီလာခံတက်ရောက်ရန် လာရောက်ရာတွင် ပြည်တွင်း၊ ပြည်ပမှ လာရောက်မည့် အစီအစဉ်များရှိနေသဖြင့် အစိုးရဘက်က ကူညီဆောင်ရွက်ပေးရေး၊ ညီလာခံနှင့် တစ်ဆက်တစ်စပ်တည်းဖြစ်သည့် UPDJC နှင့် JICM အစည်းအဝေးများအတွက် ရောက်ရှိမည့် အချိန်ကာလများအလိုက် ခွင့်ခွဲနမူနာရယူရေးအတွက် အစိုးရဘက်က စည်းမျဉ်းနှင့်အညီ ဆောင်ရွက်ပေးရေး၊ ပြည်ဝင်လမ်းကြောင်းများအလိုက် Focal Person များ ထားရှိပေးရေးတို့ကို လည်းကောင်း ရှင်းလင်းဆွေးနွေးတင်ပြကြပြီး နိုင်ငံရေးပါတီများအစုအဖွဲ့မှ UPDJC အတွင်းရေးမှူး ဦးမြင့်စိုးက နိုင်ငံရေးပါတီများအစုအဖွဲ့မှ ကိုယ်စားလှယ်များ UPDJC နှင့် ညီလာခံအစည်းအဝေးများ လာရောက်ရာ၌ ကုန်ကျမည့် ခရီးစရိတ်၊ တည်းခိုနေထိုင်စရိတ်၊ စားသောက်စရိတ်တို့ကို နိုင်ငံရေး ပါတီများအစုအဖွဲ့က ကျခံမည့်ကိစ္စ၊ နိုင်ငံရေးပါတီများ အစုအဖွဲ့တွင်ပါဝင်သည့် ပါဝင်သင့်ပါဝင်ထိုက်သူ ကိုယ်စားလှယ်များနှင့် တိုင်းရင်းသားကိုယ်စားလှယ်များကိစ္စ၊ ညီလာခံမတိုင်မီ ဆက်စပ်အစည်းအဝေးများ တက်ရောက်ရန် နေပြည်တော်သို့ လာရောက်မည့် ကိုယ်စားလှယ်များအား ခွင့်ခွဲနမူနာ ရယူရေးကိစ္စ၊ ညီလာခံကိုယ်စားလှယ်များ မှတ်တမ်းဓာတ်ပုံရိုက်ကူးရေး ကိစ္စတို့ကို ရှင်းလင်းတင်ပြရာ ဗဟိုကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် တက်ရောက်လာကြသူများက ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ – (၂၁) ရာစု ပင်လုံစတုတ္ထအစည်းအဝေးအောင်မြင်စွာ ကျင်းပနိုင်ရေး ဝိုင်းဝန်းအကြံပြုဆွေးနွေးကြသည်။

ထို့နောက် ဗဟိုကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီးက မိမိတို့ ဗဟိုကော်မတီအစည်းအဝေးနှင့် လုပ်ငန်းကော်မတီအစည်းအဝေး (၃) ကြိမ် ပြုလုပ်ခဲ့ပြီး EAO အစုအဖွဲ့၊ ပါတီအစုအဖွဲ့မှ ကိုယ်စားလှယ်များနှင့် တစ်ခါမှ ဆွေးနွေးမှု မပြုလုပ်ရသေးသည့်အတွက် အသေးစိတ် ဆွေးနွေးညှိနှိုင်းရန်နှင့် ရှင်းလင်းပြောကြားရန် လိုအပ်သည့်အတွက် လုပ်ငန်းကော်မတီဝင်များကို လူစုံ ဖိတ်ကြားခဲ့ခြင်း ဖြစ်ပါကြောင်း၊ ပြည့်ပြည့်စုံစုံ ဆွေးနွေးပေးကြသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ နောက်တစ်ကြိမ် အစည်းအဝေး မကျင်းပမီ ညှိနှိုင်းရန်ကိစ္စရပ်များ ပေါ်ပေါက်လာပါက တယ်လီဖုန်း၊ Fax , Email နှင့် စာများပေးပို့၍ Contact Person များမှ တစ်ဆင့် ညှိနှိုင်းကြရန်လည်း ထပ်လောင်း မေတ္တာရပ်ခံလိုပါကြောင်း၊ လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကိုလည်း မိမိတို့ ပူးပေါင်းညှိနှိုင်းရေးကော်မတီကို သင့်ရာနည်းနှင့် ပေးပို့ကြစေလိုကြောင်း၊ ဗဟိုကော်မတီသို့ တင်ပြပြီး အတည်ပြုချက်များ တောင်းခံရယူပေးသွားရန် ဖြစ်ပါကြောင်း ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

# Travel Bubble/ Corridor Framework ရေးဆွဲရေး အကြိုညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဇူလိုင် ၁၆**

အာဆီယံနိုင်ငံခေါင်းဆောင်များ၏ (၃၆)ကြိမ်မြောက် ထိပ်သီးအစည်းအဝေးနှင့် အာဆီယံခရီးသွား လုပ်ငန်းများတွင် ကိုဗစ်–၁၉ သက်ရောက်မှုများကို လျော့ပါးသက်သာစေရေးနှင့် ပြန်လည်ထူထောင်ရေးအတွက် ကျင်းပခဲ့သည့် အာဆီယံခရီးသွားလုပ်ငန်းဝန်ကြီးများ၏ ကိုဗစ်–၁၉ ဆိုင်ရာ အထူးအစည်းအဝေး၏ လမ်းညွှန်ချက်များအရ ကိုဗစ်–၁၉ အလွန်ကာလတွင် အာဆီယံသို့ လာရောက်လည်ပတ်မည့် ခရီးသွားဧည့်သည်များနှင့် ခရီးသွားလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်နေသူများ၏ ယုံကြည်မှုကိုမြှင့်တင်ရန်၊ နိုင်ငံအလိုက် Travel Procedure များ တစ်ပြေးညီဖြစ်စေရန်နှင့် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန် အဖွဲ့ဝင်နိုင်ငံများအတွင်း Travel Bubble/ Corridor ထူထောင်ဆောင်ရွက်သွားရန်အတွက် အကြိုညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ Assistant Director Mr. Le Quang Lan က ဦးဆောင်၍ ကျင်းပရာ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ ပါဝင်တက်ရောက်သည်။



အာဆီယံခေါင်းဆောင်များနှင့် ခရီးသွားလုပ်ငန်းဝန်ကြီးများ၏ လမ်းညွှန်ချက်ကို အကောင်အထည်ဖော်ဆောင်ရန် ပဏာမအဆင့်အနေဖြင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ဦးဆောင်၍ ASEAN Framework to facilitate the Travel Bubble Scheme ရေးဆွဲပြုစုသွားမည်ဖြစ်သည်။ ကနဦးအနေဖြင့် အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံချင်းစီ၏ သဘောထားမှတ်ချက်များ ရယူသွားမည်ဖြစ်ရာ ယခုကျင်းပသည့် ညှိနှိုင်းအစည်းအဝေးသည် မြန်မာနိုင်ငံ၏ သီးခြားသဘောထားမှတ်ချက် ရယူသွားရန်အတွက် ကျင်းပခြင်းဖြစ်သည်။

အဆိုပါ Travel Bubble/ Corridor Framework ရေးဆွဲတည်ဆောက်ရာတွင် မိမိတို့နိုင်ငံအတွင်း ခရီးသွားလာရေးနှင့် ဆက်စပ်သော ကျန်းမာရေး၊ နိုင်ငံခြားရေး၊ သယ်ယူပို့ဆောင်ရေးနှင့် လူဝင်မှုကြီးကြပ်ရေး စသည့်ဌာနများနှင့် ပြီးပြည့်စုံသော ညှိနှိုင်းပေါင်းစပ်မှုလုပ်ငန်းစဉ် လိုအပ်မည်ဖြစ်ပြီး အပြန်အလှန် သဘောတူလက်ခံသည့် Standard Protocol Procedure များကို အာဆီယံအဆင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်၍ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ မူကြမ်းရေးဆွဲပြီးစီးပါက အာဆီယံ Sectoral Body များ ဖြစ်သည့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ သဘောထားမှတ်ချက်များ၊ အကြံပြုချက်များနှင့်အညီ အတည်ပြုဆောင်ရွက်ရန်ဖြစ်ကြောင်း အကြံပြုဆွေးနွေးသည်။

အဆိုပါ Framework မူကြမ်းအား အာဆီယံခရီးသွားလုပ်ငန်းဝန်ကြီးများမှ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလတွင် လှည့်လည်စာဖြင့် လက်မှတ်ရေးထိုး အတည်ပြုသွားရန် လျာထားပြီး အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံအလိုက် ခရီးသွားလုပ်ငန်းများ ပြန်လည်ဖွင့်လှစ်မှု အပေါ်မူတည်၍ အာဆီယံအဖွဲ့ဝင် နိုင်ငံအချင်းချင်းအပြင် အာဆီယံပြင်ပနိုင်ငံများဖြင့်ပါ Bilateral သော်လည်းကောင်း၊ Multilateral သော်လည်းကောင်း ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

# ပြည်သူသာလျှင် အဓိက

❑ *ရှေ့ဖုံးမှ*

အဖွဲ့ဝင်နိုင်ငံပေါင်း ၂၂ နိုင်ငံ ပါဝင်လက်မှတ်ရေးထိုးပြီး ဖြစ်ပါကြောင်း၊ ၁၉ နိုင်ငံ အတည်ပြုလက်ခံကျင့်သုံး ဆောင်ရွက်ပြီးဖြစ်ပါကြောင်း၊ ထို့ကြောင့် ပြည်ထောင်စုလွှတ်တော်အနေဖြင့် အာရှရထားလမ်းမကြီးကွန်ရက်ဆိုင်ရာ အစိုးရချင်းသဘောတူညီချက်စာချုပ်ကို ပါဝင်လက်မှတ်ရေးထိုးခွင့်ပြုရေးနှင့် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ထံသို့ ပေးပို့ခွင့်ပြုနိုင်ရေးအတွက် လက်ခံသဘောတူ အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ်က ယင်းကိစ္စနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်းနှင့် ဇူလိုင် ၂၂ ရက်တွင် ဆွေးနွေးရန် လျာထားပါကြောင်း ကြေညာသည်။

## မြန်မာနိုင်ငံနှင့် နီကာရာဂွါ နိုင်ငံတို့အကြား သံတမန်ဆက်သွယ်မှု ထူထောင်ရေးကို ပြည်ထောင်စုလွှတ်တော်မှ သဘောတူညီပေးနိုင်ပါရန် တင်ပြ

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော မြန်မာနိုင်ငံနှင့် နီကာရာဂွါ သမ္မတနိုင်ငံတို့အကြား သံတမန်အဆက်အသွယ်ထူထောင်နိုင်ရေးကိစ္စနှင့် စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က လွှတ်တော်သို့ ရှင်းလင်းတင်ပြရာတွင် နီကာရာဂွါသမ္မတနိုင်ငံသည် ပထဝီအနေအထားအရ မြန်မာနိုင်ငံနှင့် အလှမ်းကွာဝေးသော်လည်း သံတမန်ဆက်သွယ်မှု ထူထောင်ခြင်းအားဖြင့် နှစ်နိုင်ငံအကြား နိုင်ငံရေး၊ စီးပွားရေး၊ ကုန်သွယ်ရေးကိစ္စများတွင် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်နိုင်ရန် အခွင့်အလမ်းပွင့်လာပြီး ယင်းနိုင်ငံသို့ အကြောင်းအမျိုးမျိုးဖြင့် ရောက်လာသည့် မြန်မာနိုင်ငံသားများ၏ အရေးကိစ္စများ ဖြစ်ပေါ်လာပါကလည်း ကူညီပံ့ပိုးရန် ပိုမိုအဆင်ပြေလွယ်ကူမည်ဖြစ်ပါကြောင်း၊ ထို့ပြင် နိုင်ငံတကာမျက်နှာစာတွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးအတွက်လည်း အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံနှင့် နီကာရာဂွါ နိုင်ငံတို့အကြား သံတမန်ဆက်သွယ်မှုထူထောင်ရေးကို ပြည်ထောင်စုလွှတ်တော်မှ သဘောတူညီပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော် နာယက က ယင်းကိစ္စနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်းနှင့် ဇူလိုင် ၂၄ ရက်တွင် ဆွေးနွေးရန် လျာထားပါကြောင်း ကြေညာသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ကုန်းတွင်းဆိပ်များဆိုင်ရာ အစိုးရများအကြား သဘောတူစာချုပ်တွင် မြန်မာနိုင်ငံမှ အတည်ပြုပါဝင်နိုင်ရေးနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က လွှတ်တော်သို့ ရှင်းလင်းတင်ပြရာတွင် ကုန်းတွင်းဆိပ်များ ဖွံ့ဖြိုးတိုးတက်လာပါက ကုန်သွယ်ရေးနှင့် ပို့ဆောင်ရေးကဏ္ဍမြှင့်တင်နိုင်မည်ဖြစ်ခြင်း၊ မြန်မာနိုင်ငံသည် မဟာဗျူဟာအချက်အချာကျပြီး အာရှတိုက်ကြီး၏ ဆုံချက်နေရာတွင်တည်ရှိသည့်အတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် မြန်ဆန်လာမည်ဖြစ်ခြင်း၊ တရုတ်၊ တောင်အာရှနှင့် အရှေ့တောင်အာရှဒေသများသို့ ဆက်သွယ်၍ ကုန်ပစ္စည်းများအပြန်အလှန် ပို့ဆောင်နိုင်မည့်အပြင် ရထားဖြင့် ကုန်စည်ပို့ဆောင်မှုအခွင့်အလမ်းကောင်းများ ရရှိလာနိုင်မည်ဖြစ်ခြင်း၊ ကွန်တိန်နာပို့ဆောင်ရေးလုပ်ငန်းများ တိုးတက်ကောင်းမွန်လာမည်ဖြစ်ခြင်း၊ ဆိပ်ကမ်းများတွင် ဆောင်ရွက်ရမည့် လုပ်ငန်းအဆင့်များကို လျှော့ချနိုင်မည်ဖြစ်ခြင်း၊ ဟင်းသီးဟင်းရွက်၊ သစ်သီး၊ ရေထွက်ကုန်ပစ္စည်းများကို အအေးခန်းကုန်သေတ္တာဖြင့် နယ်စပ်ဖြတ်ကျော် ပို့ဆောင်ရာတွင် ပစ္စည်းအရည်အသွေး မပျက်စီးစေမည့် Cool Chain Logistics ဝန်ဆောင်မှုပေးနိုင်မည်ဖြစ်ခြင်း၊ မြန်မာနိုင်ငံ၏ ထောက်ပံ့ပို့ဆောင်ရေးနှင့် စီမံခန့်ခွဲမှုဆိုင်ရာလုပ်ငန်းများ အချိုးညီညီ ဆက်စပ်ဆောင်ရွက်နိုင်မည်ဖြစ်ခြင်းဆိုသည့် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ပါကြောင်း။

ထို့ကြောင့် ကုန်းတွင်းဆိပ်များ တည်ဆောက်ခြင်းနှင့်ပတ်သက်၍ အစိုးရများအကြား သဘောတူစာချုပ်ကို အတည်ပြုလက်ခံကျင့်သုံးပေးရန် လိုအပ်ပါကြောင်းနှင့် ပြည်ထောင်စုလွှတ်တော်အနေဖြင့် ယင်းစာချုပ်တွင် မြန်မာနိုင်ငံမှ လက်ခံကျင့်သုံးရေးအတွက် အတည်ပြုပေးပါရန် တင်ပြအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက က ယင်းကိစ္စနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်းနှင့် ဇူလိုင် ၂၂ ရက်တွင် ဆွေးနွေးရန် လျာထားပါကြောင်း ကြေညာသည်။



ပြည်ထောင်စုဝန်ကြီး
ဦးကျော်တင်



ပြည်ထောင်စုဝန်ကြီး
ဦးသန့်စင်မောင်



ပြည်ထောင်စုဝန်ကြီး
ဦးသိန်းဆွေ



ဒုတိယဝန်ကြီး
ဦးမောင်မောင်ဝင်း

ဆက်လက်၍ နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ရန်ကုန်မြို့တော် ရေဖူလုံရေးစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရန် အာရှဖွံ့ဖြိုးရေးဘဏ် (ADB) ထံမှ အမေရိကန်ဒေါ်လာ သန်း ၁၈၀ ချေးငွေရယူရေးနှင့် စပ်လျဉ်း၍ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က ယင်းချေးငွေရယူရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်းနှင့် ဇူလိုင် ၂၂ ရက်တွင် ဆွေးနွေးရန်လျာထားပါကြောင်း ကြေညာသည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှပေးပို့ထားသော ကျေးလက်ဒေသလျှပ်စစ်ဓာတ်အားရရှိမှုမြှင့်တင်ရေး စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်ရန် အာရှဖွံ့ဖြိုးရေးဘဏ် (ADB) ထံမှ အမေရိကန်ဒေါ်လာ ၁၇၁ ဒသမ ၂၇ သန်း ချေးငွေရယူရေးနှင့် စပ်လျဉ်း၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းနှင့် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းတို့က လွှတ်တော်သို့ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က ယင်းချေးငွေရယူရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်းနှင့် ဇူလိုင် ၂၄ ရက်တွင် ဆွေးနွေးရန် လျာထားပါကြောင်း ကြေညာသည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှပေးပို့ထားသော အလုပ်အကိုင်လောကတွင် အကြမ်းဖက်မှုနှင့် နှောင့်ယှက်မှုပပျောက်ရေးဆိုင်ရာ ပြဋ္ဌာန်းချက်အမှတ်–၁၉၀ (၂၀၁၉) နှင့် တိုက်တွန်းချက်အမှတ် – ၂၀၆ (၂၀၁၉)တို့ကို မှတ်တမ်းတင်နိုင်ရေးကိစ္စနှင့် စပ်လျဉ်း၍ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယက က ယင်းကိစ္စနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်းနှင့် ဇူလိုင် ၂၄ ရက်တွင် ဆွေးနွေးရန် လျာထားပါကြောင်း ကြေညာသည်။

## ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့သော ၂၀၁၉ – ၂၀၂၀ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများ၏ ပထမ ၆ လပတ် အခွန်ရငွေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြ

ထို့နောက် ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့သော ၂၀၁၉ – ၂၀၂၀ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများ၏ ပထမ ၆ လပတ် အခွန်ရငွေများနှင့် စပ်လျဉ်း၍ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီဝင် ဦးမျိုးဝင်း က အဆိုပါ အခွန်ရငွေများနှင့် စပ်လျဉ်း၍ ကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ (၇/၂၀၂၀)ကိုဖတ်ကြားတင်ပြ၍ လွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယက က ယင်းအစီရင်ခံစာနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၄ နည်းဥပဒေခွဲ(ဃ)၊ (င) တို့နှင့်အညီ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

## နိုင်ငံတော်သမ္မတ၏ ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်အမှတ် (၁/၂၀၂၀) ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေဆိုင်ရာအမိန့်နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေး

ထို့နောက် နိုင်ငံတော်သမ္မတ၏ ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်အမှတ် (၁/၂၀၂၀) ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေဆိုင်ရာအမိန့်နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

လှိုင်းဘွဲ့ မဲဆန္ဒနယ်မှ ဦးခင်ချို က နိုင်ငံတော်သမ္မတ၏ (၁/၂၀၂၀) အမိန့်သည် COVID-19 ကြောင့် ဖြစ်ပေါ်လာသည့် စီးပွားရေးလုပ်ငန်းများ တုံ့နှေးရပ်ဆိုင်းနေမှုများကို အထောက်အကူပြုနိုင်ရန်နှင့် အလုပ်လက်မဲ့ပြဿနာ တိုးတက်လာမှုအန္တရာယ်ကို ကာကွယ်ရန် ရည်ရွယ်ချက်ဖြင့် ထုတ်ပြန်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ထို့ကြောင့် မူလရည်ရွယ်ချက်၊ ရည်မှန်းချက်များ ပြည့်ဝစေရေးအတွက် ဥပဒေကဲ့သို့ အာဏာတည်သည့် အမိန့်နှင့် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် (၆၅ /၂၀၂၀) ပါ သတ်မှတ်ချက်များ၏ လိုအပ်ချက်၊ အားနည်းချက်များကို သေချာစွာ ပြန်လည်ဆန်းစစ်ပြီး လုပ်ငန်းရှင်များ၏ လုပ်ငန်းလည်ပတ်မှု အထောက်အကူပြုလာနိုင်စေရေး၊ မမှန်မကန်ဆောင်ရွက်မှုများကို တားဆီးနိုင်စေရေးနှင့် အလုပ်လက်မဲ့ ပြဿနာများ ဖြေရှင်းဆောင်ရွက်နိုင်စေရေးတို့အတွက် ပြင်ဆင်သင့်၊ ဖြည့်စွက်သင့်သည်များကို ပြန်လည်ဆောင်ရွက်ပေးရန်လိုအပ်ပါကြောင်း အကြံပြုဆွေးနွေးသည်။

ယင်းဥပဒေဆိုင်ရာအမိန့်နှင့် စပ်လျဉ်း၍ ချောက်မဲဆန္ဒနယ်မှ ဦးဘိုကြီး၊ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူး ရဲနိုင်လွင်၊ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူး ရဲတင့်အောင်နှင့် မော်လိုက်မဲဆန္ဒနယ်မှ ဒေါ်ချိုချိုဝင်းတို့က ဆက်လက်ဆွေးနွေးကြသည်။

ယင်းနောက် ၂၀၁၈ – ၂၀၁၉ခု၊ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်းနှစ်ပတ်လည် အစီရင်ခံစာနှင့် ၎င်းအပေါ် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ (၄/၂၀၂၀) တို့နှင့် စပ်လျဉ်း၍ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၁) မှ ဒေါက်တာခွန်ဝင်းသောင်း၊ လှိုင်းဘွဲ့ မဲဆန္ဒနယ်မှ ဦးခင်ချို၊ ဧရာဝတီတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ် (၅) မှ ဦးမောင်မောင်အုန်းနှင့် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၅) မှ ဒေါက်တာတင်တင်ဝင်းတို့က ဆွေးနွေးကြသည်။

ထို့နောက် ၂၀၁၈ – ၂၀၁၉ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဘဏ္ဍာငွေအရအသုံးဆိုင်ရာ နှစ်ပတ်လည်အစီရင်ခံစာနှင့် ၎င်းအပေါ် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ (၅/၂၀၂၀) တို့နှင့် စပ်လျဉ်း၍ လှိုင်းဘွဲ့ မဲဆန္ဒနယ်မှ ဦးခင်ချိုနှင့် ချောက်မဲဆန္ဒနယ်မှ ဦးဘိုကြီးတို့က ဆွေးနွေးကြသည်။

ချောက်မဲဆန္ဒနယ်မှ ဦးဘိုကြီး က ယခုပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာ နှစ်ပတ်လည်အစီရင်ခံစာတင်ပြသည့်အခါတွင် တာဝန်ရှိသူများအနေဖြင့် ယခုထက်ပိုမို စိစစ်ပြီး ပြည့်စုံစွာ တင်ပြစေလိုပါကြောင်း၊ သဘောထားမှတ်ချက်တင်ပြအစီရင်ခံသည့်အခါ စီးပွားရေးလုပ်ငန်းအချို့ကို ကွင်းဆင်းလေ့လာစိစစ်ပြီး ဌာနများ၏ အားသာချက်၊ အားနည်းချက်များ၊ တာဝန်ယူမှု၊ တာဝန်ခံမှုများကို ဖော်ထုတ်တင်ပြပေးကာ အားနည်းချက်များ ထပ်မံမဖြစ်စေရန် မည်ကဲ့သို့ ဆောင်ရွက်သင့်ကြောင်း ပြည်ထောင်စုလွှတ်တော်မှ အစိုးရအဖွဲ့သို့ အကြံပြုသုံးသပ်ချက်များ ဖော်ပြပေးပါက ပိုမိုထိရောက် ကောင်းမွန်မည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၇) ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့ကို ဇူလိုင် ၁၇ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်၊ အေးအေးသန့်**

## နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်

**နေပြည်တော် ဇူလိုင် ၁၆**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ရှစ်ပေခန့်ရှိနိုင်သည်။ ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားနည်းနေသည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေ အားနည်းမည်။ **မိုး/ဇလ**

# တရားလွှတ်တော်ရှေ့နေများကောင်စီ အသိပေးကြေညာခြင်း

## တရားလွှတ်တော်ရှေ့နေများကောင်စီ အသိပေးကြေညာခြင်း

၁။ တရားလွှတ်တော်ရှေ့နေများကောင်စီသည် တရားလွှတ်တော်ရှေ့နေများကောင်စီ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ လုပ်ထုံးလုပ်နည်းအပိုဒ် ၁၄ အရ ကောင်စီဝင်လောင်းအပြီးသတ် အမည်စာရင်း၊ ပုံစံ(၈) ကို ၁၆-၇-၂၀၂၀ ရက်နေ့တွင် ကြေညာခဲ့ပြီးဖြစ်ပါသည်။

၂။ တရားလွှတ်တော်ရှေ့နေများကောင်စီ ရွေးကောက်ပွဲတွင် အောက်ပါ တရားလွှတ်တော်ရှေ့နေများ ရွေးကောက်ခံမည်ဖြစ်ပါသည်-

| စဉ် | တရားလွှတ်တော်ရှေ့နေအမည် | တရားလွှတ်တော်ရှေ့နေလိုင်စင်အမှတ် |
|---|---|---|
| ၁ | ဦးမြသိန်း | စဉ် - ၉၇၃ |
| ၂ | ဦးဉာဏ်ဝင်း | စဉ် - ၁၂၀၃ |
| ၃ | ဦးဝင်းလှိုင် | စဉ် - ၁၄၈၄ |
| ၄ | ဦးစိုးတင့်ရည် | စဉ် - ၁၄၈၇ |
| ၅ | ဦးကြည်ဝင်း | စဉ် - ၁၅၀၆ |
| ၆ | ဒေါ်မြင့်မြင့်သန်း | စဉ် - ၁၆၇၀ |
| ၇ | ဦးအောင်ထွန်း | စဉ် - ၁၆၉၀ |
| ၈ | ဦးဘုန်းမြင့် | စဉ် - ၁၇၃၆ |
| ၉ | ဦးစိုင်းမြင့်မောင် | စဉ် - ၁၇၆၀ |
| ၁၀ | ဦးစိန်မြင့် | စဉ် - ၁၇၆၃ |
| ၁၁ | ဦးခင်မောင်သန်း | စဉ် - ၁၇၈၄ |
| ၁၂ | ဦးသိဏ်းချမ်း | စဉ် - ၁၈၃၀ |
| ၁၃ | ဦးကျော်ဟိုး | စဉ် - ၁၉၃၃ |
| ၁၄ | ဦးတက်ဝင်းမြိုင် | စဉ် - ၁၉၅၃ |
| ၁၅ | ဦးလှိုင်ထွဏ်း | စဉ် - ၂၀၃၁ |
| ၁၆ | ဦးနေလ | စဉ် - ၂၀၆၂ |
| ၁၇ | ဦးမင်းအောင် | စဉ် - ၂၁၄၃ |
| ၁၈ | ဒေါ်မိမိခင် | စဉ် - ၂၁၄၅ |
| ၁၉ | ဦးအောင်စိုး | စဉ် - ၂၁၈၂ |
| ၂၀ | ဒေါ်တင်ဝင်း | စဉ် - ၂၁၉၄ |
| ၂၁ | ဦးမြင့်ဆွေ | စဉ် - ၂၂၁၂ |
| ၂၂ | ဦးအောင်ကျော်ဖြိုး | စဉ် - ၂၂၆၄ |
| ၂၃ | ဦးမောင်မောင်စိုး | စဉ် - ၂၂၈၉ |
| ၂၄ | ဒေါ်မေဘယ်(လ်) | စဉ် - ၂၃၃၉ |
| ၂၅ | ဦးစိန်ဝင်းချမ်း | စဉ် - ၂၃၄၄ |
| ၂၆ | ဦးရောဘတ်စန်းအောင် | စဉ် - ၂၄၆၉ |
| ၂၇ | ဒေါ်မြမြသန်း | စဉ် - ၂၄၉၅ |
| ၂၈ | ဒေါ်ခင်နုသာ | စဉ် - ၂၅၂၃ |
| ၂၉ | ဦးတင်နု | စဉ် - ၂၆၅၉ |
| ၃၀ | ဦးအောင်သိန်း | စဉ် - ၂၇၀၃ |
| ၃၁ | ဦးစန်းလွင် | စဉ် - ၂၇၁၇ |
| ၃၂ | ဦးဝမ်းမောင် | စဉ် - ၂၇၉၆ |
| ၃၃ | ဦးချစ်ကိုကို | စဉ် - ၂၈၀၃ |
| ၃၄ | ဦးညွန့်ရှိန် | စဉ် - ၂၈၀၄ |
| ၃၅ | ဦးနေဝင်း | စဉ် - ၂၈၀၆ |
| ၃၆ | ဦးဘောမ်မိုင် | စဉ် - ၂၉၁၆ |
| ၃၇ | ဦးကျော်ဝင်း | စဉ် - ၂၉၈၂ |
| ၃၈ | ဦးဖေတင် | စဉ် - ၃၀၃၃ |
| ၃၉ | ဦးစန်းလွင် | စဉ် - ၃၀၅၆ |
| ၄၀ | ဦးကျော်မြင့်ထူး | စဉ် - ၃၁၇၂ |
| ၄၁ | ဒေါ်သင်းသင်းနိုင် | စဉ် - ၃၁၇၆ |
| ၄၂ | ဦးစောထွန်းစိန် | စဉ် - ၃၃၂၀ |
| ၄၃ | ဦးသန်းဝင်း | စဉ် - ၃၄၄၇ |
| ၄၄ | ဒေါ်ဆွေဆွေငြိမ်း | စဉ် - ၃၅၃၀ |
| ၄၅ | ဦးကျော်ညွန့် | စဉ် - ၃၅၈၉ |
| ၄၆ | ဦးစိန်မြင့် | စဉ် - ၃၆၄၈ |
| ၄၇ | ဦးကိုကိုလေး | စဉ် - ၃၆၇၂ |
| ၄၈ | ဦးသန်းအေး | စဉ် - ၃၆၈၂ |
| ၄၉ | ဦးသိန်းသန်းဦး | စဉ် - ၃၆၉၅ |
| ၅၀ | ဒေါ်ဖြူဖြူ | စဉ် - ၃၈၃၇ |
| ၅၁ | ဦးသန်းထွန်း | စဉ် - ၃၈၆၄ |
| ၅၂ | ဦးအောင်ဇင် | စဉ် - ၃၈၆၈ |
| ၅၃ | ဦးချစ်တင် | စဉ် - ၃၉၂၆ |
| ၅၄ | ဦးအောင်ချို | စဉ် - ၄၀၁၃ |
| ၅၅ | ဦးခင်မောင်ဇော် | စဉ် - ၄၀၆၀ |
| ၅၆ | ဦးတင်အေး | စဉ် - ၄၁၂၅ |
| ၅၇ | ဦးတင်အောင်ဝင်း | စဉ် - ၄၁၂၆ |
| ၅၈ | ဦးအောင်မြင့် | စဉ် - ၄၁၄၇ |
| ၅၉ | ဦးခင်မောင်စီ | စဉ် - ၄၂၀၁ |
| ၆၀ | ဦးကျော်သိန်း | စဉ် - ၄၂၇၈ |
| ၆၁ | ဦးသိန်းရွှေ | စဉ် - ၄၃၂၄ |
| ၆၂ | ဒေါ်မြင့်မြင့်မော် | စဉ် - ၄၄၃၈ |
| ၆၃ | ဒေါ်စန္ဒာသိန်း | စဉ် - ၄၄၉၂ |
| ၆၄ | ဦးဆွေဦး | စဉ် - ၄၅၀၃ |
| ၆၅ | ဦးသက်ဆွေ | စဉ် - ၄၅၁၁ |
| ၆၆ | ဒေါ်စန်းရီ | စဉ် - ၄၆၆၇ |
| ၆၇ | ဦးစိုးသိန်း | စဉ် - ၄၇၀၁ |
| ၆၈ | ဦးလှထွန်းရွှေ | စဉ် - ၄၈၀၆ |
| ၆၉ | ဦးမြင့်အောင် | စဉ် - ၄၉၀၈ |
| ၇၀ | ဦးဝင်းဖေ | စဉ် - ၅၀၄၂ |
| ၇၁ | ဦးထိန်လင်း | စဉ် - ၅၀၇၂ |
| ၇၂ | ဦးအောင်ကျော်မင်း | စဉ် - ၅၁၁၈ |
| ၇၃ | ဦးဘရန်ဒီး | စဉ် - ၅၁၄၁ |
| ၇၄ | ဦးစိုးစိုးသိဏ်း | စဉ် - ၅၁၉၆ |
| ၇၅ | ဦးစိန်လှ | စဉ် - ၅၂၀၁ |
| ၇၆ | ဦးလှိုင်မြင့် | စဉ် - ၅၃၂၆ |
| ၇၇ | ဦးနေဝင်း | စဉ် - ၅၃၈၂ |
| ၇၈ | ဒေါ်ခင်အေးမူ | စဉ် - ၅၃၉၇ |
| ၇၉ | ဒေါ်သန်းသန်းလွင် | စဉ် - ၅၄၁၇ |
| ၈၀ | ဦးမှတ်ရှင် | စဉ် - ၅၄၇၆ |
| ၈၁ | ဦးသိန်းဆွေ | စဉ် - ၅၅၃၁ |
| ၈၂ | ဦးအေးသိန်း | စဉ် - ၅၅၉၂ |
| ၈၃ | ဦးငွေငြိမ်း | စဉ် - ၅၆၀၃ |
| ၈၄ | ဒေါ်သိန်းသိန်းမြင့် | စဉ် - ၅၆၂၄ |
| ၈၅ | ဦးစိန်ဝင်း | စဉ် - ၅၆၃၅ |
| ၈၆ | ဦးသိန်းဝင်း | စဉ် - ၅၆၇၂ |
| ၈၇ | ဦးကျော်ထွေး | စဉ် - ၅၇၁၄ |
| ၈၈ | ဦးကြီးမြင့် | စဉ် - ၅၇၁၅ |
| ၈၉ | ဦးမောင်ပု(ခ)ဦးကျော်ဝင်း | စဉ် - ၅၇၉၄ |
| ၉၀ | ဦးဇော်မင်း(ခ)အဲလ်ဘတ်ဇော်မင်း | စဉ် - ၅၈၆၁ |
| ၉၁ | ဒေါ်လွင်မာဦး | စဉ် - ၅၉၆၆ |
| ၉၂ | ဦးလွင်ဦးမောင် | စဉ် - ၅၉၆၇ |
| ၉၃ | ဦးသန်းမြင့် | စဉ် - ၆၀၈၅ |
| ၉၄ | ဦးဝင်းထိန် | စဉ် - ၆၁၀၇ |
| ၉၅ | ဦးအေးလွင် | စဉ် - ၆၁၆၄ |
| ၉၆ | ဦးအောင်သိန်း | စဉ် - ၆၁၉၇ |
| ၉၇ | ဦးဝင်းမြင့် | စဉ် - ၆၂၄၇ |
| ၉၈ | ဦးခင်မောင်စန်း | စဉ် - ၆၂၆၀ |
| ၉၉ | ဒေါ်မိမိနိုင် | စဉ် - ၆၃၄၀ |
| ၁၀၀ | ဒေါ်အနီမာခင်ခင်(ခ)ဒေါ်ခင်ခင် | စဉ် - ၆၃၆၀ |
| ၁၀၁ | ဒေါ်ခင်မူမူမြင့် | စဉ် - ၆၆၂၀ |
| ၁၀၂ | ဦးမြင့်အောင် | စဉ် - ၆၇၄၂ |
| ၁၀၃ | ဦးလှကို | စဉ် - ၆၈၁၀ |
| ၁၀၄ | ဦးယုတင် | စဉ် - ၆၉၆၄ |
| ၁၀၅ | ဦးသောင်းရှိန် | စဉ် - ၇၀၁၉ |
| ၁၀၆ | ဦးသိန်းဝင်း | စဉ် - ၇၀၂၆ |
| ၁၀၇ | ဒေါ်စိုးစိုးမော် | စဉ် - ၇၀၃၆ |
| ၁၀၈ | ဦးမင်းမောင်(ခ)ဦးကြည်ထွေး | စဉ် - ၇၀၇၁ |
| ၁၀၉ | ဦးခင်မောင်သင်း | စဉ် - ၇၀၉၅ |
| ၁၁၀ | ဒေါ်ချယ်ရီ | စဉ် - ၇၁၄၃ |

၃။ ကောင်စီဝင်လောင်းနှင့်စပ်လျဉ်းသည့် အချက်အလက်များကို ပြည်ထောင်စုရှေ့နေချုပ်ရုံး Website-www.oag.gov.mm တွင် ဖော်ပြထားပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**အတွင်းရေးမှူး**
**တရားလွှတ်တော်ရှေ့နေများကောင်စီ**

## (၇၃)နှစ်မြောက် အာဇာနည်နေ့တွင် အာဇာနည်ဗိမာန်သို့ လာရောက်ဂါရဝပြုကြမည့် မိဘပြည်သူများအား ကြိုတင်အသိပေးအကြောင်းကြားခြင်း

(၇၃) နှစ်မြောက် အာဇာနည်နေ့တွင် အာဇာနည်ဗိမာန်သို့ လာရောက်ဂါရဝပြုကြမည့် မိဘပြည်သူများအနေဖြင့် အောက်ပါအချက်များ ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း ကြိုတင်အသိပေးအပ်ပါသည်-

(က) လက်ကိုင်ဖုန်းအမျိုးမျိုး၊ အလံအမျိုးမျိုး၊ လက်ကိုင်အိတ်အမျိုးမျိုး၊ ကင်မရာအမျိုးမျိုး၊ မီးခြစ်အမျိုးမျိုး၊ ပန်းခွေ/ပန်းစည်း/ပန်းခြင်းအမျိုးမျိုး၊ ဗီနိုင်းစအမျိုးမျိုး၊ ပုလင်း/ ဘူး အမျိုးမျိုး၊ အလံကိုင်ဆောင်ရာတွင် အသုံးပြုသည့် တုတ်နှင့် ကော်ပိုက်/သံပိုက်များ ယူဆောင်၍ အာဇာနည်ဗိမာန်အတွင်းသို့ ဝင်ရောက်ခွင့် မပြုပါ။

(ခ) အာဇာနည်ဗိမာန်သို့ ဝင်ရောက်ရာလမ်းဖြစ်သော လင့်လမ်းနှင့် အနောက်ရွှေဂုံတိုင် လမ်းဆုံတို့တွင် COVID-19 ရောဂါကာကွယ်ရေးအတွက် ကိုယ်အပူချိန်တိုင်းတာစစ်ဆေးခြင်း ပြုလုပ်သွားမည်ဖြစ်ပြီး ရောဂါဖြစ်ပွားသူတွေ့ရှိပါက Contact Person ဆက်စပ်စုံစမ်းနိုင်ရေးအတွက် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ နေရပ်လိပ်စာ၊ တယ်လီဖုန်းနံပါတ်များ ပြည့်စုံမှန်ကန်စွာ စာရင်းပေးရမည်ဖြစ်ပါသည်။

(ဂ) ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ COVID-19 ရောဂါကာကွယ်ရေးအတွက် Social Distancing အရ သတ်မှတ်ထားသော (၆)ပေ အကွာအဝေးအတိုင်း အာဇာနည်ဗိမာန်အတွင်းသို့ တန်းစီဝင်ရောက်ရမည်ဖြစ်ပြီး အာဇာနည်ဗိမာန်ရင်ပြင်တွင်လည်း တစ်ကြိမ်လျှင် (၁၂)ဦးခန့်သာ ဂါရဝပြုခွင့်ပေးမည်ဖြစ်ပါသည်။

(ဃ) အာဇာနည်ခေါင်းဆောင်ကြီးများအား ဂါရဝပြု မှုပြီးဆုံးပါက သတ်မှတ်ပေးထားသော လမ်းကြောင်းအတိုင်း အာဇာနည်ဗိမာန်ဝင်းအတွင်းမှ ပြန်လည်ထွက်ခွာရမည်ဖြစ်ပြီး သွားလာခွင့်မပြုထားသည့်နေရာများအား သွားရောက်ခွင့်ပြုမည် မဟုတ်ပါ။





(င) အာဇာနည်ဗိမာန်ဝင်းအတွင်းမှ ပြန်လည်ထွက်ခွာပြီးပါက အာဇာနည်လမ်းအတိုင်း ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်နှင့် ရွှေတိဂုံဘုရားတောင်ဘက်မုခ်ဘက်သို့ ပြန်လည်ထွက်ခွာရမည်ဖြစ်ပါသည်။

(စ) အများပြည်သူလုံခြုံရေးအတွက် လုံခြုံရေးတပ်ဖွဲ့များမှ စစ်ဆေးခြင်းကို ကြည်ဖြူစွာ ခံယူပြီး မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့၊ ကျန်းမာရေးဝန်ထမ်းများနှင့် လူမှုကူညီရေးပရဟိတအဖွဲ့များ၏ လမ်းညွှန်မှုအတိုင်း လိုက်နာဆောင်ရွက်ရန်ဖြစ်ပါသည်။

**(၇၃)နှစ်မြောက် အာဇာနည်နေ့အခမ်းအနား ကျင်းပရေး**
**စည်းကမ်းထိန်းသိမ်းရေးကော်မတီ**

## ချင်းရွှေဟော် မြန်မာ-တရုတ်နှစ်နိုင်ငံ နယ်စပ်ဂိတ်မှ နေရပ်ပြန်ပြည်သူ ၃၈ ဦး ထပ်မံဝင်ရောက်

**ချင်းရွှေဟော် ဇူလိုင် ၁၆**

တရုတ်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသား နေရပ်ပြန်ပြည်သူများသည် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နယ် ချင်းရွှေဟော်မြို့ မြန်မာ-တရုတ် နှစ်နိုင်ငံ နယ်စပ်ဂိတ်ပေါက်မှ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ဇူလိုင် ၁၅ ရက် ညနေ ၆ နာရီက ၂၈ ဦးနှင့် ယနေ့ မွန်းလွဲ ၃ နာရီတွင် ၁၀ ဦး စုစုပေါင်း နေရပ်ပြန်ပြည်သူ ၃၈ ဦး ထပ်မံဝင်ရောက်လာကြောင်း သိရသည်။

အဆိုပါဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူ ၃၈ ဦးတို့မှာ အမျိုးသား ၂၄ ဦး၊ အမျိုးသမီး ၁၄ ဦးတို့ဖြစ်ပြီး မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ်မှ တစ်ဦး၊ မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်မှ တစ်ဦး၊ စစ်ကိုင်းတိုင်းဒေသကြီး ကနီမြို့နယ်မှ နှစ်ဦး၊ ဘုတလင်မြို့နယ်မှ လေးဦး၊ ဒီပဲယင်းမြို့နယ်မှ နှစ်ဦးနှင့် ရှမ်းပြည်နယ်မြောက်ပိုင်းအတွင်းရှိ မြို့နယ်များမှ ၂၈ ဦးတို့ဖြစ်ကြောင်း သိရသည်။

ထိုသို့ ချင်းရွှေဟော်နယ်စပ်ဂိတ်မှ ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူများအား ချင်းရွှေဟော်မြို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ မြို့အုပ်ချုပ်ရေးမှူး ဦးသက်ဦးပိုင်နှင့် ကော်မတီအဖွဲ့ဝင်များက သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်များသို့ စနစ်တကျ စီစဉ်လွှဲပြောင်းပို့ဆောင်ပေးလျက်ရှိရာ မေ ၃၀ ရက်မှ ယနေ့အထိ အမျိုးသား ၇၃၄၇ ဦးနှင့် အမျိုးသမီး ၅၉၃၀ တို့ဖြစ်ပြီး စုစုပေါင်း နေရပ်ပြန်ပြည်သူ ၁၃၂၇၇ ဦးတို့ကို လွှဲပြောင်းပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

၎င်း နေရပ်ပြန်ပြည်သူများသည် တရုတ်နိုင်ငံတွင် အထပ်သားစက်ရုံ၊ အုတ်စက်နှင့် အခြားစိုက်ပျိုးသီးနှံလုပ်ငန်းများတွင် သွားရောက်အလုပ်လုပ်ကိုင်နေကြသည့်သူများဖြစ်ကြောင်း သိရသည်။

**ဇင်ဇင်(ပြန်/ဆက်)**

# (၇၃)နှစ်မြောက် အာဇာနည်နေ့ အတွက် အတွင်းဝန်ရုံးဟောင်း (ယခင်ဝန်ကြီး များရုံး)တွင် ပြသထားသည့် ပြကွက်များ



ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ်ရှိ အတွင်းဝန်ရုံးဟောင်း(ယခင်ဝန်ကြီးများရုံး) အဆောက်အဦကို တွေ့ရစဉ်။



လွတ်လပ်ရေးရသည့်နေ့တွင် ယူနီယံဂျက်အလံ ဖြုတ်ချ၍ မြန်မာနိုင်ငံတော်အလံကို ပြန်လည်လွှင့်တင်သည့် အလံတိုင်နေရာနှင့် တိုင်းပြုပြည်ပြုလွှတ်တော်ကျင်းပရာ သမိုင်းဝင်အဆောက်အဦကို တွေ့ရစဉ်။



ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီး ကိုးဦး၏ ရုပ်တုကြီးများ ပြကွက်ကို တွေ့ရစဉ်။

**ရန်ကုန် ဇူလိုင် ၁၆**

ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ နိုင်ငံ့ခေါင်းဆောင်များ ရန်ကုန်မြို့ရှိ အတွင်းဝန်ရုံးဟောင်း (ယခင်ဝန်ကြီးများရုံး)၌ အစည်းအဝေးကျင်းပနေစဉ် ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက် စနေနေ့ နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် လုပ်ကြံခြင်းခံခဲ့ရပြီး ဗိုလ်ချုပ်နှင့်အတူ သခင်မြ၊ ဒီးဒုတ်ဦးဘချို၊ ဦးဘဝင်း၊ မိုင်းပွန်စော်ဘွားစဝ်စံထွန်း၊ မန်းဘခိုင်၊ ဦးရာဇတ်၊ ဦးအုန်းမောင်နှင့် ရဲဘော်ကိုထွေးတို့ ကျဆုံးခဲ့ရသောကြောင့် ယင်းနေ့ကို အာဇာနည်နေ့အဖြစ် သတ်မှတ်ခဲ့သည်။

ထိုနေ့သည် မြန်မာနိုင်ငံသူ၊ နိုင်ငံသားများအတွက် အစားထိုး၍ ပြန်လည်မရနိုင်သည့် ဆုံးရှုံးမှုတစ်ရပ်ဖြစ်သည်။ ၂၀၁၅ ခုနှစ်မှစတင်၍ အာဇာနည်နေ့ရောက်တိုင်း အတွင်းဝန်ရုံးဟောင်း (ယခင်ဝန်ကြီးများရုံး)ကို ဇူလိုင်လ ၁၉၊ ၂၀၊ ၂၁ ရက်များတွင် ဖွင့်လှစ်ပြသခဲ့ရာ အများပြည်သူများ လာရောက်ကြည့်ရှုခွင့် ရခဲ့သော်လည်း ယခုအခါ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကာလဖြစ်သောကြောင့် အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့သည့်အခန်းနှင့် တိုင်းပြုပြည်ပြုလွှတ်တော်အစည်းအဝေးခန်းမတို့ကို ဖွင့်လှစ်ပြသခြင်း မပြုတော့ကြောင်း သိရသည်။

သို့ဖြစ်၍ အတွင်းဝန်ရုံးဟောင်း (ယခင်ဝန်ကြီးများရုံး)တွင် ပြသထားသော သမိုင်းဝင်နေရာများ၊ သမိုင်းဝင်ဓာတ်ပုံမှတ်တမ်းများ၊ စာရွက်စာတမ်းများပြကွက်များကို ပြည်သူများ သိရှိစေနိုင်ရန် သွားရောက်လေ့လာတင်ပြလိုက်ရပါသည်။





တိုင်းပြုပြည်ပြုလွှတ်တော်ကျင်းပရာ အဆောက်အဦအတွင်း ပြသထားသော မြန်မာပြည်နှင့်ပတ်သက်၍ အိန္ဒိယနိုင်ငံ ပြုပြင်အုပ်ချုပ်ရေး တွဲဖက်ကော်မတီ၏ အစီရင်ခံစာအကျဉ်းချုပ်ပြကွက်ကို တွေ့ရစဉ်။

အတွင်းဝန်ရုံးကို အနော်မာအနုပညာအုပ်စုကုမ္ပဏီက ပြုပြင်ထိန်းသိမ်းစောင့်ရှောက်ခွင့်ရရှိခဲ့ရာ ယခုဆိုလျှင် အတွင်းဝန်ရုံးသည် ခံ့ညားထည်ဝါလျက်ရှိသည်။ အတွင်းဘက်သို့ ဝင်ရောက်လျှင် ပထမဦးဆုံးတွေ့မြင်ရသည်က မြန်မာနိုင်ငံလွတ်လပ်ရေးရရှိသည့် ၁၉၄၈ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ယခင် ယူနီယံဂျက်အလံအားဖြုတ်ချ၍ နိုင်ငံတော်အလံကို လွှင့်တင်ခဲ့သည့် သမိုင်းဝင် အထင်ကရနေရာကို တွေ့မြင်ရမည်ဖြစ်ပြီး ၎င်းနေရာ၌ အာဇာနည်ခေါင်းဆောင်ကြီးများ၏ သမိုင်းဝင် မော်ကွန်းကျောက်စာတိုင်ကို တွေ့မြင်ရမည်ဖြစ်သည်။ ကျောက်စာတိုင်တွင် အာဇာနည်ခေါင်းဆောင်ကြီးများ၏ နာမည်နှင့် ကျဆုံးခဲ့သည့်အချိန်ကို ကမ္ပည်းရေးထိုးထားပါသည်။

တိုင်းပြုပြည်ပြုလွှတ်တော် ပါလီမန်သမိုင်းဝင်ကျင်းပရာ အဆောက်အဦအတွင်း၌ ယူနီယံဂျက်အလံပြကွက်၊ ယူနီယံဂျက်အလံနှင့် ကဒေါင်းပြကွက်၊ ကြယ်ငါးပွင့် အလံပြကွက်၊ လွှတ်တော်ရေးကြေညာစာတမ်း၊ သမိုင်းဝင်စာရွက်စာတမ်းပြကွက်၊ ရန္တပိုစာချုပ် စာရွက်စာတမ်းပြကွက်၊ ကင်းဝန်မင်းကြီးနှင့် သမိုင်းဝင်စာရွက်စာတမ်းပြကွက်၊ ပင်လုံစာချုပ် စာရွက်စာတမ်းပြကွက်၊ သမိုင်းဝင်တံဆိပ်တော်များနှင့် စာရွက်စာတမ်းများပြကွက်၊ မြန်မာပြည်နှင့် ပတ်သက်၍ အိန္ဒိယနိုင်ငံ ပြုပြင်အုပ်ချုပ်ရေးတွဲဖက်ကော်မတီ၏ အစီရင်ခံစာအကျဉ်းချုပ်ပြကွက်၊ နု - အက်တလီစာချုပ် စာရွက်စာတမ်းပြကွက်တို့ကို တွေ့မြင်ရမည်ဖြစ်သည်။

တိုင်းပြုပြည်ပြုလွှတ်တော် ပါလီမန်သမိုင်းဝင်ခန်းမကြီးကို တွေ့မြင်ရမည်ဖြစ်ကာ ၎င်းခန်းမကြီး၌ တိုင်းပြုပြည်ပြုလွှတ်တော် အဆောင်အယောင်များနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ၏ ရုပ်တုကြီးများ ထုလုပ်ကာ ကိုယ်ရေးအကျဉ်းများ ရေးသားထားသည့် ပြကွက်ကို ပြသထားပြီး ၎င်းဘေးခန်း၌ ယခင်အတွင်းဝန်များရုံး သတင်းစာမှတ်တမ်းများပြကွက်နှင့် ပထမမြောက် မြန်မာနိုင်ငံ၏ သမ္မတ ညောင်ရွှေ စော်ဘွားစဝ်ရွှေသိုက်၊ ဒုတိယမြောက် မြန်မာနိုင်ငံ၏ သမ္မတ ဒေါက်တာဘဦး၊ တတိယမြောက် မြန်မာနိုင်ငံ၏ သမ္မတ မန်းဝင်းမောင်နှင့် မြန်မာနိုင်ငံ၏ ပထမဆုံး ဝန်ကြီးချုပ်ဦးနုတို့၏ ပုံတူပန်းချီပြကွက်တို့ကို ပြသထားပါကြောင်း တင်ပြလိုက်ရပါသည်။


**သတင်း-ကိုကိုဇော် ၊ ဓာတ်ပုံ-ဇော်မင်းလတ်**



အာဇာနည်ခေါင်းဆောင်ကြီးများ လုပ်ကြံခံရသည့် အစည်းအဝေးခန်းမကို တွေ့ရစဉ်။

# ၁၃ ဇူလိုင်လ ၁၉၄၇ ခုနှစ်တွင် ရန်ကုန်မြို့ မြို့တော်ခန်းမ တိုင်းပြုပြည်ပြု လွှတ်တော်အစည်းအဝေး၌ နောက်ဆုံးပြောကြားသော ဖဆပလဥက္ကဋ္ဌ ဦးအောင်ဆန်း မိန့်ခွန်း ကောက်နုတ်ချက်

**. . . လွှတ်တော်အမတ်တွေရယ်လို့ တိုင်းပြည်က တင်မြှောက်လိုက်တဲ့အခါမှာ အဲဒီလွှတ်တော်အမတ်တွေက လွှတ်တော်အစည်းအဝေးမရှိတဲ့အခါမျိုးမှာ မိမိတို့အားလပ်ချိန်၊ ရသမျှ အချိန်အတောအတွင်းမှာ မိမိတို့ကို ရွေးကောက်တင်မြှောက်လိုက်တဲ့ နယ်ကိုပြန်သွားပြီးတော့ ဒီလွှတ်တော်မှာ ဘာဖြစ်နေတယ်၊ ဘာလုပ်နေတယ်ဆိုတာ အစရှိတဲ့ အခြေအနေ အရပ်ရပ်ကို ကိုယ့်နယ်ကိုပြန်ပြီး အစီရင်ခံတဲ့ ထုံးစံရှိပါတယ်။**



. . . ဒီတော့ ကျွန်တော်တို့ ဖ၊ ဆ၊ ပ၊ လ အဖွဲ့ချုပ်လုပ်တဲ့အလုပ်ဟာ အင်မတန်ရှင်းပါတယ်။ ကျွန်တော်တို့ဟာ တိုင်းပြည်ကို ပြောခဲ့တဲ့အတိုင်း လုံးဝလွတ်လပ်ရေးကို ကျွန်တော်တို့ရအောင် လုပ်မယ်ဆိုတဲ့အတိုင်း အဲဒီလုံးဝ လွတ်လပ်ရေးကို ကျွန်တော်တို့ ဆုံးဖြတ်ပြီးတဲ့နောက် ကျွန်တော်တို့ ဒီတိုင်းပြည်ကို ကြေညာထားတဲ့အတိုင်း တစ်နှစ်အတွင်း လုံးဝလွတ်လပ်ရေးရအောင် လုပ်မယ်ဆိုတာလည်း ကျွန်တော်တို့ လုပ်နေလျက်ပါပဲ။ တစ်နှစ်လည်းပဲ မပြည့်သေးပါဘူး။ တစ်နှစ်စေ့လာတဲ့ အနေမျိုး၊ သို့သော်လည်းပဲ စေ့တယ်၊ ပြည့်တယ်ဆိုတဲ့ သဘောမျိုးကတော့ အလျှော့အပေါ့ နည်းနည်းပါးပါး ပါချင်ပါမယ်။ သို့သော်လည်းပဲ ဘယ်လိုပဲဖြစ်ဖြစ် အဲဒီလိုဖြစ်လာတဲ့ အချိန်အခါမျိုးမှာ တိုင်းပြုပြည်ပြုလွှတ်တော်က ဗမာပြည် ရဲ့ လွတ်လပ်ရေးကိုရအောင် မလုပ်နိုင်သေးဘူးဆိုလို့ရှိရင် ကျွန်တော်တို့ ဟိုအခါမျိုးမှာ ကတိပျက်တယ်လို့ ပြောချင် ပြောမယ်။ သို့သော်လည်းပဲ အဲဒီအချိန်အခါကလည်း မရောက်သေးဘူး။ ကျွန်တော်တို့ကလည်းပဲ အဲဒီအချိန် အခါအထိ လွတ်လပ်ရေးကို အေးအေးချမ်းချမ်းရနိုင်အောင် ကျွန်တော်တို့ ကြိုးစားမယ်။ အဲဒီလိုကြိုးစားမယ်ဆိုပြီး တော့ ကျွန်တော်တို့ လုပ်နေတယ်။ ဒီလိုလုပ်နေတဲ့အတိုင်း ကျွန်တော်တို့ လုပ်တဲ့လုပ်ငန်းဟာ အောင်မြင်သလား၊ မအောင်မြင်ဘူးလားဆိုတာ အခုနေအခါ ဘယ်သူမှ မပြောနိုင်သေးဘူး။ ဘာဖြစ်လို့လဲဆိုရင် အချိန်တွေ လိုပါသေးတယ်။ ကျွန်တော်တို့ လုပ်နေတဲ့လုပ်ငန်းတွေဟာ မပြီးသေးဘူး။ ပြီးလာတဲ့တစ်နေ့ ခင်ဗျားတို့မြင်လာတဲ့တစ်နေ့မှာ ကျွန်တော်တို့ လုပ်ငန်းတွေဟာ အောင်သလား၊ မအောင်ဘူးလား ဆိုတာ ခင်ဗျားတို့ မြင်နိုင်မှာပဲ။

အဲဒီလို မြင်လာတဲ့အခါမှာ ဖ၊ ဆ၊ ပ၊ လ အဖွဲ့ချုပ်ဟာ ဘယ်လိုအဖွဲ့ချုပ်မျိုးလဲ၊ အလုပ်လုပ်တဲ့ နေရာမျိုးမှာ ဘယ်လိုထိရောက်အောင် လုပ်နိုင်သလဲဆိုတာ ခင်ဗျားတို့ မြင်လာမယ်။ အဲဒီတော့ အခုနေအခါမှာ ကျွန်တော် ဘာမှ သိပ်ပြီးတော့ ကြီးကြီးကျယ်ကျယ်တွေ ပြောနေဖို့ မလိုပါဘူး။ အဲဒီတော့ ဖ၊ ဆ၊ ပ၊ လအဖွဲ့ချုပ်က ဘာမှသွေဖည်ပြီးတော့ လုပ်နေတာ မရှိပါဘူး။ ဒီလွတ်လပ်ရေးရအောင်ဆိုပြီး လုပ်နေတာပဲ။ သို့သော်လည်းပဲ အဲဒီလို လွတ်လပ်ရေးရအောင် ကျုပ်တို့က လုပ်တဲ့နေရာမှာ အလွယ်ဆုံး၊ အကောင်းဆုံး၊ အအေးဆုံးနည်းကို ရှာတယ်။ အဲဒီလို ရှာတာကို ကျုပ်တို့ကို ဘာအပြစ်ပြောစရာ ခင်ဗျားတို့ ရှိပါသလဲ၊ အလွယ်ဆုံး၊ အကောင်းဆုံး၊ အအေးဆုံးနည်းတွေနဲ့ ကျွန်တော်တို့ လွတ်လပ်ရေး ရအောင် ရှာတဲ့နေရာမယ် ဘယ်သူတွေက ဘာဖြစ်လို့ ကျုပ်တို့ကို အပြစ်တင်နေရသလဲ၊ အဲဒီတော့ကာ အဲဒီလိုလုပ်နေတဲ့ နေရာမယ် ဒါတွေကို ရှင်းပြနေတဲ့ အထဲကနေပြီးတော့ ကျုပ်တို့ ဖ၊ ဆ၊ ပ၊ လ အဖွဲ့ချုပ်က ဒိုမီနီယံပဲ လက်ခံတော့မလိုလို ဘာလိုလို အစရှိသည်အားဖြင့် တချို့က နေပြီးတော့ ဟိုရေး၊ ဒီရေး၊ ဟိုပြော၊ ဒီပြော ပြောတယ်။

ကျုပ်တို့ ဂရုမစိုက်ပါဘူး။ ခင်ဗျားတို့ တိုင်းပြည်က အဲဒီလိုလူတွေ ပြောတာတွေကို ယုံချင်တယ်ဆိုရင် ခင်ဗျားတို့ ယုံနိုင်တယ်။ အဲဒီတော့ ဒီဒိုမီနီယံကိစ္စနှင့်ပတ်သက်ပြီး ဒိုမီနီယံ ပြောနေကြတဲ့ လူတွေကလည်း နားလည်လို့ ပြောနေကြတာ မဟုတ်ဘူး။ အမှန်စင်စစ်တော့ ကျွန်တော်တို့ ဗမာနိုင်ငံရေးမှာ ကျွန်တော်နည်းနည်း (Brutal Truth) ဆိုမှာပေ့ါ။ တော်တော်ကလေးကိုပဲ ရက်ရက်စက်စက်မှန်တယ်။ သခင်နုကတော့ ကျွန်တော့်ကို ခဏခဏပြောတယ်။ ခင်ဗျား (Painful Truth) သိပ်မပြောပါနဲ့လို့။ (Painful Truth) ဆိုတာ ဘာလဲဆိုရင် မှန်တော့မှန်တယ်။ သို့သော် မှန်လွန်းအားကြီးလို့ မခံနိုင်ဘူး။ အဲဒီလိုဖြစ်တယ်။ သို့ပေမယ့် ဒီတစ်ခါလည်း ကျွန်တော် ပြောရဦးမယ်။ ဘာပြောမလဲဆိုရင် ယခု ကျွန်တော်တို့နိုင်ငံမှာ နိုင်ငံရေးသမားတွေ လုပ်နေကြတယ်။ သတင်းစာဆရာတွေ လုပ်နေကြတယ်။ သူတို့ရေးနေတာ၊ သူတို့၊ သူတို့ပြောနေတာ သူတို့ နားမလည်တဲ့သူတွေ အများကြီးပဲဆိုတာ ခင်ဗျားတို့ သိစေချင်တယ်။ ခံချင်မှာတော့ မဟုတ်ပါဘူးဗျာ့။ ဘာပြုလို့လဲဆိုရင် နားမလည်ဘူး ပြောလိုက်တာကိုး၊ ခံချင်မှာတော့ မဟုတ်ပါဘူးဗျာ့။ သို့သော်လည်းပဲ (It is Painful Truth)အဲဒါ တစ်ခါတည်းကို သွေးထွက်အောင် မခံချင်လောက်အောင် မှန်တယ်၊ မှန်တယ်ဆိုတာ ကျွန်တော်ရဲရဲကြီးပြောရဲတယ်။

အဲဒီတော့ ကိုယ်ပြောနေတာ ကိုယ်ရေးနေတာ ကိုယ်လုပ်နေတာ ဘာမှန်းမသိတဲ့ နိုင်ငံရေးသမားတွေ၊ သတင်းစာဆရာတွေက တော်တော်ကလေးများတယ်။ အဲဒီလိုဖြစ်နေတော့ ကျွန်တော်လည်း နိုင်ငံရေးအကြောင်းနဲ့ ပတ်သက်ပြီး နိုင်ငံရေးဆိုတဲ့ စကားကအစ ကျွန်တော်တစ်ခါတည်း တိုင်းပြည်ကို နောင်အခွင့်သင့်လို့ရှိရင် အပတ်စဉ် အပတ်စဉ် ဖြစ်စေ၊ တစ်ခါတည်း ရက်ဆက်သဘောမျိုးဖြစ်စေ၊ တစ်ခါတည်း အဲဒီလို ရှင်းလင်းပြသွားချင်ပါသေးတယ်။ အဲဒီအခါ ကျရင် နိုင်ငံရေးဆိုတာ ဘာလဲ၊ တော်လှန်ရေးဆိုတာ ဘာလဲ၊ နောက်ပြီးတော့ လွတ်လပ်ရေးဆိုတာ ဘာလဲ၊ ဟိုဟာက ဘာလဲ၊ ဒီဟာက ဘာလဲ၊ အဲဒါတွေ ကျွန်တော်ရှင်းပြချင်တယ်။ ခေါင်းဆောင်မှုဆိုတာ ဘာလဲ၊ အချောင်သမားဆိုတာ ဘာလဲ၊ အဲဒါတွေ ကျွန်တော် ရှင်းချင်တယ်။ သို့ပေမယ့် ဝမ်းထဲမှာတော့ အများကြီးပဲ၊ ပုံနေတာပဲ၊ သို့သော်လည်းပဲ ကျွန်တော့်မှာ အချိန်ကမရတော့ မရှင်းနိုင်တော့ဘူး။ အဲဒီတော့ သတင်းစာထဲ ရေးချင်တာရေး၊ တချို့ပြောချင်တာပြော၊ ကြည့်နေရတာပဲ။ ဘာမှမတတ်နိုင်ဘူး။ ခင်ဗျားတို့ ကြားချင်တာကြားပြီး ထင်ချင်တာ ထင်နေတာပဲဆိုတာလည်း ကျွန်တော် သိပါတယ်။

အဲဒီတော့ ခင်ဗျားတို့ သေသေချာချာ သတိထားကြည့်စေချင်တာက ဒီ ဖ၊ ဆ၊ ပ၊ လ အဖွဲ့ချုပ်ဟာ ဘယ်လို ဖ၊ ဆ၊ ပ၊ လအဖွဲ့ချုပ်လဲဆိုတာ ရာဇဝင်နှင့် ပြန်ကြည့်စေချင်တယ်။ လူတွေကိုလည်း ရာဇဝင်နှင့် ပြန်ကြည့်စေချင်တယ်။ ကျွန်တော်တို့ ဗမာပြည်မှာပေါ်ခဲ့တဲ့ နိုင်ငံရေးအဖွဲ့တွေ၊ နိုင်ငံရေးခေါင်းဆောင်တွေအားလုံး တစ်ယောက်စီ တစ်ယောက်စီ ခင်ဗျားတို့ စိတ်ကူးထဲမှာ စဉ်ပြီး၊ မာတိကာစဉ်ပြီး စဉ်းစားကြည့်စမ်းပါ။ ဘယ်လိုလူစားတွေလဲ၊ ဘယ်လိုအဖွဲ့လဲဆိုတာ။ အဲဒီအခါမှာ အဖြေထွက်လာမယ်။ ယခုအခါမှာ ကျွန်တော်တို့က အစိုးရလုပ်နေတဲ့ အချိန်အခါမျိုးဖြစ်တယ်။ သို့သော်လည်းပဲ ကျွန်တော်တို့က အစိုးရလုပ်နေတဲ့ အချိန်အခါမျိုးမှာဆိုရင် အတိုက်အခံဆိုတာ ရှိစမြဲပါပဲ။

ဘုရားလက်ထက်က ဘုရားကိုယ်တိုင် အတိုက်အခံနှင့် မကင်းလို့ရှိရင်၊ ကျုပ်တို့လည်း မလွတ်ကင်းနိုင်ဘူး။ အဲဒီလို အတိုက်အခံနှင့် မကင်းတဲ့အပြင် တပ်ပျက်ဗိုလ်လုပ်ရတဲ့ အခြေအနေမျိုး ဖြစ်နေတယ်။ ဒီလို တပ်ပျက်ဗိုလ်လုပ်ရတဲ့ အခြေအနေမျိုး ဖြစ်နေတော့ ချွတ်ယွင်းချက်တွေ အမြောက်အမြားရှိတယ်ဆိုတာ ကျုပ်တို့ကိုယ်တိုင်သိတယ်။ ဘယ်အစိုးရမှလည်း ချွတ်ယွင်းချက်မရှိတဲ့အစိုးရ မရှိဘူး။ သို့သော်လည်း တိုင်းပြည်အပေါ်မှာ စေတနာရှင်းရှင်းထားပြီးတော့ တစ်ဆင့်ထက်တစ်ဆင့် ကျွန်တော်တို့ လုပ်လာတဲ့ လုပ်ငန်းဟာ တိုးတက်သလား၊ မတိုးတက်ဘူးလားဆိုတာ ခင်ဗျားတို့ ပြန်ကြည့်ပါ။ ရက်မကြာခင်လောက်ဆိုရင် သခင်နုတို့လည်း ပြန်လာမယ်။ နောက်တော်တော်လေး ကြာလာရင် ကျွန်တော်တို့ဟာ တိုင်းပြည်ကို အတိအလင်းကြေညာနိုင်တဲ့စကားမျိုး လုပ်လာနိုင်ပါဦးမယ်။ အဲဒီလို လုပ်လာတဲ့အခါမှာ ကျွန်တော်တို့ဟာ လွတ်လပ်ရေးလုပ်ငန်းမယ် ဘယ်ထိအောင် တစ်စခန်း တက်လာပြီး ဘယ်ထိအောင် ပြန်လည်ထူထောင်ရေးလုပ်ငန်းမှာ ဘယ်လို တစ်စခန်းတက်လာပြန်ပြီ အစရှိသည်အားဖြင့် အဲဒီလို အခွင့်အလမ်းတွေကိုလည်း ခင်ဗျားတို့ မြင်ရပါလိမ့်မယ်။ အဲဒီလို တိုင်းပြည်ပြန်လည်ထူထောင်ရေးလုပ်ငန်းနဲ့ ပတ်သက်ပြီး တစ်ဆင့်တက်လာတာကို သော်လည်းကောင်း၊ အခု လွတ်လပ်ရေးလုပ်ငန်းနဲ့ ပတ်သက်ပြီး တစ်ဆင့်တက်လာတာကိုသော်လည်းကောင်း အဲဒီလို တက်လာတာကို ခင်ဗျားတို့ ရက်မကြာမီမှာ မြင်ရပါလိမ့်မယ်။ အဲဒီလို မြင်ရရုံမကဘူး။ ကျွန်တော်တို့ ဒီအစိုးရနှင့် အရင်ကရှိတဲ့ အစိုးရတွေနှင့် ယှဉ်ကြည့်လိုက်ရင် ကျုပ်ပြောရဲတယ်။ ယခုအစိုးရထဲမှာ လာဘ်စားတဲ့လူတွေ မရှိပါဘူး ဆိုတာ ကျုပ်ပြောရဲတယ်။

အရင်အစိုးရတွေတုန်းက ကျုပ်အတိအလင်းပြောတယ်။ လာဘ်စားတဲ့ လူတွေရှိတယ်။ ခင်ဗျားတို့ ဘာပြောဦးမလဲ။ အဲဒီလိုလူတွေက ယခုနေအခါမယ် တိုင်းပြည်ကို မိမိတို့ပါတီ ပြန်အာဏာရအောင် ခြေထိုးကြတဲ့ကိစ္စမှာ ယောင်ယောင်မှားမှားဖြစ်တဲ့လူတွေဟာ စေတနာပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ တိုင်းပြည်သစ္စာဖောက်တဲ့ကိစ္စမှာ ရန်သူနံပါတ် (၁) တွေ ဖြစ်တယ်။ အဲဒီရန်သူနံပါတ် (၁) တွေကို ခင်ဗျားတို့ ထောက်ခံချင်တယ်ဆိုရင် ခင်ဗျားတို့လည်ပင်း ခင်ဗျားတို့ ကြိုးတပ်ကြတာပဲ။ ကျုပ်တို့ဟာ ဒီတိုင်းပြည်မှာ အစိုးရဖြစ်အောင် အတင်းအဓမ္မလုပ်လာလို့ အစိုးရဖြစ်တာမဟုတ်ဘူး။ တိုင်းပြည်လူထုရဲ့ ထောက်ခံမှုနဲ့ ကျုပ်တို့အစိုးရဖြစ်နေတာ။ တိုင်းပြည်က မကြည်ညိုဘူးဆိုတာ ကျုပ်တို့သိတဲ့တစ်နေ့မှာ ကျုပ်တို့လည်းမနေဘူး။ တွယ်မနေပါဘူး။ ထွက်မှာပါပဲ။ သို့သော်လည်းပဲ တစ်နှစ်လောက် ကျုပ်တို့ကို စောင့်ကြည့်တဲ့အခါမှာ ကျုပ်တို့ဟာ ဘယ်လိုလူစားတွေလဲ။ ရာဇဝင်မှာ အရေးခံမယ့် လူစားမျိုးတွေလား၊ ရာဇဝင်မှာ အဆဲခံမယ့် လူစားမျိုးတွေလားဆိုတာ ခင်ဗျားတို့ကိုယ်တိုင် သိပါလိမ့်မယ်။

ဒီတော့ကာ လွတ်လပ်ရေးဆိုလို့ ခင်ဗျားတို့ကို ကျွန်တော်တို့ ပြောပြဦးမယ်။ လွတ်လပ်ရေးဆိုတိုင်း ပဒေသာပင် မြေကမပေါက်နိုင်ဘူးဆိုတာ ခင်ဗျားတို့ကို ကျွန်တော် ရှင်းခဲ့ချင်တယ်။ ဘာဖြစ်လို့လဲဆိုလို့ရှိရင် ခင်ဗျားတို့ စိတ်ထဲမှာ လွတ်လပ်ရေးရတော့မယ်ဆိုလို့ရှိရင် စိတ်ကူးက ဘယ်လိုစိတ်ကူးကြသလဲဆိုလို့ရှိရင် ပဒေသာပင်ကြီး ချက်ချင်းနေ့ချင်း ညချင်းပေါက်လာကြတော့မလို ခင်ဗျားတို့ထင်ကြတဲ့လူတွေများကြတယ်။ တချို့ကလည်းပဲ ဟာ လွတ်လပ်ရေးရပြီ ဆိုပြီးတော့ ဘာလုပ်ချင်သလဲဆိုတော့ ကျွန်တော်အရင်တစ်ခါတုန်းက တွေ့ခဲ့တယ်။ ဂျပန်ခေတ်တုန်းက ဂျပန်ခေတ် ဗမာ့လွတ်လပ်ရေး၊ ဘုရားစူးစေ့ ဗမာ့လွတ်လပ်ရေးတုန်းက အဲဒီတုန်းကဆိုလို့ရှိရင် လွတ်လပ်ရေးရပြီးဆိုတော့ကာ ဟင်္သာတနယ်ထဲမှာ ကျွန်တော် တွေ့ခဲ့တယ်။ ဘာတွေ့သလဲဆိုရင် လမ်းမပေါ်မှာ ဆေးလှန်းတယ်။ ဟာ လွတ်လပ်ရေး ရပြီကွဆိုပြီးတော့ လူတကာသွားတဲ့လမ်းပေါ်မှာ ထွက်ပြီး ဆေးတွေလှန်းတယ်။ အဲဒီတော့ လမ်းသွားလမ်းလာလုပ်တဲ့လူတွေ အတော်ခွကျတယ်။ အဲဒါဟာ လွတ်လပ်ရေးမဟုတ်ဘူး။ လွတ်လပ်ရေးဆိုတဲ့အဓိပ္ပာယ်က ဘာလဲ၊ လွတ်လပ်ရေးဆိုတာဟာ ကိုယ်တစ်ဦးတစ်ယောက်ကောင်းစားဖို့ဖြစ်စေ၊ တစ်မျိုးလုံး ကောင်းစားဖို့ဖြစ်စေ လုပ်တဲ့နေရာမှာ အခြားတစ်ဦးတစ်ယောက်ရဲ့ အကျိုးကို မထိခိုက်ဘဲနဲ့ အခြားလူတွေရဲ့ အကျိုးကို မထိခိုက်စေဘဲနဲ့ လွတ်လွတ်လပ်လပ် ကိုယ့်တိုးတက်မှုအတွက် လုပ်နိုင်တာဟာ လွတ်လပ်ရေးပဲ။

ဥပမာ ခင်ဗျား စီးပွားရေးဖြစ်ထွန်းအောင် လုပ်တဲ့နေရာမှာ အနှောင့်အယှက်မရှိစေရဘူး။ အခြားလူတွေရဲ့အကျိုးပိုမထိခိုက်လို့ရှိရင် အနှောင့်အယှက်မရှိစေရဘူး။ တိုင်းပြည်တစ်ပြည်လုံးရဲ့ အကျိုးကို မထိခိုက်စေရဘူး။ အခြားလူတွေရဲ့ အကျိုးကို မထိခိုက်စေရဘူး။ ခင်ဗျား လွတ်လွတ်လပ်လပ်လုပ်နိုင်တဲ့ အခြေအနေရှိရမယ်။ သို့သော်လည်း အခြားနိုင်ငံရဲ့ လွတ်လပ်ရေးကို သွားနှောင့်ယှက်တဲ့ လွတ်လပ်ရေးဟာ လွတ်လပ်ရေးကို မဟုတ်ဘူး။ အဲဒါက ဘာလဲဆိုရင် Licence ခေါ်တယ်။ ဒါဟာ ရမ်းကားမှုသာ ဖြစ်တယ်။

ဒီတော့ လွတ်လပ်ရေးဆိုတဲ့ အဓိပ္ပာယ်ဟာ စည်းမဲ့ကမ်းမဲ့ သဘောမျိုးမဟုတ်ဘူး။ စည်းနဲ့ ကမ်းနဲ့ သဘောမျိုးသာ ဖြစ်တယ်။ စည်းနဲ့ကမ်းနဲ့ရှိမှသာလျှင် လွတ်လပ်ရေးဆိုတာ ဖြစ်နိုင်တယ်။ အဲ့ဒီတော့ လွတ်လပ်ရေးဆိုတာကို ကျွန်တော်တို့ ရတဲ့အခါမှာလည်း နားလည်ရမှာက ငါတို့တိုင်းပြည်ဟာ ပိုပြီးစည်းကမ်းရှိဖို့လိုတယ်။ ငါတို့တိုင်းပြည်ဟာ လွတ်လပ်ရေး ရအောင်လည်းပဲ စည်းကမ်းရှိရှိနဲ့ လုပ်ရမယ်။ အဲဒီလိုအားဖြင့် စည်းကမ်းသဘောတွေကို နားလည်ပြီး စည်းနဲ့ကမ်းနဲ့ အလုပ်လုပ်ကြမှ လွတ်လပ်ရေးဆိုတာ တကယ်ရမယ်။

. . . ဒီတော့ ကျွန်တော်တို့ တိုင်းပြည်ကို ပြန်လည်ထူထောင်ကြမယ်ဆိုလို့ရှိရင်လည်း National Planing ခေါ်တဲ့ အဲဒီစီမံကိန်းမျိုးတွေနဲ့ မလုပ်ဘဲနဲ့ ကျွန်တော်တို့ တိုင်းပြည်ဟာ မကြီးပွားနိုင်ဘူး၊ မထူထောင်နိုင်ဘူးဆိုတာ ခင်ဗျားတို့ သတိရှိစေချင်ပါတယ်။ အဲဒီတော့ ပဒေသာပင်ဟာ မြေကပေါက်လာမှာ မဟုတ်ပါဘူး။ *စာမျက်နှာ ၉ သို့*

**"ဘုရားလက်ထက်က ဘုရားကိုယ်တိုင် အတိုက်အခံနှင့် မကင်းလို့ရှိရင်၊ ကျုပ်တို့လည်း မလွတ်ကင်းနိုင်ဘူး။ အဲဒီလို အတိုက်အခံနှင့် မကင်းတဲ့အပြင် တပ်ပျက်ဗိုလ်လုပ်ရတဲ့အခြေအနေမျိုး ဖြစ်နေတယ်။ ဒီလို တပ်ပျက်ဗိုလ်လုပ်ရတဲ့ အခြေအနေမျိုးဖြစ်နေတော့ ချွတ်ယွင်းချက်တွေ အမြောက်အမြားရှိတယ်ဆိုတာ ကျုပ်တို့ကိုယ်တိုင်သိတယ်။ ဘယ်အစိုးရမှလည်း ချွတ်ယွင်းချက်မရှိတဲ့ အစိုးရ မရှိဘူး။ သို့သော်လည်း တိုင်းပြည်အပေါ်မှာ စေတနာရှင်းရှင်းထားပြီးတော့ တစ်ဆင့်ထက်တစ်ဆင့် ကျွန်တော်တို့ လုပ်လာတဲ့လုပ်ငန်းဟာ တိုးတက်သလား၊ မတိုးတက်ဘူးလားဆိုတာ ခင်ဗျားတို့ ပြန်ကြည့်ပါ"**

# အာဇာနည်နေ့အမှတ်တရ

## ဦးအုန်းမောင်

### (၁၉၁၃–၁၉၄၇)

၁၉၁၃ ခုနှစ် ဖေဖော်ဝါရီလ ၂ ရက် တနင်္ဂနွေနေ့တွင် မကွေးတိုင်း မင်းဘူးမြို့နယ် ထောက်ရှာပင်ရွာ၌ဖွားသည်။ အဖ ရောဝတီသဘော်ာ ကိုယ်စားလှယ် မစ္စတာ အိပ်ချ် ဒဗလျူထရုပ်(တ်) ဝိန်း၊ အမိ ဒေါ်ရွှေမြင့် ဖြစ်သည်။ ဒုတိယမြောက် သားဖြစ်သည်။

မင်းဘူးမြို့ အစိုးရအထက်တန်းကျောင်းတွင် ပညာသင်ခဲ့သည်။ ထင်ရှားသော ကျောင်းနေဖက်တစ်ဦးမှာ ကိုဗဂျမ်း(ရဲဘော်သုံးကျိပ်ဝင် ဗိုလ်လရောင်)ဖြစ်သည်။ ၁၉၃၀ ပြည့်နှစ်တွင် ၁၀ တန်းအောင်မြင်သည်။ ၁၉၃၀ – ၃၄ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်၌ ပညာသင်သည်။ ရန်ကုန်တက္ကသိုလ် တပ်ရင်းတွင် တပ်ခွဲတပ်ထောက်ဖြစ်၍ သေနတ်ပစ် ထူးချွန်သည်။ ၁၉၃၄ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ရသည်။

၁၉၃၆ ခုနှစ်တွင် ဝန်ထောက်စာမေးပွဲ (Combined B.C.S and Other Services Examination) နှင့် အိန္ဒိယ ပဋိညာဉ် (Indian Civil Service) အိုင်စီအက်စ်စာမေးပွဲ နှစ်ရပ်လုံးအောင်မြင်သည်။ အိုင်စီအက်စ် စာမေးပွဲအောင်သူ သုံးယောက်အနက် (ဦးဘသန်း၊ ဦးဘကျော်၊ ဦးအုန်းမောင်) ပထမရသည်။

အင်္ဂလန် အောက်စဖို့ဒ်တက္ကသိုလ် ဂျီးဆပ်ကောလိပ် (Jesus College)၌ နိုင်ငံ့ ဝန်ထမ်းအုပ်ချုပ်ရေးပညာသင်ခဲ့သည်။ အင်္ဂလန်တွင် ပညာသင်ကြားနေစဉ် "မျိုးချစ်စိတ်ထက်သန်၍ တိုင်းပြည်နှင့် လူမျိုးကိုထိလျှင် နည်းနည်းမျှ သည်းမခံနိုင်သူ၊ သူ့ကို အင်္ဂလန်ရှိ အငြိမ်းစား အိုင်စီအက်စ်အရာရှိကြီးအချို့က တိုက်ကြက်ကလေးဟု ကွယ်ရာတွင် ခေါ်လေ့ရှိကြောင်း" ပညာသင်ဖော် ဆရာမင်းသုဝဏ်က မှတ်တမ်းတင်ခဲ့သည်။

၁၉၃၈ ခုနှစ် စက်တင်ဘာလ ၉ ရက်တွင် မြန်မာနိုင်ငံဝန်ထမ်းအဆင့် (၁) အဖြစ် စတင်ခန့်အပ်ခံရသည်။ အင်္ဂလန်တွင် အိုင်စီအက်စ်ဝန်ထမ်းအဖြစ် ပညာသင်နေစဉ် ၁၉၃၇ ခုနှစ်တွင် မြန်မာပြည်ကို အိန္ဒိယမှ သီးခြားခွဲထုတ်၍ ၉၁ ဌာန အုပ်ချုပ်ရေးသစ် စတင်ခဲ့ရာ အိုင်စီအက်စ် အခေါ်အဝေါ်မှ ဘီစီအက်စ် အဆင့် (၁) ဖြစ်လာသည်။ ၁၉၃၈ ခုနှစ် အောက်တိုဘာလ ၁၈ ရက်မှ ၁၉၃၉ ခုနှစ် ဇန်နဝါရီ ၂၇ ရက်အထိ မိတ္ထီလာနှင့် သာစည်တွင် အလုပ်သင် နယ်ပိုင်ဝန်ထောက်၊ ထို့နောက် မန္တလေးအရှေ့ နယ်ပိုင်ဝန်ထောက်၊ ၁၉၄၁ ခုနှစ် ဇွန်လ ၂၇ ရက်တွင် ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုလက်မှုဌာန၊ ကုန်သွယ်ရေး လက်ထောက်အတွင်းဝန်အဖြစ် ဂျပန်ဝင်လာသည့်တိုင် အမှုထမ်းခဲ့သည်။

ခရိုင်ဝန် ဦးဘိုးဘေ (K.S.M), (A.T.M) နှင့် ဒေါ်စိမ်းနုတို့၏ ပဉ္စမမြောက်သမီး မသိန်းကြွယ်နှင့် လက်ထပ်၍ သားသုံးဦး (ကိုတင်မောင်သိန်း၊ ကိုကိုလှ၊ မောင်မင်းမြင့်) ထွန်းကားသည်။ မသိန်းကြွယ်မှာ လွတ်လပ်ရေးခေတ်ဦး ပြည်ထောင်စုမြန်မာနိုင်ငံ၏ သမ္မတကြီး ဒေါက်တာဘဦးနှင့် မောင်နှမဝမ်းကွဲ တော်စပ်သည်။



ဦးအုန်းမောင် (၁၉၁၃ – ၁၉၄၇)

စစ်ပြီး ၁၉၄၅ ခု အောက်တိုဘာ ၂၂ ရက်တွင် သယ်ယူပို့ဆောင်ရေးနှင့် လမ်းပန်းဆက်သွယ်ရေးဌာန ဒုတိယအတွင်းဝန်အဖြစ် တာဝန်ထမ်းဆောင်သည်။

၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက် စနေနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ အတွင်းဝန်များရုံး ဝန်ကြီးများအစည်းအဝေး၌ ခရီးလွန်နေသည့် သယ်ယူပို့ဆောင်ရေးနှင့် လမ်းပန်းဆက်သွယ်ရေးဌာနဝန်ကြီး စောစံဖိုးသင်ကိုယ်စား ဌာနလုပ်ငန်းဝင်ရောက် အစီရင်ခံတင်ပြနေစဉ် နံနက် ၁၀ နာရီ ၃၇ မိနစ်၌ မသမာသူ သေနတ်သမားများ၏ လုပ်ကြံမှုဖြင့် အာဇာနည်ခေါင်းဆောင်ကြီးများနှင့်အတူ ကျဆုံးခဲ့ပါသည်။

**"အင်္ဂလန် အောက်စဖို့ဒ်တက္ကသိုလ် ဂျီးဆပ်ကောလိပ် (Jesus College)၌ နိုင်ငံ့ ဝန်ထမ်းအုပ်ချုပ်ရေးပညာသင်ခဲ့သည်။ အင်္ဂလန်တွင် ပညာသင်ကြားနေစဉ် "မျိုးချစ်စိတ်ထက်သန်၍ တိုင်းပြည်နှင့် လူမျိုးကိုထိလျှင် နည်းနည်းမျှ သည်းမခံ နိုင်သူ၊ သူ့ကို အင်္ဂလန်ရှိ အငြိမ်းစား အိုင်စီအက်စ်အရာရှိကြီးအချို့က တိုက်ကြက် ကလေးဟု ကွယ်ရာတွင် ခေါ်လေ့ရှိကြောင်း" ပညာသင်ဖော် ဆရာမင်းသုဝဏ်က မှတ်တမ်းတင်ခဲ့သည်"**

---

*စာမျက်နှာ ၈ မှ*

ပဒေသာပင်ပေါက်အောင်ဆိုရင် ကျွန်တော်တို့ အလုပ်လုပ်မှဖြစ်မယ်ဆိုတာ ခင်ဗျားတို့ နားလည်စေချင်တယ်။ အဲဒီတော့ လွတ်လပ်ရေးပင်ရသော်ငြားလည်း လွတ်လပ်ရေးရဲ့ တာဝန်တွေကို ကျွန်တော်တို့ မထမ်းဆောင်ချင်ဘူးဆိုရင် ခင်ဗျားတို့ရတဲ့လွတ်လပ်ရေးဟာ ဒီကနေ့ရပြီး မနက်ဖြန်ခါ တခြားလက် ပြန်ပါသွားမှာပဲဆိုတာ ခင်ဗျားတို့သိစေချင်တယ်။

ဒီတော့ အဲ့ဒီလွတ်လပ်ရေးရတဲ့အခါမှာ ကျွန်တော်တို့ အခုတင်က စီမံကိန်းအမျိုးမျိုးနဲ့ လုပ်ဆောင်မှာ အနှစ် ၂၀ လောက် ကျွန်တော်တို့ စကားခပ်ရိုင်းရိုင်းပြောရရင်၊ စကားခပ်ရိုင်းရိုင်းပြောရတယ်ဆိုတာ စကားခပ်ရိုင်းရိုင်းပြောမှ လူတွေကမှတ်မိတယ်။ စကားခပ်ရိုင်းရိုင်းဆိုရင် အတော့်ကို ပြဲအောင်ကြိုးစားနိုင်မှ၊ လုပ်နိုင်မှ အဲဒါအတော်ကို ကုန်းလုပ်နိုင်မှ၊ ရုန်းလုပ်နိုင်မှ၊ အနှစ် ၂၀ လောက်ရှိတဲ့အခါမှာ တော်ကာကျမယ်။ အဲဒီလို မဟုတ်ဘဲ ခင်ဗျားတို့ အလုပ်မလုပ်ဘဲနေမယ်ဆိုလို့ရှိရင် ယိုးဒယားပြည်ရဲ့ အဆင့်အတန်းတောင် မီမှာမဟုတ်ပါဘူး။ ယိုးဒယားပြည်ဆိုလို့ရှိရင် လွတ်လပ်တဲ့နိုင်ငံထဲမှာ ညံ့ညံ့ပင်ဖြစ်ပေမယ့် ကျွန်တော်တို့ ဗမာပြည်နဲ့ စာလိုက်ရင်တော့ ကျွန်တော်တို့ ဗမာပြည်လွတ်လပ်ရင် လွတ်လပ်ချင်းပဲ၊ ယိုးဒယားပြည်က ကျွန်တော်တို့ထက်တော့သာတာပဲ။ ဘယ်လိုသာမလဲဆိုရင် စစ်တပ်တွေဆိုလို့ရှိရင်လည်း ကောင်းကောင်းရှိတယ်။ ရေတပ်တွေလည်း ရှိတယ်။ လေတပ်တွေလည်းရှိတယ်။ အခြားစစ်တပ်တွေလည်း တော်တော်များများရှိတယ်။ အဲဒီလိုအားဖြင့် ယိုးဒယားက ရှိတာရှိတယ်။ ကျွန်တော်တို့မှာ အဲဒီလို မရှိသေးပါဘူး။

ဒီတော့ ကျွန်တော်တို့က တကယ်ပဲ သုညကစပြီး အကုန်လုံးပြန်ပြီးတော့ အုတ်မြစ်ချပြီး အလုပ်လုပ်ရမှာဆိုတော့ အခြားနိုင်ငံတွေက ခြေလှမ်းတစ်လှမ်း လှမ်းရင်၊ တခြားလွတ်လပ်တဲ့ နိုင်ငံတွေက ခြေလှမ်းတစ်လှမ်း လှမ်းရင် ကျွန်တော်တို့က ခြေလှမ်း ၄၊ ၅၊ ၁၀ လှမ်း လှမ်းလိုက်နိုင်မှ၊ အဲဒီလို လိုက်နိုင်တဲ့အခါကျမှ နောက် ၁၀ နှစ်၊ အနှစ် ၂၀ တန်သည်အားဖြင့် အဲဒီလိုတန်းတူညီတူ ဖြစ်သွားမယ်။ တန်းတူညီတူမဖြစ်သမျှ ကာလပတ်လုံး ဒီတိုင်းပြည်ကြီးဟာ လွတ်လပ်တယ်ဆိုပေမယ့် ဟိုလူ့မြင်တဲ့အခါမှာ မျက်နှာချိုသွေးရ၊ ဒီလူ့မြင်တဲ့အခါ မျက်နှာချိုသွေးရနဲ့ ဖာသည်လို နိုင်ငံမျိုး ဖြစ်နေမှာပဲဆိုတာ ခင်ဗျားတို့ အတိအလင်း နားလည်ထားစေချင်တယ်။ အားမှမရှိသေးတော့ အဲဒီလိုပဲ ဖြစ်နေမှာပဲ။ အဲဒီတော့ကာ အင်မတန်ကို ကျွန်တော်တို့ တစ်ခါတည်း ကျွန်တော်တို့ တိုင်းပြည်မှာရှိတဲ့လူတွေ စည်းစည်းရုံးရုံးနဲ့ ရှိပါမှ ဖာသည်သဘောမျိုး၊ နိုင်ငံမျိုး မဖြစ်ဘဲနေမှာ။

အဲဒီတော့ တိုင်းရင်းသားအချင်းချင်း ညီညွတ်ရေး၊ တိုင်းရင်းသားလူထုညီညွတ်ရေး၊ စားဖားသမားတွေ ညီညွတ်တာ ကျွန်တော်မလိုချင်ပါဘူး။ တိုင်းရင်းသားအချင်းချင်း ညီညွတ်ရေး၊ တိုင်းသူပြည်သား လူထုညီညွတ်ရေး၊ အဲဒီညီညွတ်ရေးနှစ်ခုမရှိသမျှ ကာလပတ်လုံး၊ ဒီတိုင်းပြည်ဟာ လွတ်လပ်ပင် လွတ်လပ်ငြားသော်လည်း ဘယ်ပါတီတက်တက်၊ ဘယ်အစိုးရလုပ်လုပ်၊ ဖာသည်တိုင်းပြည် ဖြစ်နေမှာပဲလို့ ကျွန်တော်ပြောချင်တယ်။ အဲဒီတော့ကာ ဒီနှစ်ခုကို ခင်ဗျားတို့ မပျက်ပြားပါစေနဲ့။ ဘယ်သူက ဘာလုပ်လုပ် မပျက်ပါစေနဲ့။ အဲဒါ အင်မတန် အရေးကြီးပါတယ်။

ဒီတော့ ယခုဖြစ်နေတဲ့အခြေအနေမှာဆိုရင် လွတ်လပ်ရေးကိစ္စနဲ့ ကျွန်တော်တို့ မြင်တာပြောရမယ်ဆိုရင် လွတ်လပ်ရေးဟာ ရဖို့အခြေအနေတော့ တော်တော်ကလေးများပါတယ်ဆိုတာ ကျွန်တော်ပြောချင်တယ်။ သို့ပေမယ့်လည်း ကျွန်တော်တို့ဗမာစကားလည်း ရှိတယ်။ အင်္ဂလိပ်စကားလည်းရှိတယ်။ အင်္ဂလိပ်စကားကတော့ Don't hallo till you are out of the wood အရင်တစ်ခါလည်း ကျွန်တော်ပြောသွားပြီးပါပြီ။ စစ်ပွဲကြီးအတွင်းက တောကြီးမျက်မည်းအတွင်းက မထွက်မီခင် ငါတော့ဘေးလွတ်ပြီလို့ မအော်ပါနဲ့ဆိုတဲ့သဘောမျိုးပဲ။ အဲဒီအတိုင်းပဲ။ ကျွန်တော်က တစ်ခါခြသေ့်မင်း ဥပမာကို ပြောရမယ်ဆိုရင် ခြသေ့်မင်းများဟာ တောကောင်ကို လိုက်တဲ့နေရာမှာ ကြီးတာငယ်တာ ပဓာနမထားဘဲနဲ့ ကြီးကြီးငယ်ငယ် လုံ့လစိုက်တဲ့နေရာမှာ အဲဒီအတိုင်းပဲ လုံ့လစိုက်သွားတယ်။ အဲဒီလို ထုံးစံအတိုင်းပဲ ကျွန်တော်တို့က ပန်းတိုင်ရောက်တဲ့အထိ အောင်မြင်လာတဲ့တိုင်အောင် ကျွန်တော်တို့က ကြိုးစားမှု၊ အားထုတ်မှုကို လျှော့လို့မဖြစ်နိုင်ဘူး။ လုံ့လဝီရိယကို လျှော့လို့မဖြစ်နိုင်ဘူး။ ဆတက်ထမ်းပိုးသာ ကျွန်တော်တို့ လုပ်ဖို့လိုတယ်။

ကျွန်တော်တို့ ဗမာတွေမှာ စောက်ကျင့်တစ်ခုရှိတယ်။ ဘာစောက်ကျင့်တစ်ခုလည်းဆိုရင် ဒါကလည်းပဲ ကျွန်တော်တို့ ကျွန်ဖြစ်ခဲ့ကြရတဲ့အတွက် ဖြစ်ချင်ဖြစ်မယ်။ ဘာလဲဆိုတော့ ကျွန်တော် ဂျပန်ခေတ်တုန်းက ပုသိမ်ဘက်ကို သွားတဲ့အခါ လှေပြိုင်ပွဲတစ်ခုရှိတယ်။ လှေပြိုင်ပွဲလုပ်ခဲ့တယ်။ လှေပြိုင်ပွဲလုပ်တဲ့အခါမှာ ဘာဖြစ်သလဲဆိုတော့ လှေတွေပြိုင်လိုက်တာ နှစ်စင်းပြိုင်တဲ့အခါမှာ နိုင်တဲ့အသင်းက ပန်းတိုင်မရောက်သေးဘူး။ ရှေ့ကို နည်းနည်းရောက်တယ်ဆိုရင်ပဲ တက်ထောင်တယ်၊ ကြွားတယ်၊ တစ်ခါ ရှုံးတဲ့ နောက်ကနေတဲ့ လှေကလည်းပဲ ပန်းတိုင်မရောက်သေးဘူး။ ကြိုးစားချင် ကြိုးစားနိုင်သေးတယ်။ မကြိုးစားချင်တော့ဘူး။ ရှုံးတော့မှာပါပဲကွာဆိုပြီး ခြေပစ်လက်ပစ်နဲ့ တက်မခတ်ချင်တော့ဘူး။ ဒါဟာ ဘာလဲဆိုရင် တကယ့်တိုင်းပြည်ထူထောင်တဲ့နေရာမှာ လွတ်လပ်တဲ့ လူမျိုးနဲ့ထိုက်တန်တဲ့ စိတ်ဓာတ်မျိုး မဟုတ်ဘူး။ အဲဒီစိတ်ဓာတ်မျိုးဟာ ကျွန်ဖြစ်မယ့် စိတ်ဓာတ်မျိုး၊ ကျွန်ရဲ့စိတ်ဓာတ်မျိုး။ ဒီစိတ်ဓာတ်မျိုးရှိနေသမျှကာလပတ်လုံး ကျုပ်တို့ဗမာတွေ ကျွန်ဖြစ်နေရမှာပဲ။ လွတ်လပ်ရေးရရင်လည်း မြန်မြန်ပြန်ကျွန်ဖြစ်မှာပါပဲ။ နောက်ဆုံးတစ်နေ့ မရှုံးတဲ့တိုင်အောင်၊ ကျွန် မဖြစ်တဲ့တိုင်အောင် ခုနကလို ဖာသည်လွတ်လပ်ရေးဖြစ်နေမှာပဲ။ ဘာလို့လဲဆိုရင် အကျင့်က အဲဒီလို နည်းနည်းလေးနိုင်လာတယ်၊ ရှေ့ကသာလာတယ်ဆိုရင် တက်ထောင်ချင်တဲ့ အကျင့်ရှိတယ်။ လှေတစ်စင်းဟာ အဲဒီလို ရှေ့သာလာလို့ တက်ထောင်မိတာနဲ့ပွဲတစ်ပွဲမှာ ရှုံးကိုသွားတယ်။ အဲဒီလိုဖြစ်တယ်။

ပြီးတော့ ဘောလုံးပွဲကိုကြည့်၊ ကျွန်တော်တို့ဗမာတွေ ဘောလုံးပွဲမှာ ကန်ကြတဲ့အခါမှာဆိုရင် ကိုယ်ကပထမ စဂိုးသွင်းရတယ်ဆိုရင် အတော်အားတက်လာတယ်။ အားတက်လာတာနဲ့၊ ကန်တာနဲ့၊ ပြုတာနဲ့ နောက်တစ်ခါ အဲဒီလို ဖြစ်တဲ့အခါမှာ တော်တော်လေး ဂိုးလေးများလာတယ်ဆိုရင် လျှော့လျှော့ပေါ့ပေါ့ ကန်ချင်လာတယ်။ ငါနိုင်မှာပဲဆိုပြီး အဲဒါနဲ့နေပြီး တစ်ဖက်ကနေပြီး နောက်ဆုံးအပြီးသတ်မှာကပ်ပြီး ပြန်ပြီးတော့ ဂိုးသွင်းသွားလို့ သရေဖြစ်ဖြစ်၊ ရှုံးတာဖြစ်ဖြစ် ဖြစ်သွားတာမျိုးလည်း ကျွန်တော်တို့ ဘောလုံးရာဇဝင်မှာ ခင်ဗျားတို့ ပြန်စဉ်းစားရင်တော့ တွေ့မှာပဲ။ ဒါတင်မကသေးဘူး၊ ဒီရှုံးသွားတဲ့လူကလည်း ဘောလုံးကန်လို့ရှိရင် ပထမပိုင်းမှာ နာရီဝက်မှာ ရှုံးသွားရင်တော့ တော်သေးရဲ့။ ကျန်သေးတဲ့ ဒုတိယနာရီဝက်မှာ ကန်လို့ ၁၀ မိနစ်လောက်ကြာတော့ ကိုယ့်ဘက်က ဂိုးမသွင်းနိုင်ဘူးဆိုရင် လူကိုချတယ်။ ဒါ ကျွန်တော်တို့ ဗမာဘောလုံးကန်တဲ့ ဘောလုံးပွဲအကျင့်ပဲ။ အဲဒါ Sporting spirit မရှိဘူး၊ ဒါဘာလဲဆိုလို့ရှိရင် ဗမာတွေ စိတ်ထဲမှာ ဗမာတွေဟာ စိတ်ဓာတ် ထက်တယ်၊ ဘာညာနဲ့ တလွဲဆံပင်ကောင်းနေတယ်ဆိုတာနဲ့ အတူတူပဲ။ ဒီစကားဟာ ဒီနေရာမှာ သုံးဖို့ဟာတွေပဲ။ ဗမာတွေ စိတ်ဓာတ်က မဟုတ်တဲ့နေရာမှာသွားပြီး ကောင်းနေတယ်။ တကယ့်နေရာတွေကျတော့ အသုံးမကျဘူး။ ဗမာပြည်လွတ်လပ်ရေးရအောင်ဆိုတာမျိုးမှာ အသုံးမချတတ်ဘူး။ ဗမာပြည် ပြန်လည်ထူထောင်ရေးလုပ်တဲ့နေရာမျိုးမှာ အသုံးမချတတ်ဘူး။ ဗမာ ဗမာချင်းချဖို့သာ လုပ်ချင်တယ်။ အဲဒါမျိုးတွေ လုပ်ချင်တယ်။ ဒါမျိုးတော့ လုပ်ချင်လို့ ဘယ်တော့မှ အကျိုးမရှိဘူး။ ဒီတိုင်းပြည် ဘယ်တော့မှ ပြန်လည်မထူထောင်နိုင်ဘူး။ ဒီတိုင်းပြည် ဘယ်တော့မှ မလွတ်လပ်နိုင်ဘူး။ လွတ်လပ်ရင်လည်း ဘယ်တော့မှ ကျကျနန လွတ်လပ်ရေး မဖြစ်နိုင်ဘူး။

အဲဒီတော့ကာ ကျွန်တော်တို့ အဲဒီ စိတ်ဓာတ်မျိုးကို လုံးဝဖျောက်ပစ်ဖို့လိုတယ်။ ကျွန်တော်တို့ဟာ ဘာအလုပ်ပဲလုပ်လုပ်၊ နောက်ဆုံးတစ်နေ့ ပြီးတဲ့အချိန်မှာ ရှုံးမယ်ထင်တယ်ဖြစ်စေ၊ နိုင်မယ်ထင်တယ်ဖြစ်စေ၊ မလျှော့တမ်း ဇွဲနဲ့ လုပ်သွားရတယ်။ စစ်တိုက်တဲ့နေရာမှာလည်း အဲဒီအတိုင်း သွားရမယ်။

အင်္ဂလိပ်တွေကိုကြည့်၊ အင်္ဂလိပ်တွေဟာ ကျွန်တော်တို့အပေါ်မှာ အုပ်ချုပ်နေလို့ ကျွန်တော်တို့က မုန်းပေမယ့် အင်္ဂလိပ်တွေမှာ ချီးမွမ်းစရာတွေ အများကြီးရှိတယ်။ ခုပြီးခဲ့တဲ့ စစ်ကြီးမှာ သူတို့ဘယ်လောက် အကျဉ်းအကျပ်ရောက်သလဲ၊ အဲဒီအကျဉ်းအကျပ်ထဲက နေပြီးတော့ကာ တစ်ခါတည်းကို လွတ်မြောက်လာအောင်၊ ဘယ်လောက်တစ်ခါတည်းကို အံကြိတ်ပြီးတော့ ခါးတောင်းကျိုက်ပြီးတော့ ကြိုးစားလာသလဲ၊ ဒီမှုတွေကိုကြည့်ပါ။ အခုလည်းပဲ သူတို့တိုင်းပြည်မှာ နေတာတွေကိုကြည့်။ သူတို့တိုင်းပြည်လည်းပဲ အခုလို ကျပ်ကျပ်တည်းတည်းနေရတာ လူတွေမညည်းဘူးလားဆိုတော့ ပုထုဇဉ်ဘဝ ညည်းတော့ ညည်းကြမှာပါပဲ။ ညည်းကြတယ်၊ ညည်းပင် ညည်းငြားသော်လည်းပဲ စည်းနဲ့ကမ်းနဲ့ ညည်းကြတယ်။ စည်းနဲ့ကမ်းနဲ့ အလုပ်လုပ်ကြတယ်။ အဲဒီလို လုပ်နေကြတယ်။ ကျွန်တော်တို့ တိုင်းပြည်မှာတော့ စည်းကမ်းကို ယခုအခါမှာ မရှိဘဲဖြစ်နေတယ်။ စည်းကမ်းမရှိတော့ကာ ယခု နိုင်ငံရေးလုပ်တဲ့နေရာတွေမှာ ယခုအခါမှာ နယ်ချဲ့သမားသဘောကျမယ့် အလုပ်မျိုးကို လုပ်နေတယ်။ ယခု ကျွန်တော် တိတိလင်းလင်း ပြောထားစမ်းမယ်။ ဗမာပြည်မှာ လူထုညီညွတ်ရေး၊ တိုင်းရင်းသားညီညွတ်ရေးတွေဟာ မပြိုကွဲဘဲနဲ့ ဘယ်သူမှ ဖောက်ထွင်းလို့ မရလို့ရှိရင် နောက်ပြီးတော့ကာ လက်ဝဲသမားဆိုတဲ့ လူငယ်နိုင်ငံရေးသမားတွေ ညီညွတ်သည်ထက် ညီညွတ်ရင် အဲဒီအင်အားဟာ ကြီးလျှင်ကြီးသလောက် ခင်ဗျားတို့ရဲ့ လွတ်လပ်ရေးဟာ ပိုကောင်းလာမယ်။ အဲဒီအင်အားဟာ ငယ်လျှင်ငယ်သလောက် ခင်ဗျားတို့ လွတ်လပ်ရေးဟာ ရတယ်။

၂၀၂၀ ပြည့်နှစ်အတွင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို ကျင်းပတော့မည်ဖြစ်ရာ အဆိုပါရွေးကောက်ပွဲကြီးနှင့် ပတ်သက်၍ ရွေးကောက်ပွဲဆိုင်ရာ အကြောင်းအရာများကို ပြည်သူများ သိရှိလေ့လာနိုင်ရန် ဖော်ပြပေးသွားပါမည်။ ဆောင်းပါးတွင်ပါရှိသည့် အကြောင်းအရာများသည် စာရေးသူ၏ အာဘော်သာဖြစ်ပါသည်။

(စာတည်းအဖွဲ့)



# ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲနှင့်အတူ (၂၉)
# ရွေးကောက်ပွဲကိုယ်စားလှယ်များ၏အခန်းကဏ္ဍ

မောင်စာဂ

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကို နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပါမည်။ သက်ဆိုင်ရာလွှတ်တော်အသီးသီး၏ မဲဆန္ဒနယ်များတွင် လွှတ်တော်ကိုယ်စားလှယ်လောင်းများ အမည်စာရင်းတင်သွင်းကြပါတော့မည်။ ဤတွင် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ ရွေးကောက်ပွဲကိုယ်စားလှယ်များသည်လည်း ပါဝင်လှုပ်ရှားဆောင်ရွက်မှုများ ပြုလုပ်ကြရတော့မည်။ ရွေးကောက်ပွဲကိုယ်စားလှယ်များ၏အခန်းကဏ္ဍ မည်သို့ရှိသနည်း။ လွှတ်တော်ရွေးကောက်ပွဲဆိုင်ရာဥပဒေများနှင့် နည်းဥပဒေများမှ ကောက်နုတ်၍ အနှစ်ချုပ်မျှဝေပါရစေ။

**“ရွေးကောက်ပွဲကိုယ်စားလှယ်တစ်ဦးသည် ၎င်း၏ လွှတ်တော်ကိုယ်စားလှယ်လောင်း အနိုင်ရရှိရေးအတွက် ကိုယ်စားလှယ်လောင်းအမည် စာရင်းတင်သွင်းခြင်းလုပ်ငန်းမှ စတင်ပြီး အမည်စာရင်းတင်သွင်းလွှာများကို စိစစ်ခြင်း၊ မဲဆွယ် စည်းရုံးခြင်း၊ မိမိ၏ လွှတ်တော်ကိုယ်စားလှယ်လောင်း အနိုင်ရ၍ ကန့်ကွက်ခံရပါက ခုခံဖြေရှင်းခြင်းနှင့် မိမိ၏ လွှတ်တော်ကိုယ်စားလှယ်လောင်း ရွေးကောက်တင်မြှောက်မခံရသည့်အခါ ကန့်ကွက်ရန်ရှိပါက ကန့်ကွက်လွှာတင်သွင်းခြင်း လုပ်ငန်းစဉ်များတွင် ဦးဆောင်ဦးရွက်ပြု၍ ပါဝင်ဆောင်ရွက်ကြရ”**

### ရွေးကောက်ပွဲကိုယ်စားလှယ်ဟူသည်

ရွေးကောက်ပွဲ ကိုယ်စားလှယ်ဆိုသည်မှာ လွှတ်တော် ရွေးကောက်ပွဲတစ်ရပ်တွင် ပါဝင်ယှဉ်ပြိုင်မည့် လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးက ၎င်းဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို၎င်း၏ကိုယ်စား ဆောင်ရွက်နိုင်ရန် ဥပဒေနှင့်အညီ ခန့်အပ်တာဝန်ပေးခြင်းခံရသူကို ဆိုသည်။

### အရည်အချင်းသတ်မှတ်ချက်

ရွေးကောက်ပွဲကိုယ်စားလှယ်တစ်ဦးသည် ၎င်းအား ခန့်အပ်တာဝန်ပေးမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးအတွက် ဥပဒေအရ သတ်မှတ်ထားသော အရည်အချင်းများနှင့် ပြည့်စုံသူဖြစ်ရပါမည်။

### ခန့်အပ်ခြင်းနည်းလမ်း

လွှတ်တော် ကိုယ်စားလှယ်လောင်းတစ်ဦးသည် မိမိကိုယ်ကိုဖြစ်စေ၊ အခြားသူတစ်ဦးဦးကိုဖြစ်စေ ၎င်း၏ ရွေးကောက်ပွဲကိုယ်စားလှယ်အဖြစ် ခန့်ထားခွင့်ရှိသည်။ မိမိကိုယ်တိုင် မိမိ၏ ရွေးကောက်ပွဲကိုယ်စားလှယ်အဖြစ် ဆောင်ရွက်မည်ဖြစ်လျှင် ထိုသို့ဆောင်ရွက်မည်ဖြစ်ကြောင်း အမည်စာရင်းတင်သွင်းလွှာ ပုံစံ(၆) ၏ စာပိုဒ် ၁၄(င)တွင်ဖော်ပြရမည်။ ပြီးလျှင် ရွေးကောက်ပွဲကိုယ်စားလှယ်ခန့်စာပုံစံ (၇)တွင် ဖြည့်သွင်း၍ သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ တင်ပြရမည်။ အခြားသူတစ်ဦးအား မိမိ၏ ရွေးကောက်ပွဲကိုယ်စားလှယ်အဖြစ် ခန့်ထားမည်ဆိုပါက ရွေးကောက်ပွဲကိုယ်စားလှယ်ခန့်စာ ပုံစံ (၇-က)တွင် ဖြည့်သွင်းတင်ပြရမည်။ ယင်းခန့်စာတွင် ခန့်ထားခြင်းခံရသူက သဘောတူကြောင်း လက်မှတ်ရေးထိုးရမည်။

### ရွေးကောက်ပွဲနှင့် စပ်လျဉ်းသည့် တာဝန်

ရွေးကောက်ပွဲကိုယ်စားလှယ်သည် ငွေစာရင်းစာအုပ်များကို စနစ်တကျထားရှိပြီး အောက်ပါတို့ကို မှန်ကန်စွာရေးသွင်းရမည်-

(က) ဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း ငွေကျပ်သိန်း ၁၀၀ မကျော်သည့် ရွေးကောက်ပွဲအတွက် ကုန်ကျစရိတ်၊

(ခ) လွှတ်တော် ကိုယ်စားလှယ်လောင်း၏ ရွေးကောက်ပွဲကုန်ကျစရိတ်အတွက် မိမိကိုယ်ပိုင်ငွေ၊ ပြည်တွင်းရှိ နိုင်ငံသားတစ်ဦးချင်းစီကဖြစ်စေ၊ ကုမ္ပဏီ၊ ကုမ္ပဏီအစုအဖွဲ့များကဖြစ်စေ၊ တရားဝင်ရရှိထားသော ငွေကြေးများထဲမှ ထည့်ဝင်လှူဒါန်းသောငွေ သို့မဟုတ် သက်ဆိုင်ရာ ပါတီအဖွဲ့အစည်းက ထောက်ပံ့ထည့်ဝင်ငွေဖြင့် ကျခံပြီးသည့် ကုန်ကျစရိတ်များ၊

(ဂ) လွှတ်တော် ကိုယ်စားလှယ်လောင်းက ပေးရန်ရှိသည့် အကြွေးများ။

ရွေးကောက်ပွဲပြီးလျှင် ရွေးကောက်ပွဲကုန်ကျစရိတ် စာရင်းကို ပုံစံ (၂၀)ဖြင့် ရေးသွင်း၍ မိတ္တူတစ်စုံကူးယူပြီး မူရင်းနှင့်အတူ ရွေးကောက်ပွဲရလဒ်ကို ကြေညာသည့်နေ့မှစ၍ ရက်ပေါင်း (၃၀)အတွင်း သက်ဆိုင်ရာရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲသို့ တင်သွင်းရမည်။

### အမည်စာရင်းတင်သွင်းနိုင်ခွင့်ရှိခြင်း

ရွေးကောက်ပွဲကိုယ်စားလှယ်တစ်ဦးသည် မိမိ၏ လွှတ်တော်ကိုယ်စားလှယ်လောင်းအတွက် အမည်စာရင်း တင်သွင်းလွှာကို သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ တင်သွင်းနိုင်ခွင့်ရှိသည်။ အမည်စာရင်းတင်သွင်းလွှာများကို စိစစ်ရန် သတ်မှတ်ထားသည့် နေ့ရက်၊ အချိန်နှင့် နေရာသို့ လာရောက်ခွင့်ရှိသည်။ မိမိ၏ လွှတ်တော်ကိုယ်စားလှယ်လောင်းက အမည်စာရင်း တင်သွင်းလွှာကို ယင်း၏ ဆန္ဒအလျောက် ရုပ်သိမ်းလိုလျှင် သတ်မှတ်ထားသည့် ကာလအတွင်း ရုပ်သိမ်းလွှာပုံစံ (၉)နှစ်စောင်ကို သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြခွင့်ရှိသည်။

### ရွေးကောက်ပွဲကိုယ်စားလှယ်က အာမခံငွေ ထုတ်ယူခွင့်ရှိခြင်း

မိမိ၏ လွှတ်တော်ကိုယ်စားလှယ်လောင်းသည် အမည်စာရင်းတင်သွင်းလွှာကို အပယ်ခံရလျှင် သို့မဟုတ် ရွေးကောက်ပွဲစတင်မကျင်းပမီ ကွယ်လွန်လျှင် သို့မဟုတ် ရွေးကောက်ပွဲကို ရွှေ့ဆိုင်းထားလျှင် သို့မဟုတ် မိမိ၏ လွှတ်တော်ကိုယ်စားလှယ်လောင်းသည် ရွေးကောက်တင်မြှောက်ခံရလျှင် သို့မဟုတ် မိမိ၏ လွှတ်တော်ကိုယ်စားလှယ်လောင်းသည် ရွေးကောက်တင်မြှောက်ခြင်း မခံရသော်လည်း ရွေးကောက်ပွဲတွင် ခိုင်လုံသောဆန္ဒမဲ ရှစ်ပုံတစ်ပုံနှင့် အထက်ရရှိလျှင် ပေးသွင်းထားသော အာမခံငွေကို သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲထံမှ ပြန်လည်ထုတ်ယူခွင့်ရှိသည်။

### ကြည့်ရှုခွင့်ရှိခြင်း

ရွေးကောက်ပွဲကိုယ်စားလှယ်တစ်ဦးသည် ဆန္ဒမဲပေးသည့်အချိန်မှစ၍ ဆန္ဒမဲပေးခြင်း၊ ဆန္ဒမဲရေတွက်ခြင်း ပြီးဆုံးသည့်အချိန်ထိ မဲရုံထဲသို့ ဝင်ရောက်ကြည့်ရှုခွင့်ရှိသည်။

ရွေးကောက်ပွဲကျင်းပသည့်နေ့၌ မဲရုံသို့ ကိုယ်တိုင်လာရောက် ဆန္ဒမဲမပေးနိုင်သော အသက်အရွယ်ကြီးရင့်သူ၊ အနာကြီးရောဂါစွဲကပ်နေသူ၊ နေအိမ်တွင် ရောဂါဝေဒနာပြင်းထန်စွာ ခံစားနေရသူနှင့် နေအိမ်တွင် မီးဖွားနေသူများ၊ မသန်စွမ်းသူများ၊ အချုပ်ခံနေရသူများ၊ ဆေးရုံသို့ တက်ရောက်နေသော အတွင်းလူနာများထံသို့ သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲဝင်များက သွားရောက်၍ ကြိုတင်ဆန္ဒမဲရယူရာတွင် လိုက်ပါကြည့်ရှုခွင့်ရှိသည်။ ရွေးကောက်ပွဲကျင်းပသည့်နေ့ မတိုင်မီ သတ်မှတ်ထားသည့်ရက်အတွင်း သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးများ၌ ကြိုတင်မဲရယူခြင်း ကိစ္စကိုလည်း လာရောက်ကြည့်ရှုခွင့်ရှိသည်။

မဲဆန္ဒနယ်ပြင်ပရောက် ကြိုတင်ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများက ကြိုတင်ဆန္ဒမဲပေးပြီး ပေးပို့လာသောစာအိတ်များ ပေါ်တွင် သက်ဆိုင်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲက လက်ခံရရှိသည့် အမှတ်စဉ်၊ နေ့ရက်နှင့်အချိန်တို့ကို ဖော်ပြ၍ ပုံစံ (၁၈-၁)တွင် ရေးသွင်းခြင်း၊ ယင်းစာအိတ်များကို ချိပ်ပိတ်ထားသည့် မဲပုံးများအတွင်းသို့ ထည့်ခြင်းတို့ကို ကြည့်ရှုခွင့်ရှိသည်။

ရွေးကောက်ပွဲကျင်းပသည့်နေ့ ညနေ ၄ နာရီထိုးသည်နှင့် သက်ဆိုင်ရာမြို့နယ် ကော်မရှင်အဖွဲ့ခွဲက အဆိုပါ ချိပ်ပိတ်ထားသော မဲပုံးကိုဖွင့်၍ ကြိုတင်ဆန္ဒမဲလက်မှတ်များ ရေတွက်ရာတွင် ကြည့်ရှုခွင့်ရှိသည်။

### ရွေးကောက်ပွဲကိုယ်စားလှယ်တစ်ဦး၏ ဆောင်ရန်အချက်များ

(က) ရွေးကောက်ပွဲကိုယ်စားလှယ်အတွက် စိစစ်ရေးကတ်ပြားကို သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲမှ ထုတ်ယူရန်၊

(ခ) ဆန္ဒမဲလက်မှတ်ကို တောင်းဆိုသူသည် သူတစ်ပါးအယောင်ဆောင်သော ပြစ်မှုကို ကျူးလွန်သူဖြစ်ကြောင်း ကန့်ကွက်လိုလျှင် ကန့်ကွက်မဲစာရင်းပုံစံ (၁၄)တွင် လက်မှတ်ရေးထိုး၍ မဲရုံမှူးထံ တင်ပြကန့်ကွက်ရန်၊

(ဂ) မြို့နယ်ကော်မရှင်အဖွဲ့ခွဲက ကိုယ်စားလှယ်လောင်းအသီးသီးရရှိသည့် ဆန္ဒမဲအရေအတွက်ကို ပြုစုထားသည့် ပုံစံ (၁၉)တွင် လက်မှတ်ရေးထိုးရန်၊

(ဃ) အမျိုးသားလွှတ်တော် ကိုယ်စားလှယ်လောင်းများ [မဲဆန္ဒနယ်တစ်နယ်တွင် ခရိုင် တစ်ခုသာ ပါဝင်ပါက] ရရှိသည့်ဆန္ဒမဲစာရင်း ပုံစံ (၁၉-က)နှင့် [ ခရိုင်တစ်ခုထက်ပို ပါဝင်ပါက ] ပုံစံ (၁၉-ခ)တွင် လက်မှတ်ရေးထိုးရန်၊

(င) တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ်လောင်းအသီးသီးရရှိသည့် ဆန္ဒမဲအရေအတွက်နှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက ပြုစုထားသည့် ပုံစံ (၁၉-ခ)တွင် လက်မှတ်ရေးထိုးရန်။

### သတိပြုရမည့်အချက်များ

ရွေးကောက်ပွဲကိုယ်စားလှယ်တစ်ဦးသည် လွှတ်တော်ရွေးကောက်ပွဲဥပဒေများ၏ အခန်း (၁၃)တွင် ပြဋ္ဌာန်းထားသည့် ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှုတစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်း မပြုရပါ။ အခန်း (၁၄) တွင် ပြဋ္ဌာန်းထားသည့် တရားမဲ့ပြုကျင့်မှုတစ်ခုခုကို ပြုလုပ်ခြင်းမပြုရပါ။ ရွေးကောက်ပွဲဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများနှင့် အမိန့်ညွှန်ကြားချက်များကို ဖောက်ဖျက်ကျူးလွန်ခြင်း မပြုရပါ။

### ရွေးကောက်ပွဲကိုယ်စားလှယ်တစ်ဦး အထူးမှတ်သားရန် အချက်များ

(က) ရွေးကောက်ပွဲဆိုင်ရာ မိမိ၏ဆောင်ရွက်ချက်မှန်သမျှသည် မိမိ၏ လွှတ်တော်ကိုယ်စားလှယ်လောင်းအပေါ် တိုက်ရိုက်အကျိုးသက်ရောက်မှုရှိစေမည်။

(ခ) ရွေးကောက်ပွဲကုန်ကျစရိတ်တင်သွင်းရန် ပျက်ကွက်သဖြင့် အရည်အချင်း ပျက်ယွင်းသူဟု ကြေညာခြင်းခံရလျှင် ယင်းသို့ ကြေညာသည့်နေ့မှစ၍ လက်ရှိ လွှတ်တော်သက်တမ်းအတွက် ကျင်းပမည့် ရွေးကောက်ပွဲများတွင် လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ပါဝင်ယှဉ်ပြိုင်ခွင့်မရရှိပါ။

### ကိုယ်စားလှယ်ကောင်းမှ အောင်နိုင်မည်

အနှစ်ချုပ်ဆိုရသော် ရွေးကောက်ပွဲကိုယ်စားလှယ်တစ်ဦးသည် ၎င်း၏ လွှတ်တော် ကိုယ်စားလှယ်လောင်း အနိုင်ရရှိရေးအတွက် ကိုယ်စားလှယ်လောင်းအမည် စာရင်းတင်သွင်းခြင်း လုပ်ငန်းမှစတင်ပြီး အမည်စာရင်းတင်သွင်းလွှာများကို စိစစ်ခြင်း၊ မဲဆွယ်စည်းရုံးခြင်း၊ မိမိ၏ လွှတ်တော်ကိုယ်စားလှယ်လောင်း အနိုင်ရ၍ ကန့်ကွက်ခံရပါက ခုခံဖြေရှင်းခြင်းနှင့် မိမိ၏ လွှတ်တော်ကိုယ်စားလှယ်လောင်း ရွေးကောက်တင်မြှောက်မခံရသည့်အခါ ကန့်ကွက်ရန်ရှိပါက ကန့်ကွက်လွှာတင်သွင်းခြင်း လုပ်ငန်းစဉ်များတွင် ဦးဆောင်ဦးရွက်ပြု၍ ပါဝင်ဆောင်ရွက်ကြရသည်။ မဲစာရင်းကပ်ထားကြေညာခြင်း၊ ကြိုတင်မဲပေးခြင်း၊ မဲရုံတွင်မဲပေးခြင်း၊ ဆန္ဒမဲလက်မှတ်ရေတွက်ခြင်း၊ ပုံစံများတွင်ရေးသွင်းခြင်း စသည့်လုပ်ငန်းစဉ်များတွင် ကြည့်ရှုကြရသည်။ လိုအပ်သည်များကို ထောက်ပြခြင်း၊ ကန့်ကွက်ခြင်းများ ပြုကြရသည်။ လုပ်ငန်းတာဝန်များပြား၍အရေးကြီးသောတာဝန်များကို ယူကြရသည်။

ရွေးကောက်ပွဲကိုယ်စားလှယ်တစ်ဦး၏ ပြုမူဆောင်ရွက်ချက်များသည် ၎င်း၏ လွှတ်တော်ကိုယ်စားလှယ်လောင်းက ဆောင်ရွက်ပြုမူချက်များဖြစ်သကဲ့သို့ မှတ်ယူရမည် ဖြစ်သည်။ သို့ပါ၍ မိမိဆောင်ရွက်မည့် ကိစ္စမှန်သမျှ၊ ဆောင်ရွက်ပြီးကိစ္စမှန်သမျှ သို့မဟုတ် ဆက်လက်ဆောင်ရွက်မည့်ကိစ္စမှန်သမျှကို မိမိ၏ လွှတ်တော်ကိုယ်စားလှယ်လောင်းထံ အစဉ်သဖြင့် အသိပေးတင်ပြနေဖို့လိုပါမည်။ ရွေးကောက်ပွဲကိုယ်စားလှယ်များသည် ရွေးကောက်ပွဲတွင် စွမ်းဆောင်နိုင်သမျှ လုံ့လစိုက်လျက် တရားသဖြင့် သန့်ရှင်းသောနည်းလမ်းများဖြင့် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပါဝင်ဆောင်ရွက်ကြမှသာလျှင် မိမိတို့၏ လွှတ်တော်ကိုယ်စားလှယ်လောင်းများ ရွေးကောက်ပွဲအောင်နိုင်ရေး ကောင်းစွာ အထောက်အကူပြုနိုင်ကြမည် ဖြစ်ကြောင်းပါဗျာ။

ရွေးကောက်ပွဲကိုယ်စားလှယ်များသည်-

- မိမိတို့၏ လွှတ်တော်ကိုယ်စားလှယ်လောင်းများအတွက် အင်အားတစ်ရပ် ဖြစ်ပါစေ။
- ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲများတွင် ဥပဒေနှင့်အညီ တရားသဖြင့် ပါဝင် ပူးပေါင်းဆောင်ရွက်နိုင်ကြပါစေ။
- မိမိတို့၏လုပ်ငန်းတာဝန်များကို ချောမောအောင်မြင်စွာ ဆောင်ရွက်နိုင်ကြပါစေ။

# တိပိဋကဓရ တိပိဋကကောဝိဒ စာအောင် သာသနာ့အာဇာနည်အရှင်မြတ်များ

မောင်တင်လှိုင် (ဟိုတယ် / ခရီး)

**သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ကြီးမှူးကျင်းပသော (၇၂)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးတွင် အောင်မြင်တော်မူကြသည့် သာသနာ့အာဇာနည် အရှင်မြတ်များအား အောင်လက်မှတ်၊ ဘွဲ့တံဆိပ်ဆက်ကပ်ပွဲနှင့် ချီးကျူးပူဇော်ပွဲ အခမ်းအနားကို ၁၃၈၂ ခုနှစ် ဒုတိယဝါဆိုလဆန်း ၁ ရက် ဇူလိုင်လ ၂၀ ရက် (တနင်္လာနေ့) နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး၊ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေဆဌသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ ကျင်းပမည်ဖြစ်ပါသည်။**

မြန်မာနိုင်ငံသည် ထေရဝါဒထွန်းကားသော နိုင်ငံဖြစ်ရာ သာသနာတော် အစွန့်ရှည်တည်တံ့ခိုင်မြဲစေရန် ဆရာတော် သံဃာတော်များက စာပေများကို နေ့မအား ညမနား အားထုတ်ကြိုးပမ်း၍ နိုင်ငံတော်က ကျင်းပသော တိပိဋကဓရရွေးချယ်ရေးစာမေးပွဲများကို ဝင်ရောက်ဖြေဆိုကြရာ (၇၂) ကြိမ်မြောက်တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲတွင် တိပိဋကကောဝိဒ သာသနာ့အာဇာနည် အရှင်မြတ်တစ်ပါး ပေါ်ထွန်းခဲ့သဖြင့် (၁၅)ပါးမြောက် ပေါ်ထွန်းလာခဲ့ခြင်းဖြစ်ပါသည်။

**၃ နှစ်ကြာမှပေါ်ထွန်း**

(၆၉) ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးတွင် တိပိဋကဓရ တိပိဋကကောဝိဒ ဘဒ္ဒန္တဝိရိယာနန္ဒ ပေါ်ထွက်ခဲ့ပြီးနောက်ပိုင်း ၃ နှစ်ကြာမှ (၇၂) ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲတွင် တစ်ပါးပေါ်ထွန်းခဲ့ခြင်းဖြစ်ပါသည်။

**နှစ်စဉ်စာမေးပွဲကျင်းပ**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက နှစ်စဉ်ကျင်းပမြဲဖြစ်သော (၇၂)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲအာဂုံပြန်ဆိုနှင့် သဘောရေးဖြေပွဲကို ၂၀၁၉ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်မှ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ၂၉ ရက်အထိ ကျင်းပခဲ့ရာ တိပိဋက မဟာဂန္ဓာဝင်နိကာယ် ကျောင်းတိုက် ဒဂုံမြို့သစ် (အရှေ့ပိုင်းမြို့နယ်) ရန်ကုန်တိုင်းဒေသကြီးမှ ဘဒ္ဒန္တပညာဝံသာဘိဝံသသက်တော် (၄၅)နှစ် သိက္ခာတော် (၂၄)ဝါသည် (၁၅)ပါးမြောက် တိပိဋကဓရ တိပိဋကကောဝိဒအဖြစ် သာသနာ့အာဇာနည် တစ်ပါးအဖြစ် ထပ်မံပေါ်ထွန်းလာခဲ့ပါသည်။

**အရှင်ပညာဝံသာဘိဝံသ ဖွားရာဇာတိနှင့် ဖွားသက္ကရာဇ်**

အရှင်ပညာဝံသာဘိဝံသသည် မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် တောင်နောက်ရွာနေ ခမည်းတော်ဦးချစ်ဖေ၊ မယ်တော်ဒေါ်တင်ရတို့မှ ၁၃၃၆ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၄ ရက် ကြာသပတေးနေ့တွင် ဖွားမြင်သော သားရတနာဖြစ်သည်။

**ရပသမ္ပဒမင်္ဂလာ**

၁၃၄၇ ခုနှစ် ပြာသိုလတွင် တောင်လအရှေ့ကျောင်း ဆရာတော် ဦးကုဏ္ဍဝံသကို ဥပဇ္ဈာယ်ပြုလျက် ခမည်းတော်မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

၁၃၅၇ ခုနှစ် နှောင်းတန်ခူးလပြည့်ကျော် ၈ ရက် ဗုဒ္ဓဟူးနေ့တွင် တောင်လတောင်ကျောင်း ဆရာတော် ဦးသောမကို ဥပဇ္ဈာယ်ပြု၍ ရန်ကုန်မြို့ ကမာရွတ်မြို့နယ်၊ နာနတ်တောလမ်း ရွှေကိန္နရီ အဆင့်မြင့်အိမ်ရာ အမှတ် ဘီ – ၄၁ နေ ဒုတိယဗိုလ်မှူးကြီး စံတင်(ငြိမ်း)၊ ဒေါ်သိန်းသိန်းစံ မိသားစု၏ပစ္စယာနုဂ္ဂဟကို ခံယူကာမြင့်မြတ်သော ရဟန်းအဖြစ်သို့ရောက်ရှိခဲ့ပါသည်။ အခြားဒါယကာ ဒါယိကာမများ၊ မိသားစုများ၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ သိက္ခာထပ်ရဟန်းအဖြစ်သို့ ခံယူတော်မူခဲ့ပါသည်။

**ကျေးဇူးရှင်ဆရာတော်များ**

ကျောက်ပန်းတောင်းမြို့နယ် တောင်နောက်ရွာ တောင်လအရှေ့ကျောင်းဆရာတော် ဦးကုဏ္ဍဝံသ၊ ဦးဓမ္မိက တို့ထံတွင် အခြေခံစာပေများ သင်ကြားခဲ့သည်။

ကျောက်ပန်းတောင်းမြို့ စိတ္တပါလဂူကျောင်းစာသင်တိုက်ဆရာတော်ကြီးနှင့် ဆရာတော် ဦးလာဘ၊ ဦးဇဋိလ၊ ဦးဇောတိန္ဒ၊ ဦးနန္ဒစရိယ၊ ဦးရေဝတ္ထာဘိဝံသ စသည့် ဆရာတော်များထံတွင် ၆ နှစ် သီတင်းသုံးကာ အခြေခံမူလတန်းမှ ပထမကြီးတန်း အောင်မြင်သည်အထိ ပရိယတ္တိစာပေများ သင်ကြားခဲ့ပါသည်။

အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက်၊ ဘဒ္ဒန္တကုဏ္ဍလာဘိဝံသ၊ ဘဒ္ဒန္တကလျာဏ ဘာသာဘိဝံသ၊ ဘဒ္ဒန္တမဟိန္ဒစသော မဟာနာယက အနုနာယက၊ စာချဆရာတော်များထံတွင် ၁၂ နှစ် သီတင်းသုံးကာ သာမဏေကျော်၊ ဓမ္မစရိယ၊ အဘိဝံသ၊ နိကာယ်ဆိုင်ရာ ပိဋကတ်စာပေများ လေ့လာသင်ယူခဲ့ပြီး ဂဏဝါစက စာချတာဝန်ကိုလည်း ၈ နှစ်ထမ်းဆောင်ခဲ့သည်။

ရန်ကုန်မြို့ ဒဂုံမြို့သစ် (အရှေ့ပိုင်း) တိပိဋကမဟာဂန္ဓာဝင်နိကာယ်ကျောင်းတိုက် တိပိဋကဓရ တိပိဋကကောဝိဒ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ၊ ရေစကြိုဆရာတော်ဘဒ္ဒန္တဝါယာမိန္ဒာဘိဝံသ၊ ပိဋကနှစ်ပုံခွဲဆောင် ဘဒ္ဒန္တသြဘာသာဘိဝံသတို့ထံတွင် ၁၃၆၆ ခုနှစ်မှ ယနေ့အချိန်အထိ သီတင်းသုံးကာ ပါဠိပါရဂူ၊ နိကာယ်အသီးသီး၊ ပိဋကသုံးပုံဆိုင်ရာစာပေများလေ့လာသင်ယူခဲ့ပါသည်။

**အဘိဓမ္မကောဝိဒဘွဲ့လက်မှတ်**

(၇၂)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးတွင် အဘိဓမ္မပိဋက အဘိဓမ္မာ နောက်ပိုင်းနှစ်ကျမ်း၊ သဘောရေးဖြေကို ဖြေဆိုအောင်မြင်တော်မူသောကြောင့် အဘိဓမ္မကောဝိဒဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်တို့ကို ခံယူရရှိတော်မူမည်ဖြစ်ပါသည်။

**တိပိဋကဓရ၊ တိပိဋကကောဝိဒဘွဲ့တံဆိပ်တော်**

အရှင်ပညာဝံသာဘိဝံသသည် သင်ရိုးပိဋကတ် သုံးပုံလုံးကို အာဂုံပြန်ဆိုနှင့် သဘောရေးဖြေပါ အောင်မြင်တော်မူပြီးဖြစ်သဖြင့် တိပိဋကဓရ၊ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်၊ အောင်လက်မှတ်တော်၊ အရိုးဝါကနက္ကဒဏ်ထီးဖြူတော်သုံးလက်တံဆိပ်ပါရှိသော သာသနာ့အောင်လံတော်များအပြင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်က ဆက်ကပ်လှူဒါန်းသော ကုန်း၊ ရေ၊ လေ သုံးဌာနအခမဲ့ အထက်တန်းခရီးသွားလက်မှတ် (ရာသက်ပန်)၊ (တပည့်နှစ်ဦး အပါအဝင်) လစဉ်ဆွမ်းဆန်တော် စသည်တို့ကို အလှူခံရရှိတော်မူမည်ဖြစ်ပါသည်။

> **“တိပိဋကဓရအရှင်မြတ်များ၏ ကျေးဇူးရှင် တိပိဋကဓရ မင်းကွန်းဆရာတော်ကြီး ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၊ တိပိဋက ဓမ္မရက္ခိတ အဖွဲ့နာယကများ၊ ဗဟိုအကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ အလှူရှင်များ လှူဒါန်းပြီး နေ့မအား ညမနား ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာ၊ သာသနာတော်နှစ်ရပ် အစွန့်ရှည်တည်တံ့ခိုင်မြဲရန် ကြိုးပမ်းဆောင်ရွက်ခြင်း၊ ဆရာတော် သံဃာတော်များ မပူပင်ရအောင် ကြိုးပမ်းဆောင်ရွက်ခြင်းကြောင့် မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓသာသနာဖြစ်သည်နှင့်အညီ သာသနာ့အရောင် ထွန်းလင်းပြောင်လျက်ရှိပေသည်”**

**သာသနာတော်အစွန့်ရှည်တည်တံ့စေရန် ပိဋကတ်သုံးပုံ စာပြန်စာဖြေသံဃာတော်များအား စောင့်ရှောက်နေသော တိပိဋကဓမ္မရက္ခိတအဖွဲ့**

(၇၂)ကြိမ်မြောက် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးမှ ပိဋကတ်သုံးပုံစာပြန် စာဖြေတော်မူမည့် သံဃာတော်အရှင်မြတ်များအား (၁.၁၁.၂၀၁၉) ရက်နေ့မှ (၂၉-၁-၂၀၂၀) ရက်နေ့အထိ နေ့စဉ်ဆွမ်းဆက်ကပ်လှူဒါန်းနေသည်ကို ဦးစိုးဟန်လင်း၊ အဂ္ဂမဟာ သိရိသုဓမ္မဇောတိဓဇောတရေ ဗဟိုအကျိုးတော်ဆောင် ဥက္ကဋ္ဌ တိပိဋကဓမ္မရက္ခိတအဖွဲ့က ဖိတ်ကြားသဖြင့် စာရေးသူ သွားရောက် ကုသိုလ်ယူကြည်ညိုခဲ့ရသည်။

ဓမ္မရက္ခိတအဖွဲ့သည် တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက၊ အဘိဇဓမဟာရဋ္ဌဂုရု၊ အဘိဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ကျေးဇူးတော်ရှင် မင်းကွန်းဆရာတော်ကြီး ဖွဲ့စည်းတည်ထောင်ပေးခဲ့တော်မူသော ပိဋကတ်သုံးပုံစာပြန် / စာဖြေသံဃာတော်များ စောင့်ရှောက်ရေး တိပိဋကဓမ္မရက္ခိတ အဖွဲ့ကြီးသည် ယခုအခါ (၂၇) နှစ်သို့တိုင်အောင် တိုးတက်စည်ကားစွာ တည်ရှိလျက်ရှိကြောင်း လေ့လာသိရှိခဲ့ရပါသည်။

ထိုအသင်းကြီးအား တိုးတက်စည်ကားစွာ တည်ရှိခဲ့သည့် ရည်ရွယ်ချက်မှာ ဆရာတော်ကြီးသည် စာပြန် / စာဖြေသံဃာငယ်ဘဝတွင် ပိဋကတ်သုံးပုံပြန်ဆိုရန်အတွက် ရန်ကုန်မြို့သို့ ကြွရောက်လာသည့်အခါ နေရာခက်ခဲခြင်း၊ ဆွမ်း၊ ကွမ်း၊ ဝေယျာဝစ္စခက်ခဲခြင်းစသည်တို့ကို ကိုယ်တွေ့ တွေ့ကြုံခံစားခဲ့ရသဖြင့် ပိဋကတ်သုံးပုံ၊ စာပြန်/ စာဖြေသံဃာတော်များ၊ မိမိကဲ့သို့ အခက်အခဲမရှိ ကိုယ်စိတ်နှစ်ပါး ချမ်းသာစွာဖြင့် စာမေးပွဲကြီး ဖြေဆိုနိုင်ရန်အတွက် ဤအသင်းကြီးအား တည်ထောင်ရန် စီစဉ်ခဲ့ပါသည်။

ဆရာတော်၏ ဆန္ဒတော်နှင့်အညီ အသင်းကြီး ရေရှည်တည်တံ့ခိုင်မြဲပြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသင်းကြီး၏ အလုပ်အမှုဆောင်များနှင့် အလှူရှင်များ၊ ဒါယကာ၊ ဒါယိကာမများနှင့် တက်ညီလက်ညီကြိုးပမ်းဆောင်ရွက်ကြသဖြင့် တိပိဋကဓမ္မရက္ခိတအသင်းကြီးကို တည်ထောင်နိုင်ခဲ့ပြီး ယနေ့တိုင် အစစအရာရာအောင်မြင်လျက်ရှိနေသည်ကို တွေ့ရှိရသည်ကလည်း ဝမ်းသာစရာပင် ဖြစ်ပေသည်။

တိပိဋကဓရအရှင်မြတ်များ၏ ကျေးဇူးရှင် တိပိဋကဓရ မင်းကွန်းဆရာတော်ကြီး ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၊ တိပိဋကဓမ္မရက္ခိတအဖွဲ့နာယကများ၊ ဗဟိုအကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ အလှူရှင်များ လှူဒါန်းပြီး နေ့မအား ညမနား ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာ၊ သာသနာတော်နှစ်ရပ် အစွန့်ရှည်တည်တံ့ခိုင်မြဲရန် ကြိုးပမ်းဆောင်ရွက်ခြင်း၊ ဆရာတော် သံဃာတော်များ မပူပင်ရအောင် ကြိုးပမ်းဆောင်ရွက်ခြင်းကြောင့် မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓသာသနာဖြစ်သည်နှင့်အညီ သာသနာ့အရောင် ထွန်းလင်းပြောင်လျက်ရှိပေသည်။

စာပေကျမ်းဂန်များကို အာဂုံပြန်ဆိုခြင်း၊ ရေးဖြေဖြေဆိုခြင်းများဆောင်ရွက်ခဲ့ရာ ပထမအကြိမ် တိပိဋကဓရရွေးချယ်ပွဲမှ (၇၂)ကြိမ်မြောက်အထိ ပိဋကတ်သုံးပုံစာပြန်/ စာဖြေအောင်မြင်တော်မူခဲ့သော သံဃာတော်အရှင်သူမြတ်များမှာ –

၁။ မင်းကွန်းတိပိဋကဓရ ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၊
၂။ ပခုက္ကူဆရာတော် ဘဒ္ဒန္တနေမိန္ဒ၊
၃။ ပြည်ဆရာတော် ဘဒ္ဒန္တကောသလ္လ၊
၄။ မဟာဂန္ဓာရုံဆရာတော်ဘဒ္ဒန္တသုမင်္ဂလာလင်္ကာရ၊
၅။ ယောဆရာတော်ဘဒ္ဒန္တသိရိန္ဒာဘိဝံသ၊
၆။ ရေစကြိုဆရာတော်ဘဒ္ဒန္တဝါယာမိန္ဒာဘိဝံသ၊
၇။ မော်ကျွန်းဆရာတော်ဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသ၊
၈။ မြင်းမူဆရာတော်ဘဒ္ဒန္တဝံသပါလာလင်္ကာရ၊
၉။ မြင်းခြံဆရာတော်ဘဒ္ဒန္တဂန္ဓမာလင်္ကာရ၊
၁၀။ စွန်းလွန်းဆရာတော် ဘဒ္ဒန္တသုန္ဒရ၊
၁၁။ ရမ္မာဝတီဆရာတော် ဘဒ္ဒန္တကုန္ဒပါလ၊
၁၂။ စစ်ကိုင်းဆရာတော် ဘဒ္ဒန္တအဘိဇာတာဘိဝံသ၊
၁၃။ ဘုတလင်ဆရာတော် ဘဒ္ဒန္တကုန္ဒာစရိယ၊
၁၄။ ကမ္ဘောဇဆရာတော်အရှင်ဝိရိယာနန္ဒ၊
၁၅။ ရန်ကုန်တိုင်းဒေသကြီးဆရာတော် ဘဒ္ဒန္တပညာဝံသာဘိဝံသ တို့ဖြစ်ပါကြောင်း ရေးသားပူဇော်တင်ပြလိုက်ရပါသည်။ ။

## ပြင်ဦးလွင်မြို့၌ အစိုးရပါဠိ ပထမပြန် စာမေးပွဲဖြေဆိုလျက်ရှိ

**ပြင်ဦးလွင် ဇူလိုင် ၁၆**

အစိုးရပါဠိပထမပြန်စာမေးပွဲကိုဇူလိုင် ၁၅ ရက်မှ ၂၂ ရက်အထိ (အာဇာနည်နေ့မှအပ) ပြင်ဦးလွင်မြို့ရှိ သံဃာသာမဂ္ဂီမဟာသိမ်တော်ကြီးတွင် ကျင်းပလျက်ရှိသည်။

ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော စည်းကမ်းချက်များနှင့် အညီ ကိုဗစ်– ၁၉ ကူးစက်ခြင်းမှ ကာကွယ်ရေးဆိုင်ရာ စီမံချက်များအတိုင်း စာဖြေသံဃာတော်များ စနစ်တကျ စာဖြေခန်းသို့ ဝင်ရောက်ခြင်း၊ စနစ်တကျလက်ဆေးခြင်း၊ နှာခေါင်းစည်းများတပ်ဆင်ခြင်း၊ ကိုယ်အပူချိန်တိုင်းတာခြင်း၊ ခြောက်ပေအကွာတွင် နေရာယူပြီး ဝင်ရောက်ဖြေဆိုရန် ဆောင်ရွက်ထားသည်။

ပထမကြီးတန်းရဟန်းတော်အပါး ၆၀၊ ရှင်သာမဏေ ၁၇ ပါး၊ သီလရှင်တစ်ပါး၊ ပထမလတ်တန်းတွင် သံဃာတော် ၂၈ ပါး၊ ရှင်သာမဏေ ၃၈ ပါး၊ သီလရှင်ခုနစ်ပါး၊ ပထမငယ်တန်းတွင် ရဟန်းတော်၂၆ ပါး၊ ရှင်သာမဏေ ၁၀၅ ပါး၊ သီလရှင် ၁၇ ပါး၊ လူပုဂ္ဂိုလ် ၉၂ ဦး၊ မူလတန်းတွင် ရဟန်းတော်၂၁ပါး၊ ရှင်သာမဏေ၂၃၁ ပါး၊သီလရှင် ၁၇ ပါး၊ လူပုဂ္ဂိုလ်တစ်ဦး စုစုပေါင်း ၅၇၄ ဦး ဖြေဆိုရန် စာရင်းအနက် ၃၇၃ ဦးသာ ဖြေဆိုကြသည်။

ကိုဇော်(ပြင်ဦးလွင်)



# ပလက်ဝမြို့နယ်နှင့် ရခိုင်ပြည်နယ်ရှိ တိုက်ပွဲရှောင် ချင်းတိုင်းရင်းသားများနှင့်ပတ်သက်၍ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး ဆွေးနွေး

**နေပြည်တော် ဇူလိုင် ၁၆**

ချင်းပြည်နယ် ပလက်ဝမြို့နယ်နှင့် ရခိုင်ပြည်နယ်ရှိ တိုက်ပွဲရှောင် ချင်းတိုင်းရင်းသားများနှင့် ပတ်သက်၍ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေးအတွက် ချင်းတိုက်ပွဲရှောင်ပြည်သူများ ကူညီရေးနှင့် ပြန်လည်ထူထောင်ရေးကော်မတီနှင့် ဆွေးနွေးညှိနှိုင်းခြင်းကို ယနေ့ မွန်းလွဲပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၌ Video Conference ဖြင့် ပြုလုပ်သည်။ **(ယာပုံ)**



အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ဒုတိယဝန်ကြီး ဦးစိုးအောင်၊ ချင်းပြည်နယ်အစိုးရအဖွဲ့၊ ရခိုင်ပြည်နယ် အစိုးရအဖွဲ့နှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ ချင်းတိုက်ပွဲရှောင်ပြည်သူများ ကူညီရေးနှင့် ပြန်လည်ထူထောင်ရေးကော်မတီ (Relief and Rehabilitation Committee for Chin IDPs–RRCCI) တို့မှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ကြသည်။

**ပူးပေါင်းဖြေရှင်း ဆောင်ရွက်လျက်ရှိ**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၌ သဘာဝဘေးအန္တရာယ်များကြောင့် သော်လည်းကောင်း၊ ပဋိပက္ခများကြောင့် သော်လည်းကောင်း၊ ရွှေ့ပြောင်းနေထိုင်ရသူများ ရှိနေကြောင်း၊ ယခုဖြစ်ပေါ်လျက်ရှိသည့် တိုက်ပွဲရှောင်များကိစ္စသည် အရေးကြီးသည့်အတွက် ပူးပေါင်းဖြေရှင်း ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် မဟာဗျူဟာများ၊ အစီအမံများ ချမှတ်ဆောင်ရွက်ပေးနေကြောင်း၊ တိုက်ပွဲရှောင်များအတွက် ကူညီထောက်ပံ့မှုများ ဆောင်ရွက်နေသကဲ့သို့ ပြန်လည်နေရာချထားပေးနေခြင်းများလည်း ရှိကြောင်း၊ ပြီးခဲ့သည့် အစည်းအဝေးတွင် ချင်းတိုက်ပွဲရှောင်ပြည်သူများ ကူညီရေးနှင့် ပြန်လည်ထူထောင်ရေးကော်မတီမှ လိုအပ်ချက်(၈)ချက် တင်ပြထားကြောင်း၊ တင်ပြချက်များနှင့်ပတ်သက်၍ တိုက်ပွဲရှောင်များအတွက် အရေးပေါ်စားနပ်ရိက္ခာထောက်ပံ့ရေး၊ စားနပ်ရိက္ခာသိုလှောင်ရေး၊ ယာယီတဲတန်းလျား တည်ဆောက်ရေး၊ လုံးချင်းအိမ်တည်ဆောက်ရေး၊ ကိုဗစ်-၁၉ အသိပညာပေးရေးနှင့် ကာကွယ် ထိန်းချုပ်ရေးဆိုင်ရာပစ္စည်းများ ထောက်ပံ့ရေးတို့ကို မိမိတို့ဝန်ကြီးဌာနအနေဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေးဆိုင်ရာကိစ္စရပ်များကို ချင်းပြည်နယ် အစိုးရအဖွဲ့၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့တို့နှင့်ညှိနှိုင်း၍ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ယခုတွေ့ဆုံရာတွင် လိုအပ်ချက်များကို ဆက်လက်ညှိနှိုင်းဆောင်ရွက်မည်ဖြစ်ကြောင်း၊ ပဋိပက္ခများကြောင့် ပြည်သူများ ဒုက္ခများခံစားကြရသည့်အတွက် ပဋိပက္ခများ ချုပ်ငြိမ်းသွားရေးသည် အရေးကြီးသဖြင့် ပူးပေါင်းဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ တိုက်ပွဲရှောင်များအတွက် လက်ရှိအခက်အခဲများကို အတတ်နိုင်ဆုံး ဖြေရှင်းပေးနိုင်ရန် အားလုံးပါဝင် အကြံပြုဆွေးနွေး ဆောင်ရွက်ပေးကြပါရန် တိုက်တွန်းပြောကြားသည်။

**လမ်းပန်းဆက်သွယ်ရေးဆိုင်ရာ အခက်အခဲများရှိ**

ထို့နောက် ချင်းတိုက်ပွဲရှောင်ပြည်သူများ ကူညီရေးနှင့် ပြန်လည်ထူထောင်ရေးကော်မတီဥက္ကဋ္ဌ ဦးဆလိုင်းအိုက်ဇက်ခင်က မိမိတို့ကော်မတီအနေဖြင့် ချင်းပြည်နယ်ပလက်ဝမြို့နှင့် ရခိုင်ပြည်နယ်အတွင်းရှိ တိုက်ပွဲရှောင်ချင်းလူမျိုးများနှင့် ပတ်သက်၍ ချင်းပြည်နယ်အစိုးရအဖွဲ့၊ အခြားသက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ကော်မတီသို့ လှူဒါန်းငွေများကို စားနပ်ရိက္ခာထောက်ပံ့မှု၊ ယာယီနေအိမ်များ ဆောက်လုပ်မှု၊ ဆေးဝါးကုသမှုနှင့် အခြားသတင်းအချက်အလက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု၊ စီမံခန့်ခွဲမှုဆိုင်ရာ ကိစ္စရပ်များအတွက် အသုံးပြုနေကြောင်း၊ ပလက်ဝနှင့် ဆမီးတွင် တိုက်ပွဲရှောင်များအပြင် နေထိုင်ရာကျေးရွာများ၌ ပိတ်မိနေသူများလည်းရှိကြောင်း၊ ဆန်ရိက္ခာလိုအပ်မှု၊ လုံခြုံရေး၊ လမ်းပန်းဆက်သွယ်ရေးဆိုင်ရာ အခက်အခဲများရှိကြောင်း၊ ရခိုင်ပြည်နယ် အမ်းမြို့နယ်တွင်လည်း ချင်းလူမျိုး တိုက်ပွဲရှောင်များရှိကြောင်း၊ တိုက်ပွဲရှောင်စခန်းများတွင် နေထိုင်သူများရှိသကဲ့သို့ ၎င်းတို့၏အစီအစဉ်များဖြင့် စခန်းပြင်ပတွင် နေထိုင်သူများလည်းရှိကြောင်း၊ အမ်းမြို့နယ်ရှိ တိုက်ပွဲရှောင်များအတွက် ရိက္ခာသယ်ယူရာတွင် လုံခြုံရေးအခြေအနေကြောင့် အခက်အခဲရှိသဖြင့် စားနပ်ရိက္ခာလိုအပ်ချက်များရှိကြောင်းနှင့် အဆောက်အအုံ ဆောက်လုပ်ရေး၊ ပညာသင်ကြားရေး၊ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ လိုအပ်ချက်များရှိကြောင်းတို့ကို ဆွေးနွေးသည်။

**ရေလမ်းကြောင်းဖြင့် သယ်ယူနိုင်ရေးဆောင်ရွက်**

ထို့နောက် ဒုတိယဝန်ကြီးက တင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်အဆင့်မှ ဆောင်ရွက်ပေးနေမှု၊ မိတ်ဖက်အဖွဲ့အစည်းများနှင့်ပူးပေါင်းထောက်ပံ့မှု၊ လုံခြုံရေးအခြေအနေအရ စားနပ်ရိက္ခာ သယ်ယူပို့ဆောင်ရေး အခက်အခဲရှိမှုအပေါ် ပူးပေါင်းဖြေရှင်းဆောင်ရွက်နေမှု၊ စစ်တွေ၊ ကျောက်တော်-ပလက်ဝ ရေလမ်းကြောင်းဖြင့် သယ်ယူနိုင်ရေးဆောင်ရွက်မှု၊ နေအိမ်များဆောက်လုပ်ပေးမှု၊ ဆမီး-ပလက်ဝ လမ်းပိုင်းပြင်ဆင်ရန် ဆောင်ရွက်နေမှု၊ ကိုဗစ်-၁၉ နှင့်ပတ်သက်၍ ဆောင်ရွက်မှု၊ လတ်တလော ဆောင်ရွက်မှုများအပြင် ရေရှည်အတွက်လည်း စီမံဆောင်ရွက်ရန် လိုအပ်မှုများနှင့် ပတ်သက်၍ ဆွေးနွေးသည်။

ဆက်လက်၍ ချင်းပြည်နယ်အစိုးရအဖွဲ့နှင့် ရခိုင်ပြည်နယ် အစိုးရအဖွဲ့မှ သက်ဆိုင်ရာ ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများမှ ကိုယ်စားလှယ်များနှင့် တက်ရောက်လာကြသူများက အခက်အခဲများအပေါ် ဖြေရှင်းဆောင်ရွက်ပေးနေမှုများ၊ ဆက်လက်ဆောင်ရွက်ပေးနိုင်မည့်လုပ်ငန်းများ၊ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရန်ရှိသည်များကို ဝိုင်းဝန်းဆွေးနွေးညှိနှိုင်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတိုင်း မဲပေးနိုင်ရေးအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြား ကွင်းဆင်းထုတ်ပေးရေး ဆွေးနွေး

**နေပြည်တော် ဇူလိုင် ၁၆**

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်ကြိုင်တို့သည် ဇူလိုင် ၁၄ ရက် မွန်းလွဲ ၃ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၏ ညွှန့်ခန်းမ၌ တွေ့ဆုံကြသည်။ **(ယာပုံ)**



**ညှိနှိုင်းဆွေးနွေး**

တွေ့ဆုံစဉ် ရန်ကုန်တိုင်းဒေသကြီးအတွင်း ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ဆန္ဒမဲပေးခွင့်ရှိသူတိုင်း မဲပေးနိုင်ရေးအတွက် လိုအပ်သည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းထုတ်ပေးနိုင်ရေးအတွက် ပံ့ပိုးကူညီ ဆောင်ရွက်ပေးနိုင်ရေး၊ တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ ပြုစုတင်ပြထားသည့် မဲစာရင်းများအရ ဆောင်ရွက်ပေးရမည့်ဒေသများအား အသေးစိတ်ပြုစု၍ ကွင်းဆင်းဆောင်ရွက်ပေးမည့် အစီအစဉ်၊ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့် ပေါင်းစပ်၍ လိုအပ်သည့် အချက်အလက်များ ဖြည့်သွင်းနိုင်ရေးအတွက် လုပ်ငန်းလိုအပ်ချက်များ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးခြင်းလုပ်ငန်းအား ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်နေမှုနှင့် အလုပ်သမားရေးရာဆိုင်ရာ ကိစ္စရပ်များ ပေါင်းစပ်ဆောင်ရွက်နိုင်ရေး အခြေအနေများနှင့်စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးကြသည်။

**ရှင်းလင်းတင်ပြ**

ဒုတိယဝန်ကြီး ဦးမြင့်ကြိုင်သည် ယင်းနေ့ မွန်းလွဲ ၂ နာရီကလည်း လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ တာဝန်ရှိသူများနှင့် တွေ့ဆုံရာ ရေးဦးစွာ တိုင်းဒေသကြီး ဦးစီးမှူး ဦးစောနိုင်က လက်ရှိနိုင်ငံသား စိစစ်ရေးကတ်ပြား ထုတ်ပေးဆောင်ရွက်ပြီးစီးမှုနှင့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ဆန္ဒမဲပေးခွင့်ရှိသူတိုင်း မဲပေးနိုင်ရေးအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြား ကွင်းဆင်းဆောင်ရွက်ပေးမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီး ဒေါ်မိုးမိုးစုကြည်နှင့် ခရိုင်ဦးစီးမှူးများက ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆန္ဒမဲပေးခွင့်ရှိသူများ မဲပေးနိုင်ရေးအတွက် ဆက်စပ်ဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်နေမှုများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များ၊ လုပ်ငန်းဆိုင်ရာ အခက်အခဲများကို ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးက မိမိတို့ဌာနအနေဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးခြင်းလုပ်ငန်းကို ယခင်ကတည်းက စီမံချက်များ ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခု ကိုဗစ်-၁၉ ကာလတွင် လုပ်ငန်းဆောင်ရွက်မှုများအား သက်ဆိုင်ရာရုံးအသီးသီး၌ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ ကျင်းပရာတွင် ဆန္ဒမဲပေးခွင့်ရှိသူတိုင်း မဲပေးနိုင်ရေးအတွက် လိုအပ်သည့် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးနိုင်ရန် ကွင်းဆင်း ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ မဲပေးခွင့်ရှိသူစာရင်း မှန်ကန်စွာ ရရှိနိုင်ရေးအတွက် သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့် ညှိနှိုင်းပေါင်းစပ်ကာ ကွင်းဆင်း ဆောင်ရွက်ပေးရမည့် နယ်မြေများအား စီမံချက်ရေးဆွဲဆောင်ရွက်ကြရန်လိုကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း အခြားဒေသများမှ ရွှေ့ပြောင်းနေထိုင်သူများအတွက်လည်း သက်ဆိုင်ရာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့နှင့် ညှိနှိုင်းပေါင်းစပ်ကာ မှန်ကန်သောစာရင်းများရရှိစေရေးအတွက် ဆောင်ရွက်ကြရန်လိုကြောင်း၊ ကိုဗစ်-၁၉ ကာလအတွင်း လုပ်ငန်းများဆောင်ရွက်ရာတွင် အခြေအနေအရပ်ရပ်အား ဘက်ပေါင်းစုံမှ သုံးသပ်ဆောင်ရွက်ကြရန်လိုကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီးအတွင်း ထုတ်ပေးထားသည့် အိမ်ထောင်စုလူဦးရေစာရင်းများအား ကွန်ပျူတာစနစ်ဖြင့် ပြန်လည်ဖြည့်သွင်းမှတ်တမ်းတင် ဆောင်ရွက်နေမှုလုပ်ငန်းစဉ်အား ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပေါင်မြို့နယ်၌ ကျေးရွာ ၁၃ ရွာတွင် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်မည်

**ပေါင် ဇူလိုင် ၁၆**

ကိုဗစ်-၁၉ ကာလ စီးပွားရေးကုစားမှု အစီအစဉ်အရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသော ကျေးရွာ မတည်ရန်ပုံငွေစီမံကိန်း (VRFP)နှင့် Cash For Work စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ပေါင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ခုနစ်ရွာနှင့် Cash for Work စီမံကိန်း ခြောက်ရွာတို့တွင် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP)တွင် အိမ်ခြေ ၁၀၀ နှင့်အထက် ကျေးရွာများကို ငွေကျပ်သိန်း ၃၀၀ ၊ အိမ်ခြေ ၅၁ နှင့် ၁၀၀ ကြားအတွင်းရှိ ကျေးရွာများကို ငွေကျပ် သိန်း ၂၀၀ ၊ အိမ်ခြေ ၅၀ အောက် ကျေးရွာများကို ငွေကျပ်သိန်း ၁၀၀ မတည်ထောက်ပံ့ပေးမည်ဖြစ်ပြီး Cash for Work စီမံကိန်းတွင် ကိုဗစ်-၁၉ ကာလအတွင်း ဝင်ငွေရရှိစေရေး ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ငွေကျပ်သိန်း ၁၀၀ ထောက်ပံ့ပေးမည်ဖြစ်ကြောင်း သိရသည်။

**မိုးဝင်း(ကျေးလက်)**



# ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ကိုဗစ်-၁၉ ရောဂါအတွက် ကာကွယ်ဆေးကို ဖော်စပ်ထုတ်လုပ်နိုင်ခဲ့ပြီဖြစ်ကြောင်း ပြောကြား

**မော်စကို ဇူလိုင် ၁၆**

ဘေးကင်းပြီး စိတ်ချရသည့် ကိုဗစ်-၁၉ ကာကွယ်ဆေးကို လက်တွေ့စမ်းသပ်လေ့လာမှုများ အဆင့်ဆင့်လုပ်ဆောင်ခဲ့ပြီးနောက်တွင် ကာကွယ်ဆေးကို ဖော်စပ်ထုတ်လုပ်နိုင်ခဲ့ပြီဖြစ်ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ဇူလိုင် ၁၅ ရက်တွင် ပြောကြားခဲ့သည်။

ကာကွယ်ဆေးထုတ်လုပ်နိုင်ရန် သုတေသနဆောင်ရွက်ခဲ့မှုအတွင်း စေတနာ့ရှင် ပြည်သူ ၁၈ ဦး ပူးပေါင်းပါဝင်ခဲ့ပြီး ၎င်းတို့မှာ ပြင်းထန်သည့် သက်ရောက်မှုများ၊ ကျန်းမာရေးဆိုင်ရာ အကြောင်းပြချက်များနှင့် နောက်ဆက်တွဲဘေးထွက်ဆိုးကျိုးများ ခံစားခဲ့ရခြင်းမရှိဘဲ ပြန်လည်သက်သာကောင်းမွန်သွားပြီဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

လေ့လာစမ်းသပ်မှုအတွင်း ထွက်ပေါ်လာခဲ့သည့် ရလဒ်များက ကာကွယ်ဆေး၏ ဘေးကင်းစိတ်ချရမှုနှင့် ကောင်းစွာခံနိုင်ရည်ရှိမှုနှင့်ပတ်သက်၍ ၎င်းတို့ကို ယုံကြည်မှုရှိစေကြောင်း ကာကွယ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

ကာကွယ်ဆေးဖြင့် စမ်းသပ်ခဲ့မှုအတွင်း လူနာများ၏ ကိုယ်တွင်းရှိ ခုခံအားစနစ်ကောင်းစွာအလုပ်လုပ်ပြီး ပဋိဇီဝပစ္စည်းများ ပြုလုပ်ပေးခဲ့ရာ ကိုဗစ်-၁၉ ဗိုင်းရပ်စ်ကို ကာကွယ်တားဆီးနိုင်ခဲ့ကြောင်း သုတေသနပညာရှင် စဗက်တလန်နာ ဗိုလ်ချီခီနာက ပြောကြားခဲ့သည့်ရုပ်သံကို ကာကွယ်ရေးဝန်ကြီးဌာနက ထုတ်လွှင့်ပြသခဲ့သည်။

ယခုဖော်စပ်လိုက်သည့် ကာကွယ်ဆေးသည် ကိုဗစ်-၁၉ ဗိုင်းရပ်စ်ကို ရာနှုန်းပြည့်ကာကွယ်ပေးနိုင်ကြောင်း လေ့လာစမ်းသပ်မှုအတွင်း ပါဝင်ခဲ့သည့် တပ်မတော်သားတစ်ဦးက ဆေးရုံမှဆင်းလာပြီးနောက် ပြောကြားခဲ့သည်။

**အေအက်ဖ်ပီ**




# ထိုင်းနိုင်ငံသို့ ပြန်ရောက်လာသည့် နေရပ်ပြန်ပြည်သူအများအပြားတွင် အဖျားကြီးသည့်လက္ခဏာများတွေ့ရ

**ဘန်ကောက် ဇူလိုင် ၁၆**

ထိုင်းနိုင်ငံရှိ သုဝဏ္ဏဘူမိလေဆိပ်သို့ ဇူလိုင် ၁၅ ရက်တွင် ပြည်ပမှ ပြန်ရောက်လာကြသည့် နေရပ်ပြန်ပြည်သူ ၂၁ ဦးတွင် ကိုယ်အပူချိန်အလွန်မြင့်တက်နေသည်ကို စစ်ဆေးတွေ့ရှိခဲ့ရပြီးနောက် ၎င်းတို့အားလုံးကို ဆေးရုံများသို့ ပို့ဆောင်ရန် ညွှန်ကြားခဲ့ကြောင်း သိရသည်။

ကာတာ၊ တရုတ်၊ ဘင်္ဂလားဒေ့ရှ်နှင့် ဂျပန်နိုင်ငံတို့မှ လေကြောင်းခရီးစဉ်ငါးခုဖြင့် ထိုင်းနိုင်ငံသို့ ပြန်ရောက်လာကြသည့် နေရပ်ပြန်ပြည်သူ ၅၀၆ ဦးရှိကြောင်း သိရသည်။ ကာတာနိုင်ငံမှ ပျံသန်းထွက်ခွာလာသည့် လေယာဉ်သည် ဇူလိုင် ၁၅ ရက် ဒေသစံတော်ချိန် နံနက် ၇ နာရီ ၂၅ မိနစ်တွင် ထိုင်းနိုင်ငံ သုဝဏ္ဏဘူမိ လေဆိပ်သို့ ဆိုက်ရောက်ခဲ့သည်။

လေယာဉ်ပေါ် လိုက်ပါလာသည့် ခရီးသည်များအားလေဆိပ်၌ ကျန်းမာရေးစစ်ဆေးခြင်း ဆောင်ရွက်ခဲ့ရာတွင် ထိုင်းနိုင်ငံသားတစ်ဦးမှာ အဖျားမရှိသော်လည်း ရောဂါပိုးကူးစက်ခံရခြင်း ရှိ၊ မရှိ စောင့်ကြည့်ရန် ၎င်းကို နိုင်ငံတော်က စီစဉ်ထားသည့် ကန့်သတ်စောင့်ကြည့်အဆောက်အအုံသို့ ပို့ဆောင်ခဲ့သည်။

BR201 လေယာဉ်ဖြင့် နေရပ်ပြန်ပြည်သူ ၂၂၃ ဦး လိုက်ပါလာပြီး ခြောက်ဦးမှာ ကိုယ်အပူချိန်အလွန်မြင့်နေသည့်အတွက် ဆေးရုံများသို့ ချက်ချင်းပို့ဆောင်ခဲ့သည်။ ကျန်ရှိသူများအားလုံး ထိုရောဂါပိုး ကူးစက်ခံရခြင်း ရှိ၊ မရှိစောင့်ကြည့်ရန် နိုင်ငံတော်က စီစဉ်ထားသည့် ကန့်သတ်စောင့်ကြည့်အဆောက်အအုံသို့ ပို့ဆောင်ခဲ့သည်။




ထိုင်းနိုင်ငံ သုဝဏ္ဏဘူမိလေဆိပ်သို့ ရောက်ရှိလာသည့် နေရပ်ပြန်အချို့ကို တွေ့ရစဉ်။

ဘင်္ဂလားဒေ့ရှ်မှ ရောက်ရှိလာသည့် BG4188 လေယာဉ်ပေါ်တွင် လိုက်ပါလာသူ ၂၅ ဦးမှာ အဖျား လုံးဝမရှိသော်လည်း ၎င်းတို့ကို ကန့်သတ်စောင့်ကြည့်မှုပြုလုပ်ရန် လိုအပ်သောကြောင့် ဘတ်စ်ကားဖြင့် ပတ္တရားနှင့် ဘန်ကောက်မြို့ရှိ ကန့်သတ်စောင့်ကြည့် ဌာနများသို့ ပို့ဆောင်ခဲ့ကြောင်း သိရသည်။ JI031 လေယာဉ်ပေါ်တွင် နေရပ်ပြန် ထိုင်းပြည်သူ ၂၃၂ ဦး လိုက်ပါလာပြီး ၎င်းတို့အနက် ၁၅ ဦးမှာ အဖျားတက်နေသည့်အတွက် ဆေးရုံသို့ ချက်ချင်းပို့ဆောင်ခဲ့ကြောင်း သိရသည်။ **ဘန်ကောက်ပို့စ်**

# တူရကီနိုင်ငံအရှေ့ပိုင်းတွင် ကင်းထောက်လေယာဉ်တစ်စင်းပျက်ကျကာ ခုနစ်ဦးသေဆုံး

**အန်ကာရာ ဇူလိုင် ၁၆**

တူရကီနိုင်ငံအရှေ့ပိုင်း ဗန်ပြည်နယ်တွင် ကင်းထောက်လေယာဉ်တစ်စင်း ပျက်ကျမှုဖြစ်ပွားခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်ခုနစ်ဦးသေဆုံးခဲ့ကြောင်း တူရကီနိုင်ငံပိုင် အနာဒိုလူသတင်းအေဂျင်စီက ဖော်ပြခဲ့သည်။

လေယာဉ်ပျက်ကျသည့်နေရာသို့ရောက်ရှိခဲ့သည့် မျက်မြင်သက်သေတစ်ဦးက လေယာဉ်သည် ဇူလိုင် ၁၅ ရက်နေ့ခင်းပိုင်းတွင် အာတိုစ်တောင်ပေါ်၌ ပျက်ကျခဲ့ခြင်း ဖြစ်ကြောင်းနှင့် သေဆုံးသူများထဲတွင် လေယာဉ်မှူးနှစ်ဦးပါဝင်ကြောင်း ပြောကြားခဲ့သည်။

ကင်းထောက်လေယာဉ်ပျက်ကျရသည့် အကြောင်းရင်းကို စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ရရှိသည့်သတင်းများအရ လေယာဉ်မှူးသည် ဒေသစံတော်ချိန် ည ၁၀ နာရီခွဲတွင် ဆက်သွယ်ရေးတာဝါတိုင်နှင့် နောက်ဆုံးအကြိမ် ဆက်သွယ်ခဲ့ပြီးနောက် ၁၀ မိနစ်အကြာတွင် ရေဒါနှင့် အဆက်အသွယ်ပြတ်တောက်သွားကြောင်း သိရသည်။

လေယာဉ်ပျက်ကျမှုအတွင်း သေဆုံးခဲ့သည့် စစ်သည်ခုနစ်ဦးနှင့် ၎င်းတို့၏ မိသားစုများအတွက် ဝမ်းနည်းပူဆွေးကြောင်း ဗန်ပြည်နယ် အုပ်ချုပ်ရေးမှူး မီမက်အီမင်ဘီမက်ဇ်က ဖော်ပြခဲ့သည်။ **ဆင်ဟွာ**

# လာမည့် ဩဂုတ်လမှစတင်ကာ ရေနံထုတ်လုပ်မှုကိုတိုးမြှင့်ရန် အိုပက်အဖွဲ့ဝင်နိုင်ငံများ သဘောတူ

**ရီယာ့ဒ် ဇူလိုင် ၁၆**

ကမ္ဘာ့နိုင်ငံအများအပြားတို့တွင် စီးပွားရေးလှုပ်ရှားမှုများ ပြန်လည်စတင်နေပြီဖြစ်ရာ ဝယ်လိုအားပြန်လည်ကောင်းမွန်လာနိုင်သည့် မျှော်မှန်းချက်ဖြင့် လာမည့် ဩဂုတ်လမှစတင်ကာ ရေနံထုတ်လုပ်မှုကိုတိုးမြှင့်ရန် ရေနံထုတ်လုပ်သည့်နိုင်ငံများက သဘောတူခဲ့ကြောင်း သိရသည်။

**၁၀ ရာခိုင်နှုန်း လျှော့ချ**

ရုရှားနိုင်ငံအပါအဝင် ဆော်ဒီအာရေဗျနှင့်အခြားသော အိုပက်အဖွဲ့ဝင်နိုင်ငံများသည် ကမ္ဘာ့ရေနံစိမ်းဈေးနှုန်းကို ဆက်လက်ထိန်းထားနိုင်ရန်အတွက် ပြီးခဲ့သည့်မေလမှစတင်ကာ ရေနံထုတ်လုပ်မှုကို တစ်ရက်လျှင် ရေနံစည်ပေါင်း ၉ ဒသမ ၇ သန်းအထိ လျှော့ချခဲ့ကြပြီး ယင်းပမာဏသည် ကမ္ဘာ့ရေနံထုတ်လုပ်မှု ပမာဏစုစုပေါင်း၏ ၁၀ ရာခိုင်နှုန်းဖြစ်သည်။

**တိုးမြှင့်ထုတ်လုပ်မည်**

ကိုဗစ်-၁၉ ကပ်ရောဂါ ကျရောက်မှုကာလအတွင်း ရေနံဝယ်လိုအားကျဆင်းမှု ကြောင့် ရေနံထုတ်လုပ်မှုကို လျှော့ချခဲ့ကြခြင်းဖြစ်ပြီး လာမည့် ဩဂုတ်လတွင် တစ်ရက်လျှင် ရေနံစိမ်းစည်ပေါင်း နှစ်သန်းအထိ စတင်တိုးမြှင့်ထုတ်လုပ်မည် ဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ကိုဗစ်-၁၉ စစ်ဆေးချက်ရလဒ်အတုများ ထုတ်ပေးခဲ့သည့် ဆေးရုံပိုင်ရှင်ကို ဖမ်းဆီး

**ဒါကာ ဇူလိုင် ၁၆**

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် လူနာများအား ကိုဗစ်-၁၉ စစ်ဆေးချက် ရလဒ်အတုများ ထုတ်ပေးခဲ့သည့် ပုဂ္ဂလိကဆေးရုံပိုင်ရှင်တစ်ဦးကို ဇူလိုင် ၁၅ ရက်တွင် အိန္ဒိယနိုင်ငံသို့ ၎င်းထွက်ပြေးရန် ကြိုးပမ်းစဉ်အတွင်း ရဲများက ဖမ်းဆီးခဲ့ကြောင်း သိရသည်။

မိုဟာမက် ရှာဟတ်သည် ၎င်း၏ ဆေးပေးခန်းနှစ်ခုတွင် လာရောက်စစ်ဆေးမှုခံယူကြသည့် လူနာများကို ကိုဗစ်-၁၉ စစ်ဆေးစမ်းသပ်မှု အမှန်တကယ် လုပ်ဆောင်ခဲ့ခြင်းမရှိဘဲ ကိုဗစ်-၁၉ ရောဂါပိုးမရှိကြောင်း ဆေးစစ်ချက် လက်မှတ်အတုများ ထုတ်ပေးခဲ့သည်ဆိုသော စွပ်စွဲမှုများနှင့်ပတ်သက်၍ ကိုးရက်ကြာအောင် စုံစမ်းစစ်ဆေးမှု ပြုလုပ်ခဲ့ပြီးနောက်တွင် ၎င်းကို ဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ပြီးခဲ့သည့် ရက်အနည်းငယ်အတွင်း ကိုဗစ်-၁၉ စစ်ဆေးချက်ရလဒ်အတုများ ထုတ်ပေးမှုနှင့်ပတ်သက်၍ အာဏာပိုင်များက ၎င်းအပါအဝင် လူအချို့ကို ဖမ်းဆီးထိန်းသိမ်းခဲ့သည်။

မှားယွင်းသည့် စာရွက်စာတမ်း အထောက်အထား ဖော်ပြမှုများသည် လူဦးရေ ၁၆၈ သန်းရှိသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွင်း ကိုဗစ်-၁၉ ဗိုင်းရပ်စ် ကူးစက်ဖြစ်ပွားမှုများ အခြေအနေဆိုးဆိုးရွားရွား ရောက်ရှိစေခဲ့ကြောင်း ကျွမ်းကျင်သူများက ထောက်ပြခဲ့ပြီး ဆေးရုံ ဆေးခန်းအသီးသီးတို့မှ ထုတ်ပေးနေသည့် ဗိုင်းရပ်စ် စစ်ဆေးချက်ရလဒ် အမျိုးမျိုးတို့အပေါ် သံသယဖြစ်မိကြောင်း ဖော်ပြခဲ့သည်။

**ဘန်ကောက်ပို့စ်**




ကိုဗစ်-၁၉ စစ်ဆေးချက်ရလဒ်အတုများ ထုတ်ပေးခဲ့သည့် မိုဟာမက်ရှာဟတ်အား ရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့မှုကို တွေ့ရစဉ်။

# ဘရာဇီးသမ္မတ ဒုတိယအကြိမ် ကိုဗစ်-၁၉ စစ်ဆေးမှုတွင် ရောဂါပိုးရှိကြောင်း အတည်ပြု

ဆော်ပိုလို ဇူလိုင် ၁၆

**ဘရာဇီးနိုင်ငံ သမ္မတ ဂျာဘော်ဆိုနာရိုသည် ပထမအကြိမ် ကိုဗစ်-၁၉ ပိုးစမ်းသပ်တွေ့ရှိပြီး တစ်ပတ်အကြာ ဇူလိုင် ၁၅ ရက်တွင် ဒုတိယအကြိမ်စစ်ဆေးမှု ထပ်မံပြုလုပ်ခဲ့ရာ ကိုဗစ်-၁၉ ဗိုင်းရပ်စ် ထပ်မံတွေ့ရှိခဲ့ကြောင်း သတင်းရရှိသည်။**

ဘော်ဆိုနာရိုသည် ကိုဗစ်-၁၉ စစ်ဆေးမှုကို ယမန်နေ့က ပြုလုပ်ခဲ့ကြောင်း၊ ယင်းနေ့ညမှာပင် ကိုဗစ်-၁၉ မပျောက်သေးဘဲ ကူးစက်ခံထားရကြောင်းအတည်ပြုချက် ထွက်ပေါ်လာခဲ့လာသည်။


ရက်အနည်းငယ်တွင် မိမိကို စမ်းသပ်မှုအသစ်တစ်ခုပြုလုပ်လိမ့်ဦးမည်ဖြစ်ကြောင်း၊ အရာအားလုံး ကောင်းသွားလိမ့်မည်ဖြစ်ကြောင်း၊ ပုံမှန်လုပ်ဆောင်မှုများကို ပြန်လည်လုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း သမ္မတက ၎င်း၏ ဖေ့စ်ဘွတ်ခ်တွင် တိုက်ရိုက်ထုတ်လွှင့် ပြောကြားခဲ့သည်။

ဘော်ဆိုနာရိုသည် နောက်ဆုံးအကြိမ်စမ်းသပ်မှုကို ဇူလိုင် ၁၅ ရက်က ပြုလုပ်ခဲ့ပြီး ရလဒ်ကို အဆိုပါနေ့တွင်ပင် ရရှိခဲ့ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြခဲ့သည်။

ဘော်ဆိုနာရိုသည် ဖျားနာခြင်းနှင့်နေထိုင်မကောင်းဖြစ်ခြင်းကြောင့် ဘရာဇီးတပ်မတော်ဆေးရုံတွင် ရောဂါစစ်ဆေးမှုခံယူခဲ့ရာ ကိုဗစ်-၁၉ ကူးစက်ခံရကြောင်း ဇူလိုင် ၇ ရက်က ကြေညာခဲ့သည်။

ဆရာဝန်က သမ္မတအား လုံခြုံရေးအစောင့်အရှောက်များဖြင့် အယ်လ်ဗိုရာဒါနန်းတော်တွင် ရောဂါသက်သာမှုရှိရေးအတွက် သီးသန့်သွားရောက်နေထိုင်ရန် ညွှန်ကြားခဲ့သည်။

အသက် ၆၅ နှစ်ရှိသော ဘော်ဆိုနာရိုကို ကိုဗစ်-၁၉ အသစ်ဖြစ်ပွားသည့် အန္တရာယ်ရှိသည့်အုပ်စုတွင် ထည့်သွင်းရန် စဉ်းစားလျက်ရှိကြောင်း သိရသည်။ **ဆင်ဟွာ**



နှာခေါင်းစည်းတပ်ဆင်ထားသော ဘရာဇီးသမ္မတ ဂျာဘော်ဆိုနာရို အယ်ဗိုရာဒါနန်းတော်အပြင်ဘက်တွင် အစောင့်များနှင့် စကားပြောနေသည်ကိုတွေ့ရစဉ်။

# ထိုင်းအရောင်းပြပွဲမှ ကားဈေးကွက်ပြန်လည်ရရှိဖို့ ကားကုမ္ပဏီများမျှော်လင့်လျက်ရှိ

**ဘန်ကောက် ဇူလိုင် ၁၆**

ကမ္ဘာတစ်ဝန်း မော်တော်ယာဉ်ထုတ်လုပ်ရေးကုမ္ပဏီများသည် ကိုဗစ်-၁၉ ကပ်ရောဂါ၏ ရိုက်ခတ်မှုဂယက်ကို ပြင်းပြင်းထန်ထန်ခံနေရသည့် ကားအရောင်းလုပ်ငန်းများ ပြန်လည်အားကောင်းလာရန် မျှော်လင့်ချက်ဖြင့် ထိုင်းနိုင်ငံ၏ မော်တော်ယာဉ်ပြပွဲတစ်ခုတွင် ၎င်းတို့၏ လူကြိုက်များသည့် ကားမော်ဒယ်များကို ပြသခဲ့ကြောင်း သိရသည်။

အဆိုပါ ဘန်ကောက်အပြည်ပြည်ဆိုင်ရာ ကားအရောင်းပြပွဲကို ဇူလိုင် ၁၅ ရက်က ကျင်းပခဲ့ကြောင်း သိရပြီး မော်တော်ယာဉ်အမှတ်တံဆိပ် ၄၀ ခန့် ပါဝင်ပြသခဲ့ကြောင်း သိရသည်။

အဆိုပါ ကားအရောင်းပြပွဲကို မူလစီစဉ်ထားသည်ထက် လေးလနောက်ကျပြီးမှ ပြသနိုင်ခဲ့ခြင်းဖြစ်သည်။

ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိုင်းနိုင်ငံ၏ စီးပွားရေးသည် တစ်ဟုန်ထိုးကျဆင်းလာခဲ့သည်။




ထိုင်းကားအရောင်းပြပွဲတွင် ပြသထားသည့်ကားများကို တွေ့ရစဉ်။

၂၀၂၀ ခုနှစ်၏ ပထမ ငါးလအတွင်း ကားအသစ်ရောင်းချရမှုသည် လွန်ခဲ့သည့်နှစ် အလားတူကာလထက် ၄၀ ရာခိုင်နှုန်းခန့် ကျဆင်းခဲ့သည်။

ပြပွဲတွင် ထိုင်း၌ လူကြိုက်များသည့် အက်စ်ယူဗွီမော်ဒယ်သစ်များ၊ ဂျပန်မော်တော်ယာဉ်ကုမ္ပဏီ တိုယိုတာ၊ နစ်ဆန်းနှင့် တရုတ်ကုမ္ပဏီ အမ်ဂျီအမှတ်တံဆိပ် ကားများကိုလည်း ပြသခဲ့သည်။

ထိုင်းအခြေစိုက် တိုယိုတာကုမ္ပဏီ၏ အမှုဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ စူရာ စက်စုသုန်ဝမ်က ကားရောင်းချမှုများနှင့် ပတ်သက်သည့် ခန့်မှန်းချက်များသည် သေချာပေါက်ဆက်လက် ကျဆင်းနိုင်ကြောင်း ပြောကြားလိုက်သည်။

ကိုဗစ်-၁၉ ကာလအတွင်းတွင် ဝယ်ယူသူများအနေဖြင့် ကားများကို လွယ်လွယ်ကူကူ ဝယ်ယူနိုင်ရန် ကုမ္ပဏီများက အတိုးနည်းသည့် ချေးငွေစနစ်နှင့် တခြားငွေပေးချေမှုနည်းလမ်းများကို ကမ်းလှမ်းလျက်ရှိကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# တိုကျိုတွင် ကိုဗစ်-၁၉ အသစ်ထပ်မံကူးစက်သူ ၂၈၆ ဦးအထိမြင့်တက်

**တိုကျို ဇူလိုင် ၁၆**

တိုကျိုမြို့တွင် နိုင်ငံတော်အရေးပေါ် အခြေအနေရုပ်သိမ်းလိုက်ပြီးနောက် ဇူလိုင် ၁၆ ရက်က ကိုဗစ်-၁၉ အသစ်ထပ်မံကူးစက်ဖြစ်ပွားသူပေါင်း ၂၈၆ ဦး မြင့်တက်လာသည်ဟု မှတ်တမ်းတင်နိုင်ခဲ့ကြောင်း တိုကျိုအာဏာပိုင်များက ပြောကြားလိုက်သည်။

အဆိုပါပမာဏသည် လွန်ခဲ့သောရက်က ကိုဗစ်-၁၉ ကူးစက်ခံရသည့် အရေအတွက်ဖြစ်သည့် ၂၄၃ ဦးထက် ပိုများကြောင်း သိရသည်။

ယခုအခါတွင် တိုကျိုတစ်ဝန်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၈၆၄၀ ရှိလာပြီဖြစ်သည်။ တာဝန်ရှိသူများက မလိုအပ်ဘဲ မြို့ပြင်ထွက်ခရီးသွားလာခြင်းမပြုရန် ဒေသခံများကို တိုက်တွန်းထားကြောင်း သိရသည်။

ထို့အပြင် တိုကျိုမြို့ ရှင်ကျူကုရပ်ကွက်တွင် ကိုဗစ်-၁၉ စစ်ဆေးမှုများကို အရှိန်မြှင့်တင်ဆောင်ရွက်လျက်ရှိရာ ၎င်းတို့ထဲမှ လူအတော်များများ ကိုဗစ်-၁၉ ကူးစက်ခံထားရကြောင်း သိရသည်။ ကျန်းမာရေးဝန်ထမ်းများနှင့် အလုပ်သမားများက နောက်ထပ် ကိုဗစ်-၁၉ ကူးစက်မှုမြင့်တက်လာခြင်းအပေါ် စိုးရိမ်လျက်ရှိသည်။ **အင်န်အိတ်ချ်ကေ**



တိုကျိုမြို့၌ လုပ်ငန်းခွင်ဝင်ရန်သွားလာနေကြသည့် ပြည်သူများကို တွေ့ရစဉ်။

## တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသူ ၆၁ ဦး တွေ့ရှိ

**ဆိုးလ် ဇူလိုင် ၁၆**

တောင်ကိုရီးယားနိုင်ငံတွင် ဇူလိုင် ၁၆ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသူ ၆၁ ဦး စစ်ဆေးတွေ့ရှိခဲ့ကြောင်း သိရသည်။ နိုင်ငံအတွင်းရောဂါကူးစက်ခံရသူ အရေအတွက်စုစုပေါင်း ၁၃၆၁၂ ဦး ရှိလာပြီဖြစ်သည်။

တောင်ကိုရီးယားနိုင်ငံအတွင်း ပြည်ပမှ ရောဂါကူးစက်ခံခဲ့ရမှုများနှင့် ပြည်တွင်း၌ အစုလိုက်ရောဂါကူးစက်မှုများ ဆက်လက်ဖြစ်ပွားမှုကြောင့် သုံးရက်အတွင်း ရောဂါကူးစက်ခံရသူအရေအတွက် ၆၀ ကျော်အထိ မြင့်တက်လာခဲ့သည်။ အသစ်ထပ်မံကူးစက်ခံရသူများထဲတွင် ၄၇ဦးမှာ ပင်လယ်ရပ်ခြား၌ ကူးစက်ခံခဲ့ရခြင်းဖြစ်သည်။ ယင်းပမာဏသည် ရက်ပေါင်း ၁၁၃ရက်အတွင်း အမြင့်ဆုံးရောဂါကူးစက်မှုပမာဏဖြစ်ပြီး သေဆုံးသူ သုံးဦး ထပ်တိုးလာကြောင်း သိရသည်။ **ဆင်ဟွာ**

## တရုတ်နိုင်ငံတွင် ကိုဗစ်-၁၉ အခြေအနေ ပြန်လည်ကောင်းမွန်မှု တိုးတက်လာပြီးနောက် ရုပ်ရှင်ရုံများ ပြန်လည်ဖွင့်လှစ်ခွင့်ပြု

**ပေကျင်း ဇူလိုင် ၁၆**

တရုတ်နိုင်ငံတွင် ကိုဗစ်-၁၉ အခြေအနေ တိုးတက်လာပြီးနောက် ရောဂါဖြစ်ပွားမှုနည်းပါးသည့်နေရာများရှိ ရုပ်ရှင်ရုံများကို ဇူလိုင် ၂၀ ရက်မှစတင်ကာ ပြန်လည်ဖွင့်လှစ်ခွင့်ပြုမည်ဖြစ်ကြောင်း တရုတ်နိုင်ငံ ရုပ်ရှင်လုပ်ငန်းစီမံခန့်ခွဲမှုဦးစီးဌာနက ဇူလိုင် ၁၆ ရက်တွင် ပြောကြားလိုက်သည်။

အဆိုပါရုပ်ရှင်ရုံများသည် သင့်တင့်လျောက်ပတ်သော ကာကွယ်၊ ထိန်းချုပ်ရေးဆောင်ရွက်ချက်များကို နေရာတကျလုပ်ဆောင်ကာ ပြန်လည်ဖွင့်လှစ်ရမည်ဖြစ်ကြောင်း သိရသည်။ ရုပ်ရှင်ရုံများအနေဖြင့် ၎င်းတို့၏ တည်နေရာသည် ရောဂါဖြစ်ပွားမှု အလယ်အလတ် သို့မဟုတ် ပြင်းထန်သည့်နေရာများတွင် တည်ရှိပါက ဖွင့်လှစ်ရန် ဆိုင်းငံ့ထားရမည်ဖြစ်ကြောင်း ရုပ်ရှင်လုပ်ငန်းစီမံခန့်ခွဲမှုဦးစီးဌာန၏ ကြေညာချက်တွင် ဖော်ပြထားသည်။

**ဆင်ဟွာ**

## ဂျပန်နိုင်ငံရှိ ရေဘေးသင့်ဧရိယာများတွင် မြေပြိုမှုဆက်လက်ဖြစ်ပွားနိုင်ကြောင်း သတိပေး

**တိုကျို ဇူလိုင် ၁၆**

ဂျပန်နိုင်ငံ၌ မိုးသည်းထန်စွာရွာသွန်းခဲ့သည့်ဧရိယာများတွင် အဆိုးဆုံးထိခိုက်ဆုံးရှုံးမှုများ ပြီးဆုံးတော့မည်ဖြစ်သော်လည်း မိုးရွာသွန်းမှုသည် နိုင်ငံတောင်ပိုင်းဆီ ဆက်လက်ဦးတည်လျက်ရှိရာ ပြည်သူများအနေဖြင့် မြေပြိုမှုများ ဖြစ်ပွားနိုင်သည့်အန္တရာယ်ကို ဆက်လက်သတိထား စောင့်ကြည့်ကြရန် လိုအပ်ကြောင်း မိုးလေဝသအာဏာပိုင်များက သတိပေးခဲ့သည်။

ရှီမာနီခရိုင်တွင် ရေလွှမ်းမှုဖြစ်ပွားပြီးနောက် ရေများပြန်လည်လျော့ကျလာပြီဖြစ်ကြောင်း သိရသည်။ အဆိုပါနေရာတွင် မြစ်ရေမြင့်တက်မှုကြောင့် နေအိမ်များ ရေနစ်မြုပ်ခဲ့သည်။ ဂိုဆူမြို့တွင် ဒေသခံပြည်သူ ၆၀၀၀ကျော်ကို ကယ်ဆယ်ရေးဆောင်ရွက်ရန် အမိန့်ထုတ်ထားသည်။

အချို့နေရာများတွင် မြေပြင်အခြေအနေတည်ငြိမ်မှုမရှိသေးသည့်အတွက် မြေပြိုမှုဖြစ်နိုင်သည့်အန္တရာယ်ကို စိုးရိမ်ရကြောင်း သိရသည်။ နိုင်ငံ အနောက်တောင်ပိုင်းတွင်လည်း ရေဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေးဆက်လက်လုပ်ဆောင်နေကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

## နိုင်ငံတော်နဲ့ပြည်သူအကြား ဆက်ဆံရေးဟာ အင်မတန် အရေးကြီး



နိုင်ငံတော်နဲ့ပြည်သူအကြား ဆက်ဆံရေးဟာ အင်မတန် အရေးကြီးပါတယ်။ နိုင်ငံတော်လို့ဆိုရာမှာ အစိုးရက ဦးဆောင်ရတဲ့၊ နိုင်ငံကိုလည်ပတ်စေတဲ့ သက်ရှိ သက်မဲ့ ယန္တရားကြီးတစ်ခုလုံးကို ထည့်သွင်း အဓိပ္ပာယ်ဖော်ပါတယ်။ အားကိုးလောက်တဲ့ နိုင်ငံတော် ပေါ်ထွန်းဖို့၊ အားကိုးလောက်တဲ့ ပြည်သူတွေ ရှိဖို့လိုပါတယ်။

Covid ရောဂါ တစ်ကမ္ဘာလုံး ပျံ့နှံ့နေချိန်မှာ နိုင်ငံအသီးသီးက ပုံစံအမျိုးမျိုးနဲ့ ဒီပြဿနာကို ကိုင်တွယ်ကြပါတယ်။ ကျွန်မတို့က ပြည်သူသာ အဓိက ဆိုတဲ့ ယုံကြည်မှုအပေါ် ခိုင်မာစွာ ရပ်တည်ပြီး၊ ပြည်သူကို တန်ဖိုးထားသလို၊ ပြည်သူ့အားကိုယူကာ၊ တစ်ဦးအတွက် အားလုံး၊ အားလုံးအတွက် တစ်ဦးစိတ်ဓာတ်ကို တည်ဆောက်လျက်၊ ရောဂါအန္တရာယ်ကို ရင်ဆိုင်ကျော်လွှားဖို့ ဆောင်ရွက်နေပါတယ်။

ဆောင်ရွက်ချက်တစ်ရပ်ကတော့ ပြည်ပရောက်နေတဲ့ ပြည်သူတွေ ပြန်လာနိုင်ရေးဖြစ်ပြီး ပြည်ပနိုင်ငံအချို့မှာ ရောဂါပြန့်ပွားမှုနှုန်း မြင့်မားနေတာကြောင့်၊ ပြန်လာသူများထံမှ ရောဂါမပြန့်ပွားစေဖို့အတွက်လည်း အထူးဂရုစိုက်ပြီး ပြင်ဆင်ထားရပါတယ်။

**(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၏ ၁၃-၆-၂၀၂၀ ရက်နေ့တွင် ဖေ့စ်ဘွတ်၌ ရေးသားဖော်ပြချက်မှ ကောက်နုတ်ချက်)**

# ကိုဗစ်-၁၉ နှင့်စပ်လျဉ်းသည့် အာဆီယံ- တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပို့ဆောင်ရေးဝန်ကြီးများ အထူးအစည်းအဝေး ကျင်းပ




**နေပြည်တော် ဇူလိုင် ၁၆**

ကိုဗစ်-၁၉ နှင့်စပ်လျဉ်းသည့် ASEAN-China Transport Ministers' Special Meeting on COVID-19 အထူးအစည်းအဝေးကို ယနေ့တွင် Video Conferencing ဖြင့် ကျင်းပသည်။ (ယာပုံ)

အစည်းအဝေးသို့ အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပို့ဆောင်ရေးဝန်ကြီးများ၊ အာဆီယံအထွေထွေအတွင်းရေးမှူးချုပ်နှင့် အဖွဲ့ဝင်နိုင်ငံများမှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံမှ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ အမြဲတမ်းအတွင်းဝန်၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ လမ်းဦးစီးဌာနနှင့်မြန်မာ့မီးရထားတို့မှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်သည်။

အစည်းအဝေးတွင် ကိုဗစ်-၁၉ တုံ့ပြန်ရေးနှင့်စပ်လျဉ်း၍ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် တရုတ် ပြည်သူ့သမ္မတနိုင်ငံတို့မှ ဝန်ကြီးများက ဆွေးနွေးခဲ့ကြပြီး ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၌ ရောဂါဖြစ်ပွားမှုအခြေအနေ၊ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ၏ ဦးဆောင်မှုဖြင့် ဆောင်ရွက်နေမှု၊ လေကြောင်း၊ ရေကြောင်း၊ ရထားနှင့် ကုန်းလမ်းပို့ဆောင်ရေးလုပ်ငန်းများတွင် ခရီးသည်များအား ရောဂါကူးစက်မှု ကာကွယ်တားဆီးရေးအတွက် လိုက်နာဆောင်ရွက်နေမှု၊ ပုံမှန်လေကြောင်းခရီးစဉ်ပျံသန်းမှုများကို ကန့်သတ်ထားရှိ၍ ကယ်ဆယ်ရေးလေယာဉ်များ၊ အထူးလေယာဉ်များဖြင့် ခွင့်ပြုပျံသန်းပေးနေမှု၊ စီးပွားရေးထိခိုက်မှု သက်သာစေရန်အတွက် COVID-19 Economic Relief Plan (CERP) နှင့်အညီ ဆောင်ရွက်နေမှုများကို ဆွေးနွေးသည်။

ထို့အပြင် ပြည်ထောင်စုဝန်ကြီး က ယခုကဲ့သို့ ကပ်ရောဂါဖြစ်ပွားမှုများနှင့် အနာဂတ်တွင် ဖြစ်ပွားနိုင်သော မမျှော်မှန်းနိုင်သည့် အခြေအနေများကို သုံးသပ်၍ ဒေသအတွင်း၌ ဆေးဝါးများ၊ အရေးကြီးကုန်စည်များနှင့် အစားအသောက်များကို ပို့ဆောင်ရန် ကုန်းလမ်းဖြင့် နယ်စပ်ဖြတ်ကျော်ပို့ဆောင်ရေးသည် အလွန်အရေးပါမှုရှိသည်ကို သုံးသပ်တွေ့ရှိရပါကြောင်း၊ ဒေသတွင်း၌ Cross Border Transport ကို ထိရောက်စွာအကောင်အထည်ဖော်နိုင်ရန် မိမိတို့ နိုင်ငံများအားလုံး သဘောတူညီသည့်လုပ်ငန်းလမ်းညွှန်များရေးဆွဲရန်လိုအပ်ကြောင်း၊ ကုန်စည်များကို တစ်နိုင်ငံမှ တစ်နိုင်ငံသို့ နယ်စပ်တွင် နောက်တွဲယာဉ်လွှဲပြောင်းပို့ဆောင်သည့်စနစ်ကို အကောင်အထည်ဖော်နိုင်ရေး စမ်းသပ်လုပ်ဆောင်ရန်လိုအပ်ကြောင်း၊ နယ်စပ်စစ်ဆေးရေးစခန်းများတွင်လုံလောက်သော အထောက်အကူပစ္စည်းများဖြည့်တင်းရေးနှင့် ရောဂါဖြစ်ပွားမှု၊ ထိန်းချုပ်မှုနှင့် လိုက်နာဆောင်ရွက်ရမည့် အချက်များကို လွယ်ကူစွာသိရှိနိုင်ရေး ICT နည်းပညာကို တိုးမြှင့်အသုံးပြုရန် လိုအပ်ကြောင်း တိုက်တွန်းဆွေးနွေးပြောကြားခဲ့ပြီး အာဆီယံနှင့် တရုတ်နိုင်ငံတို့မှ ဝန်ကြီးများနှင့် အမြင်ချင်းဖလှယ်ခဲ့ကြသည်။ ဆက်လက်၍ ပြည်ပမှတ်ပုံတင် သင်္ဘောများတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် မြန်မာနိုင်ငံမှ သင်္ဘောသားများ၏ ရေယာဉ် တက်/ ဆင်း (Crew- change) ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အကူအညီပေးရေးကိုလည်း ထည့်သွင်းပြောကြားခဲ့သည်။

အစည်းအဝေးတွင် အာဆီယံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များ၊ ကိုဗစ်-၁၉ အလွန်ကာလများအတွက် ပို့ဆောင်ရေးကဏ္ဍမှ ဆောင်ရွက်သင့်သည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ Joint Statement of ASEAN-China Transport Ministers on Ensuring Smooth Transport and Logistics to Combat COVID-19 and Reactivate the Economy ကို ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

※ *ကျောဖုံးမှ*

ပြန်လည်ရောက်ရှိခဲ့ကြသည်။

ဖော်ပြပါ မြန်မာနိုင်ငံသားများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစိစစ်ရေးနှင့် (၂၁)ရက်တာအသွားအလာကန့်သတ်နေထိုင်ရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာအခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးသည်။

နိုင်ငံတကာခရီးသည်တင် လေယာဉ်များပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် မလေးရှားနိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားစုစုပေါင်း ၉၇၃ ဦးအား ကယ်ဆယ်ရေးလေယာဉ် ခုနစ်ကြိမ်တိုင်တိုင် ပျံသန်းပြေးဆွဲလျက် မြန်မာနိုင်ငံသို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ခေါ်ဆောင်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# COVID–19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

## (၁၆–၇–၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ

၁။ (၁၅–၇–၂၀၂၀) ရက်နေ့အတွက် COVID–19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် –

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ ထပ်မံစစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၅၄၂) ခုတွင်
    - COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် မတွေ့ရှိပါ။

၂။ (၁၆–၇–၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီအထိ မြန်မာနိုင်ငံတွင် COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၃၃၇) ဦး ရှိပါသည်။

၃။ သို့ဖြစ်ရာ (၁၅–၇–၂၀၂၀) ရက်နေ့အတွက် COVID–19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် –

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ ဓာတ်ခွဲနမူနာ (၈၇၇) ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR) မှ ဓာတ်ခွဲနမူနာ (၁၈၁) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲနမူနာ (၁၈၂) ခုနှင့်
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲနမူနာ (၁၈၉) ခု စုစုပေါင်း (၁၄၂၉) ခုအား စစ်ဆေးပြီးစီးခဲ့ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

**COVID–19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**

**(၁၆–၇–၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ**

| | |
|---|---|
| (၁၅–၇–၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ ထပ်မံစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၅၄၂) ခု |
| COVID–19 (SARS–CoV–2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) | (၀) ဦး |

# COVID–19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

## (၁၆–၇–၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

၁။ (၁၆–၇–၂၀၂၀) ရက်နေ့အတွက် COVID–19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် –

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ (ပထမအသုတ်) ဓာတ်ခွဲနမူနာ (၆၉၅) ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR) မှ ဓာတ်ခွဲနမူနာ (၂၈၉) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲနမူနာ (၁၈၅) ခုနှင့်
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲနမူနာ (၂၇၈) ခု၊
- ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) မှ ဓာတ်ခွဲနမူနာ (၁၇၃) ခု၊ စုစုပေါင်း (၁၆၂၀) ခုအား ယနေ့၊ ညနေတွင် စစ်ဆေးပြီးစီးခဲ့ရာ –
    - COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၂) ဦး တွေ့ရှိရပါသည်။

၂။ (၁၆–၇–၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီအထိ မြန်မာနိုင်ငံတွင် COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၃၃၉) ဦး ရှိပါသည်။

**COVID–19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**

**(၁၆–၇–၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | |
|---|---|
| (၁၆-၇-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၆၉၅) ခု |
| (၁၆-၇-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာနမှ စစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၈၉) ခု |
| (၁၆-၇-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၈၅) ခု |
| (၁၆-၇-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၇၈) ခု |
| (၁၆-၇-၂၀၂၀) ရက်နေ့တွင် ရန်ကုန်မြို့ အမှတ် (၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) မှ ဓာတ်ခွဲနမူနာ မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၇၃) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) | (၂) ဦး |

၃။ ဓာတ်ခွဲအတည်ပြုလူနာဟောင်း (old confirmed case) များ၏ ဓာတ်ခွဲနမူနာစစ်ဆေးမှုတွင် (၂) ကြိမ်ဆက်တိုက် ပိုးမတွေ့ရှိသူ (၄) ဦး (Case– 295, 297, 298, 307) တွေ့ရှိရသဖြင့် စုစုပေါင်း (၂၇၀) ဦး ရှိပါသည်။ ၎င်းတို့အနက် (၂၅၃) ဦးအား ဆေးရုံမှ ဆင်းခွင့်ပြုခဲ့ပြီးဖြစ်ကာ သတ်မှတ်နေရာများတွင် အသွားအလာ ဆက်လက်ကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၆) ဦး ရှိပါသည်။

၅။ (၁၅–၇–၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီမှ (၁၆–၇–၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၂၆) ဦး ရှိပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

**COVID–19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**

**(၁၆–၇–၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၂) ဦး | (၃၃၉) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၄) ဦး | (၂၇၀) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

**(၁၆–၇–၂၀၂၀) ရက်နေ့ ဓာတ်ခွဲစစ်ဆေးမှုများတွင် COVID–19 လူနာတွေ့ရှိမှု ည (၈:၀၀) နာရီ**

| လူနာအမှတ်စဉ် | အသက် | ကျား/မ | နေရပ်လိပ်စာ | COVID–19 ရောဂါ အတည်ပြုလူနာများနှင့်ထိတွေ့မှု | ပြည်ပသို့ ခရီးသွားရာဇဝင် ရှိ/ မရှိ | ဆေးကုသမှုခံယူစေမည့် ဆေးရုံ | COVID–19 ဓာတ်ခွဲအဖြေ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| 338 | ၂၄ နှစ် | ကျား | ပြင်ဦးလွင်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | မရှိ | ရှိ (ထိုင်း) | ကန်တော်နဒီ ကူးစက်ရောဂါကုဆေးရုံ (မန္တလေး) | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (အမရပူရမြို့နယ်) |
| 339 | ၂၇ နှစ် | ကျား | ကျောက်တော်မြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး စစ်တွေမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (ကျောက်တော်မြို့နယ်) |

# မြဝတီ အမှတ် (၂) ချစ်ကြည်ရေးတံတားမှ မြန်မာရွှေ့ပြောင်းလုပ်သား ၄၂၄ ဦး ဆက်လက်ဝင်ရောက်

**မြဝတီ ဇူလိုင် ၁၆**

ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်းလုပ်သား ၄၂၄ ဦးသည် မြဝတီ အမှတ် (၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် ယနေ့ ဆက်လက်ဝင်ရောက်လာခဲ့ကြောင်း သိရသည်။

ပြန်လည်ဝင်ရောက်လာသူများကို ကရင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်၊ ခရိုင်နှင့် မြို့နယ်မှ တာဝန်ရှိသူများက ကြိုဆိုခဲ့ပြီး ကျန်းမာရေးစစ်ဆေးမှုနှင့် အခြားသော လိုအပ်ချက်များကို ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ ခရိုင် / မြို့နယ်မှ တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြဝတီ အမှတ် (၂) ချစ်ကြည်ရေးတံတားမှ ပြန်လည်ဝင်ရောက်လာသူများအနေဖြင့် မေ ၁ ရက်မှ ဇူလိုင် ၁၆ ရက်အထိ စုစုပေါင်း ၄၇၉၇၆ ဦး ပြန်လည်ဝင်ရောက်ခဲ့ပြီးဖြစ်သည်။ ယနေ့ ပြန်လည်ဝင်ရောက်သူများမှာ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ အမျိုးသား ၂၄၇ ဦး၊ အမျိုးသမီး ၁၇၇ ဦး စုစုပေါင်း ၄၂၄ ဦးဖြစ်ကြောင်း သိရသည်။

**ထိန်လင်းအောင် (ပြန်/ဆက်)**



# ဇူလိုင် ၁၆ ရက်တွင် ကိုဗစ် - ၁၉ ရောဂါပိုးရှိသူ နှစ်ဦး ထပ်မံတွေ့ရှိ ရောဂါပိုးရှိသူ စုစုပေါင်း ၃၃၉ ဦးရှိပြီ

နေပြည်တော် ဇူလိုင် ၁၆

ယနေ့တွင် ကိုဗစ် – ၁၉ ရောဂါပိုးရှိသူ နှစ်ဦး ထပ်မံတွေ့ရှိသဖြင့် ယနေ့အထိ ရောဂါပိုးရှိသူ စုစုပေါင်း ဦးရေ ၃၃၉ ဦး ရှိပြီဖြစ်ကြောင်း၊ ထပ်တိုးလူနာ နှစ်ဦးမှာ ထိုင်းနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူ အသက် ၂၄ နှစ်အရွယ် အမျိုးသား တစ်ဦးနှင့် ခရီးသွားရာဇဝင်မရှိသည့် ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်မှ အသက် ၂၇ နှစ်အရွယ် အမျိုးသား တစ်ဦးတို့ဖြစ်ကြောင်း သိရသည်။

ရောဂါပိုးတွေ့ရှိသူဦးရေ ၃၃၉ ဦးအနက် သေဆုံးသူ ၆ ဦး၊ ပိုးမတွေ့ရှိတော့သူ ဦးရေ ၂၇၀၊ ဆေးရုံမှ ဆင်းခွင့်ပြုခဲ့သူ ၂၅၃ ဦးနှင့် ဇူလိုင် ၁၅ ရက် မွန်းတည့် ၁၂ နာရီမှ ဇူလိုင် ၁၆ ရက် မွန်းတည့် ၁၂ နာရီအတွင်း စောင့်ကြည့်လူနာအသစ် ၂၆ ဦးရှိကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ယနေ့ထုတ်ပြန်ချက်များအရ သတင်းရရှိသည်။

သတင်းစဉ်

## မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၉၇၆၅၁ | ၃၃၉ |
| **ရောဂါပိုးကင်းစင်လာသူ** | **သေဆုံးသူ** |
| ၂၇၀ | ၆ |

စောင့်ကြည့်လူနာ စုစုပေါင်း – ၆၄၂၉

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ – ၂၅၃ ဦး ( အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ )

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းဖော်ပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | သေဆုံးသူ |
|---|---|---|---|
| ၁ | ရန်ကုန် | ၂၆၂ | ၅ |
| ၂ | ရခိုင် | ၁၅ | |
| ၃ | ချင်း | ၁၁ | |
| ၄ | စစ်ကိုင်း | ၉ | |
| ၅ | ပဲခူး | ၉ | ၁ |
| ၆ | မွန် | ၆ | |
| ၇ | ရှမ်း(တောင်) | ၄ | |
| ၈ | မန္တလေး | ၄ | |
| ၉ | ရှမ်း(ရှေ့) | ၃ | |
| ၁၀ | ရှမ်း(မြောက်) | ၃ | |
| ၁၁ | မကွေး | ၃ | |
| ၁၂ | ကရင် | ၃ | |
| ၁၃ | နေပြည်တော် | ၂ | |
| ၁၄ | ဧရာဝတီ | ၂ | |
| ၁၅ | ကချင် | ၂ | |
| ၁၆ | တနင်္သာရီ | ၁ | |
| | စုစုပေါင်း | ၃၃၉ | ၆ |

❖ ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား – ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၁၆-၇-၂၀၂၀ ရက်၊ ည (၈) နာရီ

## ၁၆-၇-၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုအများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၆၁၉၆၆၃ | ၁၆၄၆၆၉၈ | ၁၄၀၂၀၀ |
| ၂။ | ဘရာဇီး | ၁၉၇၂၀၇၂ | ၁၃၆၆၇၇၅ | ၇၅၅၆၈ |
| ၃။ | အိန္ဒိယ | ၉၇၆၈၂၆ | ၆၁၆၄၅၃ | ၂၅၀၂၀ |
| ၄။ | ရုရှား | ၇၅၂၇၉၇ | ၅၃၁၆၉၂ | ၁၁၉၃၇ |
| ၅။ | ပီရူး | ၃၃၇၇၂၄ | ၂၂၆၄၀၀ | ၁၂၄၁၇ |
| ၆။ | ချီလီ | ၃၂၁၂၀၅ | ၂၉၂၀၈၅ | ၇၁၈၆ |
| ၇။ | မက္ကဆီကို | ၃၁၇၆၃၅ | ၁၉၉၁၂၉ | ၃၆၉၀၆ |
| ၈။ | တောင်အာဖရိက | ၃၁၁၀၄၉ | ၁၆၀၆၉၃ | ၄၄၅၃ |
| ၉။ | စပိန် | ၃၀၄၅၇၄ | စိစစ်ဆဲ | ၂၈၄၁၃ |
| ၁၀။ | ဗြိတိန် | ၂၉၁၉၁၁ | စိစစ်ဆဲ | ၄၅၀၅၃ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၁၆ – ၇ – ၂၀၂၀

| | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၈၁၆၆၈ | ၄၀၃၄၅ | ၃၈၇၃ |
| ဖိလစ်ပိုင် | ၆၁၂၆၆ | ၂၁၄၄၀ | ၁၆၄၃ |
| စင်ကာပူ | ၄၇၁၂၆ | ၄၂၉၈၈ | ၂၇ |
| မလေးရှား | ၈၇၃၇ | ၈၅၃၈ | ၁၂၂ |
| ထိုင်း | ၃၂၃၆ | ၃၀၉၅ | ၅၈ |
| ဗီယက်နမ် | ၃၈၁ | ၃၅၃ | ၀ |
| မြန်မာ | ၃၃၉ | ၂၇၀ | ၆ |
| ကမ္ဘောဒီးယား | ၁၆၆ | ၁၃၃ | ၀ |
| ဘရူနိုင်း | ၁၄၁ | ၁၃၈ | ၃ |
| လာအို | ၁၉ | ၁၉ | ၀ |

# ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ IME Foundation and Foton International မှ Negative Pressure လူနာတင်ယာဉ်နှစ်စီး လှူဒါန်းပေးအပ်




ရန်ကုန် ဇူလိုင် ၁၆

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ IME Foundation and Foton International မှ Negative Pressure လူနာတင်ယာဉ်နှစ်စီး လှူဒါန်းပေးအပ်ပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီခွဲက ရန်ကုန်မြို့ ဒဂုံမြို့နယ် ဇီဝကလမ်း အမှတ် (၅) ရှိ ဆေးသုတေသနဦးစီးဌာန (ရုံးချုပ်) အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

အခမ်းအနားတွင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံး ကောင်စစ်ဝန် Mr. Tan Shu Fu နှင့် ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာဇော်သန်းထွန်းတို့က အမှာစကားပြောကြားပြီး IME International Co., Ltd မှ Chief Operation Officer ဒေါက်တာညီညီလတ်က လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာဇော်သန်းထွန်းထံ IME Foundation and Foton International မှ တာဝန်ရှိသူတို့က Negative Pressure လူနာတင်ယာဉ် လှူဒါန်းပေးအပ်ပြီး ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာဇော်သန်းထွန်းက ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်သည်။

ယနေ့ လှူဒါန်းပွဲတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၌ အသုံးပြုရန်အတွက် IME Foundation and Foton International မှ အမေရိကန်ဒေါ်လာ ၄၃၀၀၀ နှင့်ညီမျှသော Negative Pressure လူနာတင်ယာဉ် နှစ်စီးကို လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ– မင်းသစ် (MNA)**

# COVID – 19 Call Center အချိန် ပြောင်းလဲဖွင့်လှစ်

နေပြည်တော် ဇူလိုင် ၁၆

COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အရှိန်အဟုန်မြှင့် ဆောင်ရွက်ရန်အတွက် COVID–19 Call Center ကို ဆေးသုတေသနဦးစီးဌာန၊ ဆက်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေးအော်ပရေတာ လေးခု၊ Blue Ocean ကုမ္ပဏီတို့ပူးပေါင်း၍ COVID – 19 Call Center (ဖုန်းနံပါတ် ၂၀၁၉) အား ဧပြီ ၈ ရက်မှစ၍ နေ့စဉ် နံနက် ၈ နာရီမှ ည ၈ နာရီအထိ ရန်ကုန်မြို့၊ ဆေးသုတေသနဦးစီးဌာနတွင် ဆေးသုတေသနဦးစီးဌာနမှ ဝန်ထမ်း ၄၃ ဦး၊ မြန်မာနိုင်ငံ ဆရာဝန်များအသင်းမှ စေတနာ့ဝန်ထမ်းဆရာဝန် ၁၇ ဦး စုစုပေါင်း ၆၀ ဖြင့် ဖွင့်လှစ်ထားရှိသည်။

ယခုအခါတွင် COVID – 19 Call Center ခေါ်ဆိုမှု အချိန်ကို နံနက် ၈ နာရီမှ ည ၈ နာရီအထိ **(အစား)** နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ပြောင်းလဲဖွင့်လှစ်ထားကြောင်း သိရသည်။

သတင်းစဉ်

# အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်ချိန်တွင် ကိုဗစ်-၁၉ ကာကွယ်တားဆီးရေးအတွက် တိုင်းဒေသကြီး/ပြည်နယ် ပညာရေးမှူးများ၊ ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးမှူးနှင့် တာဝန်ရှိသူများ ညှိနှိုင်းဆွေးနွေး

**နေပြည်တော် ဇူလိုင် ၁၆**

အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်ချိန်တွင် ကိုဗစ်-၁၉ ကာကွယ်တားဆီးရေးအတွက် တိုင်းဒေသကြီး/ ပြည်နယ် ပညာရေးမှူးများ၊ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးမှူးနှင့် တာဝန်ရှိသူများ ဆွေးနွေးညှိနှိုင်းပွဲကို ယနေ့နံနက်ပိုင်းတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၌ Video Conferencing ဖြင့် ကျင်းပသည်။ **(ယာပုံ)**



ဆွေးနွေးပွဲတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက အခြေခံပညာအထက်တန်းကျောင်းများ ပြန်လည်ဖွင့်လှစ်ချိန်တွင် ကျောင်းများ၌ ကိုဗစ်-၁၉ ဖြစ်ပွားကူးစက်မှု မရှိစေရေးသည် လက်ရှိအချိန်၌ နိုင်ငံအတွက် အထူးအရေးကြီးသည့် ကိစ္စတစ်ရပ်ဖြစ်သဖြင့် မိမိတို့အားလုံး စုပေါင်းညှိနှိုင်း၍ သေချာစွာ စနစ်တကျ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ဖြစ်ပွားသူ လူနာစတင်တွေ့ရှိခဲ့ရစဉ်ကကဲ့သို့ပင် သတိအပြည့်၊ အားစိုက်မှုအပြည့်တို့ဖြင့် ကူးစက်မှုဒုတိယလှိုင်း မဖြစ်ပေါ်စေရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းများကို လုံးဝလစ်ဟာမှုမရှိစေဘဲ လုပ်ဆောင်ရမည်ဖြစ်ပါကြောင်း၊ ကျောင်းများ၌ ရောဂါမဖြစ်ပွားစေရန် ဆောင်ရွက်ရာ၌ ကျောင်းသား ကျောင်းသူများ၏ အခန်းကဏ္ဍသည် အလွန်အရေးကြီးသည်ဆိုသည့်အချက်ကို အသိအမှတ်ပြုရမည်ဖြစ်ပါကြောင်း၊ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍတို့မှသာမက အခြားနီးနွှယ်ဌာနများ၊ အဖွဲ့အစည်းများနှင့် ကျောင်းသား ကျောင်းသူ၊ မိဘများ၊ မိဘ-ဆရာအသင်းများ အားလုံး၏ စုစည်းညီညွတ်စွာဆောင်ရွက်ပါက ကူးစက်မှုဒုတိယလှိုင်းဖြစ်ရန် အလားအလာ အလွန်နည်းပါးပါကြောင်း။

### ကာကွယ်ရေးနည်းလမ်းများ လိုက်နာမှုမရှိက ကူးစက်မှုဖြစ်နိုင်

မိမိတို့အနေဖြင့် ကျောင်းသားများ စာသင်ကြားမှုအခွင့်အရေးကို မဆုံးရှုံးစေရန်အတွက် မြန်မာနိုင်ငံ၌ ဤရောဂါ လောလောဆယ်ဖြစ်ပွားမှုနှင့် ကူးစက်ပျံ့နှံ့မှုပုံစံ အခြေအနေများကို နောက်ခံထား ချိန်ထိုးစဉ်းစား၍ ဆောင်ရွက်ရခြင်းဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ သည် အသက်ရှူလမ်းကြောင်းမှတစ်ဆင့် ကူးစက်သော ရောဂါဖြစ်သည့်အတွက် ကူးစက်ပျံ့နှံ့မှုနှုန်းမှာ မြန်သည်ဆိုသည့်အချက်ကိုလည်း သတိပြုကြရမည်ဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် ကျောင်းတွင် ရောဂါကူးစက်ဖြစ်ပွားမှုမရှိရန် အာရုံစိုက်ဆောင်ရွက်နေသကဲ့သို့ ကျောင်းသူကျောင်းသားများ ကျောင်းတက်ပြီး အိမ်သို့ပြန်ရောက်ချိန်၌ ရောဂါကူးစက်မှုမရရှိစေရန်ဟူသော အချက်သည်လည်း အရေးကြီးပါကြောင်း၊ အခြေခံပညာကျောင်းများပြန်လည်ဖွင့်လှစ်သည့်အခါ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာ၊ နေရာစုံမှ ကျောင်းသား ကျောင်းသူများသည် နေရာတစ်ခုတည်းတွင် စုစည်းရောက်ရှိလာမည်ဖြစ်သဖြင့် ကျောင်းပြင်ပမှ ကိုဗစ်-၁၉ ကူးစက်လာနိုင်သူ ကျောင်းသားကျောင်းသူတစ်ဦးမှ တစ်ဆင့် အခြားကျောင်းသား ကျောင်းသူနှင့် ဆရာ ဆရာမများထံ ထပ်ဆင့်ရောဂါကူးစက်ပြန့်ပွားမှုများ ဖြစ်ပေါ်လာနိုင်ပါကြောင်း၊ အခြေခံပညာအထက်တန်းကျောင်းများ ပြန်လည်ဖွင့်လှစ်ပြီးနောက် ရောဂါကူးစက်ဖြစ်ပွားမှုများကြောင့် ပြန်လည်ပိတ်ရသည့်အဖြစ်မျိုး မဖြစ်စေလိုပါကြောင်း၊ ကျောင်းသား ကျောင်းသူများအနေဖြင့် ကျောင်းတက်ချိန်တွင် ကျောင်းမှ ချမှတ်ထားသော ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး နည်းလမ်းများကို လိုက်နာသော်လည်း ကျောင်းသို့မလာမီနှင့် ကျောင်းဆင်းချိန် ကျောင်းပြင်ပနေရာများတွင် ရောဂါကာကွယ်ရေးနည်းလမ်းများကို လိုက်နာမှုမရှိပါကလည်း ရောဂါကူးစက်မှုများ ဖြစ်ပေါ်နိုင်သည်ကို သတိပြုကြရမည်ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ ကျောင်းသား ကျောင်းသူများကိုယ်တိုင်နှင့် မိဘများအနေဖြင့် မိမိတို့ကိုယ်တိုင်နှင့် အခြားသူများထံ ရောဂါမကူးစက်စေရေးအတွက် မိမိကိုယ်တိုင်၏အရေးကဲ့သို့ သဘောထားကာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ကျောင်းများတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးဆိုင်ရာ နည်းလမ်းများ၊ ကျန်းမာရေးအသိပညာဗဟုသုတများကို ပိုစတာများ၊ QR code များ ချိတ်ဆွဲပေးထားမည့်အပြင် ကျောင်းစာသင်ချိန် မစတင်မီတွင်လည်း ဆရာ ဆရာမများက ရောဂါကာကွယ်ရေးဆိုင်ရာ သိမှတ်ဖွယ်ရာအချက်အနည်းငယ်စီကို နေ့စဉ်ပုံမှန်ပြောကြားကြရမည်ဖြစ်ပါကြောင်း၊ ထိုသို့ပြောကြားရမည့်အချက်များကိုလည်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ပေးထားမည်ဖြစ်ပါကြောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများအနေဖြင့် ကိုဗစ်-၁၉ ကာကွယ်ရေးဆိုင်ရာ လုပ်ငန်းလမ်းညွှန်များ၊ လုပ်ထုံးလုပ်နည်းများ၊ ကျန်းမာရေးအသိပညာဗဟုသုတ အချက်အလက်များနှင့် ဆန်းစစ်မှုပုံစံ (checklist) များကို ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး/ ပြည်နယ်အဆင့် တာဝန်ရှိသူများ၊ ပညာရေးမှူးများနှင့် ကျောင်းအုပ်ကြီးများထံသို့ အမြန်ဆုံးရောက်ရှိစေရန် ဖြန့်ဝေပေးရမည်ဖြစ်ပါကြောင်း၊ အခြေခံပညာကျောင်းများမဖွင့်လှစ်မီ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် ကြိုတင်ပြင်ဆင်ထားရှိမှုအခြေအနေများ ပြည့်စုံမှု ရှိ၊ မရှိအား ဝန်ကြီးဌာနနှစ်ခု၏ တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် တာဝန်ရှိသူများ ပူးပေါင်းကာ ဆန်းစစ်မှုပုံစံ (checklist) များ အသုံးပြု၍ ကွင်းဆင်းစစ်ဆေးမှုများ ပြုလုပ်မည်ဖြစ်ပါကြောင်း။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်းကာ ရေးဆွဲထားသော ဆန်းစစ်မှုပုံစံ (checklist) တွင် အချက်ပေါင်း ၈၀ ခန့်ပါဝင်ပြီး ဆန်းစစ်ချက်ပြည့်မီမှု (A)၊ (B)နှင့်(C) ဟူ၍ အဆင့် (၃) ဆင့် ခွဲခြားထားပါကြောင်း၊ (A) အဆင့်ရမှသာလျှင် အဆိုပါကျောင်းကို ချက်ချင်းပြန်လည်ဖွင့်ခွင့်ရမည်ဖြစ်ပြီး (B) နှင့် (C) တို့ရရှိပါက လိုအပ်သည့်အချက်များကို အမြန်ဆုံးဖြည့်ဆည်းပြီး ဆန်းစစ်ချက်အဆင့် ပြည့်မီလာမှသာ ဖွင့်လှစ်ခွင့်ပြုမည်ဖြစ်ပါကြောင်း၊ ကျောင်းများ ပြန်လည်ဖွင့်လှစ်ချိန် တစ်လျှောက်လုံးတွင်လည်း သက်ဆိုင်ရာမြို့နယ်အလိုက် ဆန်းစစ်အကဲဖြတ်အဖွဲ့ (monitoring team) များဖွဲ့စည်းကာ ကျောင်းများ၌ ရောဂါကာကွယ်ရေးလုပ်ငန်းများနှင့် စည်းကမ်းလိုက်နာ ဆောင်ရွက်မှုအခြေအနေများကို ပုံမှန်နှင့် ရှောင်တခင်စစ်ဆေးခြင်းနှင့် စောင့်ကြည့်ဆန်းစစ်အကဲဖြတ်ခြင်း (monitoring) အား အထူးတိတိကျကျ ကြပ်မတ်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ အခြေခံပညာကျောင်းတစ်ကျောင်းစီအလိုက်လည်း စောင့်ကြည့်ဆန်းစစ်အကဲဖြတ်ခြင်းများကို အဖွဲ့ဖွဲ့ကာ ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ ဆန်းစစ်ချက်များအားလုံးကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများထံ ပေးပို့ရမည်ဖြစ်ပြီး လိုအပ်သလို ဆက်လက်ပူးပေါင်းဆောင်ရွက်မည်ဖြစ်ပါကြောင်း။

ကိုဗစ်-၁၉ သံသယလက္ခဏာရှိသူကို တွေ့ရှိပါက ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်အဆင့်ဆင့်တို့ကို တာဝန်ရှိသူများနှင့် ဆရာ ဆရာမများအားလုံးက ကောင်းစွာနားလည် သိရှိထားရမည်ဖြစ်ပါကြောင်း၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် အကောင်းဆုံးနှင့် အတတ်နိုင်ဆုံး ပူးပေါင်းဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ ဤရောဂါကာကွယ်တားဆီးရာ၌ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများ၊ မိဘ-ဆရာအသင်းဝင်များ၏ ကဏ္ဍအလိုက် တာဝန်ခွဲဝေသတ်မှတ်မှု (division of labour) သည် အရေးကြီးပါကြောင်း၊ ကိုဗစ်-၁၉ အန္တရာယ်ကင်းရှင်းစွာဖြင့် စာသင်ကျောင်းများ ဖွင့်လှစ်နိုင်ရေးလုပ်ငန်းများကို စုစည်းညီညွတ်စွာ အသင်းအဖွဲ့စိတ်ဓာတ်ဖြင့် ဆက်လက်ဆောင်ရွက်သွားကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြင့်မြင့်သန်းက ကျောင်းများပြန်လည်ဖွင့်လှစ်ချိန်တွင် ကိုဗစ်-၁၉ ကာကွယ်တားဆီးရေးအတွက် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဆောင်ရွက်ထားရှိမှုများအား ရှင်းလင်းဆွေးနွေးခဲ့ပြီး ဒုတိယညွှန်ကြားရေးမှူး (ကျောင်းကျန်းမာ) ဒေါက်တာစုမွန်မြတ်က ရောဂါကာကွယ်တားဆီးရေး စံလုပ်ထုံးလုပ်နည်းများ၊ လုပ်ငန်းလမ်းညွှန်များ၊ ဆန်းစစ်အကဲဖြတ်မှုပုံစံ (joint monitoring checklist) များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

### ကိုဗစ်-၁၉ အန္တရာယ်ကင်းစွာ ကျောင်းဖွင့်လှစ်နိုင်ရေး

ဆက်လက်၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသာထွန်းကျော်၊ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးဦး၊ တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများနှင့် တာဝန်ရှိသူများ၊ အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုလေးဝင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်မောင်ဝင်း၊ တိုင်းဒေသကြီး/ ပြည်နယ် ပညာရေးမှူးများနှင့် တာဝန်ရှိသူများက ကိုဗစ်-၁၉ အန္တရာယ်ကင်းရှင်းစွာဖြင့် စာသင်ကျောင်းများဖွင့်လှစ်နိုင်ရေးအတွက် ဆွေးနွေးမှုများနှင့် အကြံပြုမှုများကို ဆောင်ရွက်သည်။

ထို့နောက် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ လုပ်ငန်းခွင်နှင့်ပတ်ဝန်းကျင်ကျန်းမာရေးဌာနခွဲမှ တာဝန်ရှိသူများက (က) ပိုးသတ်သန့်စင်ခြင်းနှင့် (ခ) Infrared thermometer ဖြင့် ကိုယ်အပူချိန်တိုင်းတာခြင်းတို့အား လက်တွေ့သရုပ်ပြခဲ့သည်။

**သတင်းစဉ်**

# ပြည်တော်ပြန် မြန်မာနိုင်ငံသား ၅၀ ကိုဗစ်-၁၉ ရောဂါပိုးမတွေ့ရှိ၍ နေအိမ်သို့ ပြန်လည်ထွက်ခွာ

**ရန်ကုန် ဇူလိုင် ၁၆**

ကိုရီးယားသမ္မတနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြီးခဲ့သည့် ဇွန် ၂၃ ရက်တွင် လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာခဲ့ပြီး ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်းရှိ Hotel S.Y.H (ကမ္ဘာအေး) (ယခင် Super Hotel )၌ သွားလာကန့်သတ်စောင့်ကြည့်မှုထားရှိထားသည့် မြန်မာနိုင်ငံသား ၅၀ တို့သည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ဓာတ်ခွဲစစ်ဆေးခဲ့မှုအဖြေများအရ ကိုဗစ်-၁၉ ရောဂါပိုး မတွေ့ရှိ၍ ဇူလိုင် ၁၄ ရက် နံနက်တွင် နေအိမ်များသို့ အသီးသီး ပြန်လည်ထွက်ခွာသွားကြသည်။

မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိသူ မြန်မာသင်္ဘောသားအမှုထမ်း ကိုဟိန်းလင်းဖြိုးက "တစ်ကမ္ဘာလုံးမှာ ကိုဗစ်-၁၉ ရောဂါကြီးဖြစ်နေတဲ့အချိန် မြန်မာပြည်ပြန်လာတော့ စိုးရိမ်မှုတော့ရှိတာပေါ့။ ဒါပေမယ့် နိုင်ငံတော်က အခုလို သေချာကြိုဆိုစစ်ဆေးပေးပြီးမှ အိမ်ပြန်လွှတ်တဲ့အတွက် မိသားစုလည်း ဝမ်းသာကြတယ်။ ကျွန်တော်တို့လည်း စိတ်ချလက်ချ နေလို့ရတာပေါ့။ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ကနေ ဒီဟိုတယ်ကို တန်းရောက်ပါတယ်။ အစစအရာရာ အဆင်ပြေပါတယ်။ အခုဆို ရောဂါပိုးလည်း မရှိဘူး။ သေချာစစ်ဆေးပေးပြီးမှ စိတ်ချလက်ချ ပြန်ရတယ်ဆိုတော့ ကိုယ့်အတွက်၊ ကိုယ့်မိသားစု၊ ကိုယ့်ပတ်ဝန်းကျင်အတွက် ဝမ်းသာပါတယ်။

"မြန်မာပြည်က ကိုဗစ်-၁၉ ရောဂါကိစ္စနဲ့ ပတ်သက်ပြီး တင်းတင်းကျပ်ကျပ်နဲ့ စည်းကမ်းတကျ တာဝန်သိသိ၊ တာဝန်ရှိရှိနဲ့ လုပ်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့နိုင်ငံက အခြားနိုင်ငံတွေလောက် ရောဂါတိုးပွားမှု မရှိဘူးလေ။

"နောက်ထပ်မြန်မာနိုင်ငံကို ပြန်လာကြမယ့် လူတွေလည်း အခုလိုပဲ စည်းကမ်းလိုက်နာပါ။ အခုလို ကိုယ့်ရဲ့ ဆေးစစ်ချက်အဖြေထွက်မှ မိသားစုနဲ့ ကိုယ့်ပတ်ဝန်းကျင်ကို စိတ်ချလက်ချပျော်ပျော်ရွှင်ရွှင် နဲ့ ပြန်ကြပါလို့ ပြောချင်ပါတယ်"ဟု ပြောသည်။

မြန်မာသင်္ဘောသား အမှုထမ်းတစ်ဦးဖြစ်သူ ကိုမျိုးခိုင်ချစ်ကလည်း မြန်မာနိုင်ငံ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၏ စစ်ဆေးမှုများက ပို၍ စေ့စေ့စပ်စပ်ရှိကြောင်း၊ လေဆိပ်ကနေ ဟိုတယ်ရောက်သည်အထိ အဆင်ပြေကြောင်း၊ အခက်အခဲမရှိကြောင်း၊ ဟိုတယ်တွင် တစ်နေ့သုံးကြိမ် ကျွေးကြောင်း၊ ဆေးစစ်ချက်က နှစ်ခါစစ်၍ ပိုပြီးလုံခြုံကြောင်း၊ ယခုရောဂါပိုးလည်းမရှိ၍ စိတ်ချလက်ချ အိမ်ပြန်နိုင်ပြီဖြစ်ကြောင်း ပြောသည်။

အမေရိကန်ပြည်ထောင်စုမှ ပြန်လာသူ ဒေါက်တာအောင်ထွန်းက မြန်မာနိုင်ငံကိုမပြန်မီ ဟိုမှာလည်း ဆေးစစ်ခဲ့ကြောင်း၊ ကိုရီးယားလေဆိပ်တွင်လည်း အဖျားတိုင်းကြောင်း၊ အားလုံးအိုကေကြောင်း၊ မြန်မာနိုင်ငံပြန်အရောက်တွင် ဟိုတယ်၌ သွားလာကန့်သတ်စောင့်ကြည့်မှုထားရှိကြောင်း၊ ဆေးစစ်မှုနှစ်ခါပြုလုပ်ပြီး အားလုံးရောဂါပိုးမတွေ့ရှိသည့်အတွက် ယခုနေအိမ်သို့ ပြန်ကြတော့မည်ဖြစ်ကြောင်း၊ အစစအရာရာ အားလုံးအဆင်ပြေချောမွေ့ကြ၍ ဝမ်းသာကြရကြောင်း၊ ယခုအချိန်ကာလတွင် အားလုံး ဝိုင်းဝန်းလုပ်ဆောင်ကြရမည်ဖြစ်ကြောင်း၊ မြန်မာပြည်အနေအထားက အခြားနိုင်ငံများထက်စာလျှင် ထိန်းချုပ်မှုကောင်းမွန်ကြောင်း ပြောသည်။

Hotel S.Y.H (ကမ္ဘာအေး) ပိုင်ရှင် ဦးရဲထွဋ်က "ကျွန်တော်တို့ Shin Ye Htut Group ရဲ့ ရန်ကုန်မှာရှိတဲ့ ဒီ Hotel S.Y.H (ကမ္ဘာအေး)နဲ့ Hotel S.Y.H(ကန်တော်ကြီး) နှစ်ခုစလုံးမှာ အသွားအလာကန့်သတ်စောင့်ကြည့်သူတွေကို လက်ခံဖို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကို စာရင်းပေးသွင်းထားပါတယ်။ ကျွန်တော်တို့ ရှင်ရဲထွဋ်အုပ်စုက အခုလို နိုင်ငံတော်နဲ့အတူ ပူးပေါင်းကူညီဆောင်ရွက်ရတဲ့အတွက် ဂုဏ်ယူမိပါတယ်။ နိုင်ငံတော်ကိုလည်း တစ်ဖက်တစ်လမ်း က ကူညီရာလည်းရောက်၊ တည်းခိုသူတွေလည်း စိတ်ကျေနပ်မှုရရှိ၊ မိမိတို့ ဟိုတယ်ဝန်ထမ်းတွေလည်း အခုလိုကာလမှာ အလုပ်နဲ့လက်မပြတ် လုပ်ကိုင်ကြရတဲ့အတွက် ကုသိုလ်လည်းရ၊ ဝမ်းလည်းဝဖြစ်လို့ Win-Win Situation လို့ မြင်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်"ဟု ဆိုသည်။

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်းရှိ Hotel S.Y.H (ကမ္ဘာအေး) (ယခင် Super Hotel)တွင် ပြီးခဲ့သည့် ဇွန် ၂၆ ရက်က စင်ကာပူနိုင်ငံမှ ပြန်လာသူ ၁၅ ဦးနှင့် ဇွန် ၂၈ ရက်တွင် ဂျပန်နိုင်ငံမှ ပြန်လာသူ ၃၀ တို့ကို လက်ရှိ သွားလာကန့်သတ်စောင့်ကြည့်မှု ထားရှိထားပြီး လာမည့် ဩဂုတ်လအတွင်း ANA ဂျပန်လေကြောင်းလိုင်းဖြင့် ပြန်လည်ရောက်ရှိလာကြမည့်သူများကိုလည်း လက်ခံထားရှိရန် စီစဉ်ဆောင်ရွက်နေကြောင်း သိရသည်။

**ကိုထွေး**

# AA အကြမ်းဖက်သောင်းကျန်းသူများ၏ အမာခံတစ်ဦး ထပ်မံဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၁၆**

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် ရေနံတွန်ကျေးရွာ၌ ဇူလိုင် ၁၃ ရက်တွင် ဖမ်းဆီးရမိခဲ့သော AA အကြမ်းဖက်သောင်းကျန်းသူ အမာခံတစ်ဦးဖြစ်သည့် စောမောင်(ဘ) ဦးမောင်စောသိန်းအား စစ်ဆေးမေးမြန်းချက်များအရ တစ်ရွာတည်းနေ ညီဖြစ်သူ ညီညီထွန်း (ဘ) ဦးမောင်စောသိန်းသည် AA အကြမ်းဖက်သောင်းကျန်းသူ အမာခံတစ်ဦးဖြစ်ကြောင်း ဝန်ခံထွက်ဆိုသဖြင့် ဇူလိုင် ၁၄ ရက်၊ ညနေ ၃ နာရီခန့်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ကျေးရွာမှ တာဝန်ရှိသူများနှင့်အတူ ရေနံတွန်ကျေးရွာ လမ်းအဝင်၊ အထွက်များအား ပိတ်ဆို့၍ ညီညီထွန်း၏နေအိမ်အား ရှာဖွေရာ အသွား ၉ လက်မခန့်ရှိ ဓားမြှောင်တစ်ချောင်းနှင့် ဓာတ်ခဲအားသွင်းခုံတစ်ခုအပါအဝင် အခြားဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာသို့ ပို့ဆောင်၍ ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့က သတင်းထုတ်ပြန်ထားသည်။

**သတင်းစဉ်**

---

❂ *ကျော်ဖုံးမှ*

ပေါ်ဂ်ဘာသည် ပြီးခဲ့သည့် ဆောက်သမ်တန်နှင့် နှစ်ဂိုးစီ သရေကျခဲ့သောပွဲစဉ်တွင် ဆောက်သမ်တန်၏ ဦးဆောင်ဂိုးကို ၎င်း၏ အမှားမှတစ်ဆင့် ခွင့်ပြုခဲ့ရသည်ကလွဲပြီး ဇွန် ၁၇ ရက် ပရီမီယာလိဂ်ပွဲစဉ်များ ပြန်လည်စတင်ပြီးနောက်ပိုင်း အသင်းတွင်ခြေစွမ်းပြသထားနိုင်သူဖြစ်ကာ တစ်ဂိုးသွင်းယူပေးပြီး ဂိုးရရှိအောင် နှစ်ကြိမ်ဖန်တီးပေးထားနိုင်သူဖြစ်သည်။ ပေါ်ဂ်ဘာသည် မန်ယူအသင်း နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့သည့် ခြောက်ပွဲတွင် ငါးပွဲအထိ ပွဲထွက်ခွင့်ရရှိထားသူဖြစ်သည်။ ၂၀၁၆ ခုနှစ်တွင် ဂျူဗင်တပ်စ်အသင်းမှ မန်ယူအသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာပြီးနောက်ပိုင်း ပေါ်ဂ်ဘာသည် အသင်းအတွက် ပြိုင်ပွဲအရပ်ရပ် ပွဲ ၁၅၀ ကစားထားပြီး ၃၂ ဂိုး သွင်းယူပေးထားနိုင်ကြောင်း သိရသည်။

**အောင်ဇော်**

---

# ပင်လောင်းမြို့နယ် ပေါင်းလောင်းမြို့တွင် ငွေကျပ်သိန်းပေါင်း ၂၅၀၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၁၆**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ဇူလိုင် ၁၅ ရက် နံနက် ၉ နာရီခွဲက ပင်လောင်းမြို့နယ် ပေါင်းလောင်းမြို့ လိန်းလီတံတားတွင် နိုင်အေး(၃၉နှစ်) မောင်းနှင်လာသည့် မော်တော်ယာဉ်အား စစ်ဆေးရန် ရပ်တန့်ခိုင်းစဉ် မောင်းနှင်ထွက်ပြေးသဖြင့် လိုက်လံဖမ်းဆီးရာ ပေါင်းလောင်းမြို့ ဖိုကုန်းနယ်မြေရဲစခန်းရှေ့တွင် ဖမ်းဆီးရမိပြီး ယာဉ်နောက်ခန်းအတွင်းမှ ဆာလာအိတ်ဖြင့်ထည့်ထားသော စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀၀၀၊ လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် နိုင်အေးအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**



နိုင်အေးအား ဖမ်းဆီးရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

---

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၆ - ၇ - ၂၀၂၀

### ရွှေ

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၂၄၂၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၂၃၉၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၁၆၈၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၂၄၂၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၂၃၉၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၁၆၈၉၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

### စက်သုံးဆီ

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၅၃၀/၅၆၀ | ကျပ် | ၅၆၀/၅၈၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၅၄၀/၅၇၅ | ကျပ် | ၅၇၅/၅၉၅ | ကျပ် |
| အောက်တိန်း ၉၂ | ၄၈၀/၅၁၀ | ကျပ် | ၅၅၀/၅၆၀ | ကျပ် |
| အောက်တိန်း ၉၅ | ၆၁၀/၆၂၅ | ကျပ် | ၆၇၀/၆၉၀ | ကျပ် |

(Yangon Petrol မှ ရယူပါသည်)

### နိုင်ငံတကာ ငွေကြေးများ

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၃၇၈ . ၉ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၇၁ . ၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၉၈၉ . ၉၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၇၂၉ . ၈ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၂၈၈ . ၁ |
| သြစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၆၃ . ၀၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၁၉၇ . ၀၀ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၈ . ၃၂၇ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၄ . ၄၈ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၂၂ . ၈၉ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၃ . ၅၄၇ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

### စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀၅၀၀ | ၁၀၅၀၀ | ၄၆ | ၄၈၃၀၀၀ |
| MTSH | ၃၈၀၀ | ၃၈၀၀ | ၂၂၇၅ | ၈၆၄၅၀၅၀ |
| MCB | ၈၁၀၀ | ၈၁၀၀ | ၄ | ၃၂၄၀၀ |
| FPB | ၂၂၀၀၀ | ၂၂၀၀၀ | ၂၄၄၂ | ၅၃၇၂၄၀၀၀ |
| TMH | ၂၇၅၀ | ၀ | ၀ | ၀ |
| EFR | ၂၇၀၀ | ၂၇၀၀ | ၁၈ | ၄၈၃၅၀ |

ခင်ရတနာ - စုစည်းသည်




### အကူအညီ တောင်းခံနိုင်

ပြည်သူလူထုအနေဖြင့် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄) နာရီ ဖွင့်လှစ်ထားရှိသော Hot-line ဖုန်းများဖြစ်သည့် ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ အချိန်မရွေး ဆက်သွယ်သတင်းရယူ၊ အကူအညီတောင်းခံနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန


## မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | ဝင်းကျော် |
| သတင်းထောက်ချုပ် | - | မြင့်ဆွေ |
| စာတည်းများ | - | ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ မြတ်မွန်ထွေး၊ |
| ဘာသာပြန် စာတည်း | - | ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - | ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| အငယ်တန်း သတင်းထောက်များ | - | နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး |
| ဓာတ်ပုံ သတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-** အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ **စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News Presented by NPE www.mdn.gov.mm

# ဗိုလ်ချုပ်ဘဝ တစ်စိတ်တစ်ဒေသကို ဂုဏ်ပြုရေးသားရာမှ ပညာရှင်စာရေးဆရာဖြစ်လာခဲ့သော ကျွန်တော်

**သိပ္ပံစာရေးဆရာကိုကိုအောင်**

အချိန်ကား ၁၉၇၂ ခုနှစ်၏ မိုးဦးကျကျောင်းဖွင့်စ။ ဇွန်လဆန်း ကျောင်းများ စတင်ဖွင့်လှစ်ပြီးနောက် ရက်သတ္တသုံးပတ်ခန့်အကြာ အချိန်ကာလ။ ဇူလိုင်လ ၁၉ ရက်တွင် ကျရောက်တော့မည့် (၂၆)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ်အဖြစ် ကျောင်းနံရံကပ်စာစောင်အတွက် စတင်ပြင်ဆင်နေကြသည့် အချိန်။

ထိုစဉ်က အထက်တန်းကျောင်းသားကြီး ဖြစ်နေပြီဖြစ်သော ကျွန်တော်နှင့်တကွ သူငယ်ချင်းတစ်သိုက်တို့က ကျောင်းတွင် အတန်းအကြီးဆုံး ကျောင်းသားကြီးများအနေဖြင့် အဆိုပါ ဂုဏ်ပြုနံရံကပ်စာစောင်အတွက် တာဝန်ယူကာ ဦးစီးဦးဆောင်ပြုနေကြသည့် အခိုက်အတန့်။

ကျွန်တော်တို့ကျောင်းကလည်း ၁၉၁၂ ခုနှစ်ကတည်းက စတင် တည်ထောင်ခဲ့သည့် အမျိုးသား တန်းမြင့်ကျောင်း။ အမျိုးသားကျောင်းပီပီ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်ပတ်သက်သည့် လေးစားဖွယ်၊ ဂုဏ်ယူဖွယ်၊ အားကျဖွယ် အကြောင်းအရာမှန်သမျှကို ရှာဖွေ၊ စုစည်း၊ ဟောပြော၊ ဖတ်ကြားခြင်းဖြင့် ဂါရဝပြုကြသည့် အစဉ်အလာကောင်းကို ထိန်းသိမ်းနေသည့် အမျိုးသားပညာ့ဗိမာန်။

သို့ဖြစ်ရကား အာဇာနည်နေ့အထိမ်းအမှတ် ကျောင်းနံရံကပ်စာစောင် ဖြစ်မြောက်ရေးအတွက် ဝိုင်းဝန်းကူညီရင်း ဗိုလ်ချုပ်ကိုဂုဏ်ပြုသည့် ဆောင်းပါးတစ်ပုဒ်လောက် ရေးသားလိုစိတ်ဖြစ်ပေါ်လာသည့် ကျွန်တော်က ဗိုလ်ချုပ်နှင့်ပတ်သက်သည့် ဂုဏ်ပြုဖွယ်အကြောင်းအရာများကို နှိုက်နှိုက်ချွတ်ချွတ် ရှာဖွေလေ့လာကြည့်သည့်အခါ ဗိုလ်ချုပ်၏ဘဝဇာတ်ကြောင်းတွင် လူသိအလွန်နည်းခဲ့သော အကြောင်းအရာတစ်ခုကို မမျှော်လင့်ဘဲ တွေ့ရှိလိုက်ရသည်။

နောက်တစ်ရက်တွင် ကျောင်းနံရံကပ်စာစောင်အတွက် ကျွန်တော်ပြုစုရေးသားလာသော ဆောင်းပါးကို ကျောင်းအုပ်ဆရာကြီးအား ပြသလိုက်သည့်အခါ ကျောင်းအုပ်ဆရာကြီးက အလွန်အံ့ဩသည့်အမူအရာဖြင့် ကျွန်တော့်ကို စိုက်ကြည့်ကာ ကျွန်တော်၏ဆောင်းပါးပါ အကြောင်းအရာများကို တစ်ခါမျှ ကြားဖူးခြင်းမရှိကြောင်း၊ သို့ဖြစ်၍ ကျောင်းနံရံကပ်စာစောင်၌ မဖော်ပြစေလိုကြောင်း ပြောခဲ့သလို ထိုစဉ်က ကျောင်းအုပ်ဆရာကြီး၏ရုံးခန်းထဲ၌ ရောက်ရှိနေသော ပညာရေးဌာနမှ အရာရှိကြီးတစ်ဦးကလည်း ဆရာကြီးနည်းတူ ကျွန်တော့်အား တားမြစ်ခဲ့သည်။

ကျွန်တော်က အာဇာနည်နေ့အထိမ်းအမှတ် ကျောင်းနံရံကပ်စာစောင်တွင် ကျွန်တော်၏ ဆောင်းပါးကို ထည့်သွင်းဖော်ပြပေးစေလိုကြောင်း၊ ကျွန်တော်ရေးသားဖော်ပြထားသော အကြောင်းအရာများ မမှန်ပါက ပေးသည့်အပြစ်ကို ခံယူရန် အသင့်ရှိကြောင်း အာဂသတ္တိဖြင့် ရဲဝံ့စွာ ထပ်မံတောင်းဆိုခဲ့ရာ နောက်ဆုံးတွင် ဆရာကြီးက အဆိုပါဆောင်းပါးအတွက် အထောက်အထား ရှာဖွေယူဆောင်လာခဲ့ရန် မှာကြားလိုက်သည်။

သို့ဆိုလျှင် ထိုစဉ်က ကျွန်တော်ရေးသားခဲ့သော ကျွန်တော့်ဘဝ၏ ပထမဦးဆုံးသော စာပေလက်ရာဆောင်းပါးက မည်သည့်အကြောင်းအရာပါနည်း။ မည်သည့်အကြောင်းအရာဟု ထင်ကြပါသနည်း။

**“အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ ဘဝသမိုင်းတွင် လူသိအလွန်နည်းသော အကြောင်းအရာတစ်ခုရှိခဲ့ကြောင်း၊ ထိုအကြောင်းအရာကတော့ ဗိုလ်ချုပ်သည် ရုပ်ရှင်ဇာတ်ကားတစ်ကားတွင် ပါဝင်သရုပ်ဆောင်ခဲ့ခြင်းပင်ဖြစ်ကြောင်း၊ ဇာတ်ကားအမည်က Boycotter ဖြစ်ကြောင်း၊ ရန်ကုန်တက္ကသိုလ် ကျောင်းသားများက တက္ကသိုလ်ကောင်စီကို သပိတ်မှောက်သည့်အကြောင်း ရိုက်ကူးတင်ဆက်ထားသည့် ဇာတ်လမ်းတို ရုပ်ရှင်ဇာတ်ကား ဖြစ်ကြောင်း၊ ၎င်းရုပ်ရှင်သည် မှတ်တမ်းမော်ကွန်းရုပ်ရှင်(Documentary Film) မဟုတ်ဘဲ ဇာတ်လမ်းရုပ်ရှင် (Features Film) စစ်စစ်ဖြစ်”**

ထိုစဉ်က ကျွန်တော်ရေးသားခဲ့သောဆောင်းပါး၏ခေါင်းစဉ်က **“ဗိုလ်ချုပ်အောင်ဆန်း ပါဝင်သရုပ်ဆောင်ခဲ့သော ရုပ်ရှင်ဇာတ်ကား”**ဟု ဖြစ်ပါသည်။ ကျွန်တော့်ဆောင်းပါးပါ အကြောင်းအရာများကို အကျဉ်းချုပ်ဖော်ပြရလျှင် "အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ ဘဝသမိုင်းတွင် လူသိအလွန်နည်းသော အကြောင်းအရာတစ်ခု ရှိခဲ့ကြောင်း၊ ထိုအကြောင်းအရာကတော့ ဗိုလ်ချုပ်သည် ရုပ်ရှင်ဇာတ်ကားတစ်ကားတွင် ပါဝင်သရုပ်ဆောင်ခဲ့ခြင်းပင်ဖြစ်ကြောင်း၊ ဇာတ်ကားအမည်က Boycotter ဖြစ်ကြောင်း၊ ရန်ကုန်တက္ကသိုလ်ကျောင်းသားများက တက္ကသိုလ်ကောင်စီကို သပိတ်မှောက်သည့်အကြောင်း ရိုက်ကူးတင်ဆက်ထားသည့် ဇာတ်လမ်းတို ရုပ်ရှင်ဇာတ်ကား ဖြစ်ကြောင်း၊ ၎င်းရုပ်ရှင်သည် မှတ်တမ်းမော်ကွန်းရုပ်ရှင်(Documentary Film) မဟုတ်ဘဲ ဇာတ်လမ်းရုပ်ရှင် (Features Film) စစ်စစ်ဖြစ်ကြောင်း၊ အများပြည်သူတို့အတွက် ဗဟုသုတအလို့ငှာ ဗိုလ်ချုပ်ကို ဂုဏ်ပြုရေးသားခြင်းဖြစ်ကြောင်း" စသည်တို့ ပါဝင်ခဲ့သည်။

ကျောင်းအုပ်ဆရာကြီးက အဆိုပါ ကျွန်တော်၏ဆောင်းပါးအတွက် ခိုင်လုံတိကျသော အထောက်အထားကို ကျွန်တော့်လို အထက်တန်း ကျောင်းသားတစ်ဦးက လွယ်လင့်တကူ ရှာဖွေ၍မရနိုင်၊ ဖြစ်လည်းမဖြစ်နိုင်ဟု ယူဆကာ ကျွန်တော့်ကို နှစ်သိမ့်စကားဆိုလိုက်ခြင်းဖြစ်သည်။ ဆရာတပည့် သံယောဇဉ်ကလည်း ရှိပြီးသားဖြစ်၍ ပစ်ပစ်ခါခါ စကားမဆိုလိုက်ဘဲ ပညာရှိပီသစွာဖြင့် ကျွန်တော့်အား အထောက်အထားရှာဖွေစေခဲ့ခြင်း ဖြစ်သည်။


ကျောင်းသားသမဂ္ဂခေါင်းဆောင် ကိုအောင်ဆန်း

ကိုယ်မှန်သည်ဟုယုံကြည်လျှင် တစ်ရွေးသားမျှ အလျှော့မပေးတတ်သည့် အာဂသတ္တိရှင် ကျွန်တော်ကလည်း ကျွန်တော်ရေးသားသည့် ဆောင်းပါးအတွက် အထောက်အထားအဖြစ် အင်္ဂလန်မှ မိတ်ဆွေတစ်ဦးက ကျွန်တော့်ဖခင်အတွက် လက်ဆောင်အဖြစ်ပေးပို့ခဲ့သော စာအုပ်ထဲရှိ အဆိုပါရုပ်ရှင်ဇာတ်လမ်း၏ ဇာတ်ဝင်ဓာတ်ပုံတစ်ပုံနှင့် ပုံစာအညွှန်းကို ကတ်ကြေးဖြင့် ဖြတ်ညှပ်ထုတ်ယူပြီး နောက်တစ်နေ့နံနက် ကျောင်းမတက်မီအချိန်တွင် ကျောင်းအုပ်ဆရာကြီးထံ သွားရောက်ပြသခဲ့ရာ ဆရာကြီးခမျာ အတော်ပင် ထိတ်လန့်အံ့ဩသွားခဲ့သည်။

နောက်ဆုံးတွင်မူ ဗိုလ်ချုပ်အောင်ဆန်းကို ဂုဏ်ပြုချင်လွန်းသဖြင့် ကျွန်တော့်ဘဝတွင် ပထမဦးဆုံး ရေးသားခဲ့သည့် ထိုဆောင်းပါးကို ကျွန်တော်ယူဆောင်သွားသော အထောက်အထားဓာတ်ပုံ ဖြတ်စညှပ်စကလေးနှင့်အတူ ကျောင်းနံရံကပ်စာစောင်တွင် ထိပ်ဆုံးက ဖော်ပြခြင်းခံခဲ့ရပါတော့သည်။ ထိုဆောင်းပါးသည်ကား ကျွန်တော့်ကို စာရေးဆရာတစ်ဦးအဖြစ်သို့ ရောက်ရှိအောင် တွန်းပို့မြှင့်တင်ပေးခဲ့သော ကျွန်တော့်ဘဝ၏ ပထမဦးဆုံးသော ကျွန်တော့်လက်ရာ ဆောင်းပါးပင် ဖြစ်ပေတော့သည်။ ဗိုလ်ချုပ်၏ ကျေးဇူးကား ကြီးမားလေစွ ...

ယခုသော်မူ ကျွန်တော်၏စာရေးသက်က နှစ်စဉ်ကျရောက်မြဲ အာဇာနည်နေ့ အကြိုကာလနှင့်အတူ ၄၇ နှစ်ပင် ပြည့်ခဲ့ပြီဖြစ်သည်။ လွန်ခဲ့သည့် ၄၇ နှစ်က ကတ်ကြေးဖြင့် ဖြတ်ညှပ်ထုတ်ယူခြင်းကို ခံခဲ့ရသည့် စာအုပ်ပိုင်ရှင် ကျွန်တော့်ဖခင်က ကျွန်တော့်ကို စိတ်မဆိုးသည့်အပြင် ကျွန်တော်၏ ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုနှင့် ရဲစွမ်းသတ္တိရှိမှုကိုပင် ချီးကျူးစကား ဆိုခဲ့ပေသေးသည်။ ကျွန်တော့်အား ယခုလိုအခြေအနေထိရောက်အောင် ပြုစုပျိုးထောင်ပေးခဲ့ကြသည့် ကျွန်တော့်မိခင်နှင့်ဖခင်တို့၏ ကျေးဇူးများသည်ကား အလွန်ပင်ကြီးမားလေစွဟု အမြဲမပြတ်ဆင်ခြင်ကာ နှလုံးသွင်းခဲ့သည်မှာလည်း ယနေ့ထိတိုင်ပင် ဖြစ်သည်။

ကျွန်တော်သည် ပညာရှင်ဖြစ်လာမှ စာပေရေးသားမှုအလုပ်ကို လုပ်ခြင်း မဟုတ်ဘဲ စာရေးခြင်းအလုပ်ကို တစ်ဖက်ကလုပ်ရင်း ပညာရှင်ဘဝသို့ တက်လှမ်းလာသူဖြစ်သည်။ အထက်တန်းကျောင်းသားဘဝကတည်းက ဗိုလ်ချုပ်အောင်ဆန်းကို ဂါရဝထားဂုဏ်ပြုလိုသောကြောင့် စာပေရေးသားခဲ့မှုက ရန်ကုန်စက်မှုတက္ကသိုလ် ကျောင်းသားဘဝ တစ်လျှောက်လုံးတွင် အမျှင်မပြတ်ခဲ့သလို အင်ဂျင်နီယာပညာရှင် အရာထမ်းတစ်ဦးအဖြစ် နှစ်ပေါင်းများစွာ နိုင်ငံ့တာဝန်ထမ်းခဲ့စဉ်ကာလများကလည်း စာရေးမပျက်ခဲ့ပါ။ ဝါရင့်အင်ဂျင်နီယာပညာရှင်ကြီး ဖြစ်လာပြန်တော့လည်း စာရေးခြင်းက ပို၍ပင် စိပ်လာခဲ့သည်။ အကယ်စင်စစ်အားဖြင့် စာရေးခြင်းအလုပ်မှာ စေတနာကြီးမားသည့် စိတ်ဆန္ဒ၏ အသီးအပွင့်ဖြစ်ကြောင်းကိုလည်း ပို၍ နားလည်သဘောပေါက်လာခဲ့သည်။

စာပေများ ရေးသားနိုင်ရန်အတွက် စာဖတ်ရသည်။ စာဖတ်ရန်အတွက် ကျွန်တော်၏ Professional နှင့် ကိုက်ညီသော၊ နီးစပ်သော၊ ဆက်နွှယ်သော စာအုပ်စာတမ်းများကို ရှာဖွေစုဆောင်းရသည်။ အချက်အလက်ရနိုင်သည့် အရင်းအမြစ်မှန်သမျှထံ ချဉ်းကပ်လေ့လာရသည်။

သို့ဖြစ်၍ ကျွန်တော်၏ စာရေးသက်တစ်လျှောက်လုံးတွင် လေ့လာဖတ်ရှုခဲ့သည့် ပြည်တွင်းပြည်ပမှ စာအုပ်စာတမ်းများနှင့် သုတေသနစာတမ်းများ၊ သိပ္ပံဆိုင်ရာ အထောက်အထားနှင့် လေ့လာမှုဆိုင်ရာ စာအုပ်စာတမ်းများမှာ အုပ်ရေအားဖြင့် ၁၈၀၀၀ ခန့် ရှိခဲ့ပြီဟု ခန့်မှန်းရသည်။ ကျွန်တော် ရေးသားခဲ့သော သိပ္ပံဆိုင်ရာဆောင်းပါးပေါင်း ထောင်နှင့်ချီ၍ ရှိခဲ့ပြီဖြစ်သလို လုံးချင်းစာအုပ်များစွာကိုလည်း ရေးသားထုတ်ဝေနိုင်ခဲ့သည်။ သိပ္ပံပညာဆိုင်ရာ ရုပ်/သံအစီအစဉ်ပေါင်း ၄၀၀ ကျော်တွင် သိပ္ပံဆိုင်ရာမေးခွန်းပေါင်း ၃၀၀၀ ကျော်ကို ဖြေကြား ထုတ်လွှင့်ပေးခဲ့ပြီးဖြစ်သလို ဖြေကြားထုတ်လွှင့်ပေးနေဆဲလည်း ဖြစ်သည်။ အလားတူပင် သိပ္ပံဆိုင်ရာ ရေဒီယိုအစီအစဉ်များ၌လည်း ဟောပြောပို့ချ ထုတ်လွှင့်မှုများစွာကို ပြုလုပ်ပေးခဲ့သလို ဟောပြောပို့ချ ထုတ်လွှင့်ပေးနေဆဲလည်း ဖြစ်သည်။

ကျွန်တော်ရေးသားသော စာပေများကို သိပ္ပံပညာဆိုင်ရာ ဗဟုသုတအလို့ငှာ အစဉ်အားပေး လေ့လာဖတ်ရှုသူ၊ ကျွန်တော်၏ သိပ္ပံဆိုင်ရာ ရုပ်/သံအစီအစဉ်များကို အစဉ်စောင့်ကြည့် အားပေးနေသူ၊ ကျွန်တော်၏ သိပ္ပံဆိုင်ရာ ရေဒီယိုထုတ်လွှင့်ချက်များကို အစဉ်အားပေးနားထောင်သူ ပရိသတ်ပေါင်း ခုနစ်သန်းကျော်ခန့်ရှိနေကြောင်း စစ်တမ်းတစ်ခုက ဆိုပါသည်။

ကျွန်တော်ရရှိခဲ့သည့် အခြေခံဘွဲ့မှာ အင်ဂျင်နီယာဘွဲ့ဖြစ်သော်လည်း မိမိပညာကိုအခြေခံကာ ကျွန်တော်စိတ်ပါဝင်စားသော ဘာသာရပ်များကို ထဲထဲဝင်ဝင် လေ့လာလိုက်စား မှတ်သားနည်းယူခဲ့သည့် ကာလမှာ ဆယ်စုနှစ်နှင့်ချီ၍ ကြာမြင့်လာသည့်အခါ၌မူ ကျွန်တော်သည် အင်ဂျင်နီယာပညာရှင်တစ်ဦးအဖြစ်သာမကပဲ ဘေးအန္တရာယ်ဆိုင်ရာ လေ့လာဆန်းစစ်ရေးပညာရှင်၊ သိပ္ပံသုတေသနပညာရှင်နှင့် အကြံပေးပညာရှင်အဖြစ်သို့ပါ တက်လှမ်းရောက်ရှိလာခဲ့သည်။

မိမိ၏ပညာအရည်အချင်းကို အခြေခံကာ လက်လှမ်းမီသမျှသော စာအုပ်စာပေများကို ဖတ်ရှု၊ လေ့လာ၊ ဆက်စပ်၊ ပေါင်းကူးမှုပြုသည့်အခါ၌မူ ကျွန်တော့်အတွက် သိပ္ပံပညာကိုအခြေခံသော ဆောင်းပါးပေါင်း ထောင်သောင်းချီ၍ ရေးသားနိုင်မည့် အချက်အလက်များစွာကို စုဆောင်းရရှိလာတော့သည်။

တစ်ဖက်တစ်လမ်းက စာပေများကို ရေးသားနေရင်း အခြားတစ်ဖက်၌လည်း ပညာရပ်ဆိုင်ရာများကို အစဉ်မပြတ် လေ့လာလိုက်စားခဲ့သည့် အကျိုးတရားအဖြစ် ကမ္ဘာ့နိုင်ငံပေါင်းများစွာတို့၌ ကျင်းပပြုလုပ်ခဲ့ကြသည့် Conference၊ Forum၊ Seminar၊ Round Table Meeting စသည်များတွင် မိမိ၏ အဖွဲ့အစည်းနှင့် မိမိနိုင်ငံကို ကိုယ်စားပြုကာ တက်ရောက်ဆွေးနွေးခြင်း၊ အကြံပြုခြင်း၊ ဆန္ဒပြုခြင်းနှင့် စာတမ်းဖတ်ကြားခြင်း စသည်တို့ကိုပါ ဆောင်ရွက်နိုင်ခဲ့သည်။

လက်ရှိအချိန်တွင် ကျွန်တော်သည် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ အကြံပေးပညာရှင်အဖြစ်လည်းကောင်း၊ အမျိုးသားအဆင့် ရေထုညစ်ညမ်းမှု အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေးအစီအမံ ရေးဆွဲခြင်းဆိုင်ရာ အကြံပေးပညာရှင်အဖြစ်လည်းကောင်း၊ အာဆီယံ အပြန်အလှန် အသိအမှတ်ပြုမှုဆိုင်ရာ အစီအမံ၏ ပညာရှင်များကြီးကြပ်ထိန်းသိမ်းမှု ကော်မတီဝင်အဖြစ်လည်းကောင်း၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၏ အပြည်ပြည်ဆိုင်ရာနှင့် ပြည်သူ့ဆက်ဆံရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌအဖြစ်လည်းကောင်း ကြီးလေးသောတာဝန်များကို ထမ်းဆောင်ရင်း မိမိနိုင်ငံနှင့် နိုင်ငံသားများ၏ အကျိုးအတွက် သိပ္ပံပညာဆိုင်ရာစာပေများကို ရေးသားနေဆဲ၊ သိပ္ပံဆိုင်ရာ ရုပ်/သံအစီအစဉ်များစွာတို့၌ ဖြေကြားထုတ်လွှင့်ပေးနေဆဲ၊ သိပ္ပံဆိုင်ရာ ရေဒီယိုအစီအစဉ်များ၌ ဟောပြောပို့ချနေဆဲပင် ဖြစ်သည်။

အဆိုပါ လုပ်ငန်းဆောင်တာများ အားလုံးအပါအဝင် ကျွန်တော့်အား အင်ဂျင်နီယာပညာရှင်၊ ဘေးအန္တရာယ် လေ့လာဆန်းစစ်ရေးပညာရှင်၊ သိပ္ပံသုတေသနပညာရှင်နှင့် အကြံပေးပညာရှင်အဖြစ် အစဉ်ရပ်တည်နေနိုင်ရေးအတွက် ရှင်သန်ပေါက်မြောက်အောင် မျိုးစေ့ချပေးခဲ့သည်ကတော့ အမျိုးသားခေါင်းဆောင်ကြီး၊ မြန်မာ့လွတ်လပ်ရေး၏ ဗိသုကာကြီး၊ အာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ ဘဝတစ်စိတ်တစ်ဒေသကို ၁၉၇၂ ခုနှစ်က ဂုဏ်ပြုရေးသားခဲ့သည့် **“ဗိုလ်ချုပ်အောင်ဆန်း ပါဝင်သရုပ်ဆောင်ခဲ့သော ရုပ်ရှင်ဇာတ်ကား”** အမည်ရှိ ကျွန်တော့်ဘဝ၏ ပထမဆုံးသော ဆောင်းပါးပင် ဖြစ်ပေတော့သည်။ ။

# ၂၀၂၀ ပြည့်နှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

*ယမန်နေ့မှအဆက်*

| စဉ် | ကုန်စည်အမျိုးအမည် |
|---|---|
| **ကျန်းမာရေးဆိုင်ရာကုန်စည်များ** | |
| ၂၁ | ပရဆေးများ။ |
| ၂၂ | ပျားရည်၊ ပျားဖယောင်း။ |
| ၂၃ | ခွတ်မှန်ဖလင်ကော်ပြား၊ ခတ်မှန်ရိုက်ပစ္စည်းကိရိယာ တန်ဆာပလာများနှင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနက သတ်မှတ်သည့် ဆေးဘက်ဆိုင်ရာသုံး ပစ္စည်းကိရိယာတန်ဆာပလာများ၊ ဆေးဂွမ်း၊ ဆေးဝတ်၊ ဆေးပတ်တီး၊ ဆေးထည့်ရန် ဆေးရုံသုံးပစ္စည်းများ၊ ဆေးရုံသုံးတစ်ခါသုံးနှာခေါင်းစည်း၊ ခေါင်းစည်း၊ လက်အိတ် (Surgical Glove)၊ တုပ်ကွေးရောဂါကူးစက်ခြင်းအား ကာကွယ်ရန် တပ်ဆင်သည့် နှာခေါင်းစည်း၊ အိမ်သုံးဆေးဝါး၊ အခြားလူသုံးဆေးဝါးအမျိုးမျိုးနှင့် တိုင်းရင်းဆေးဝါးအမျိုးမျိုး (ဥပဒေ၊ နည်းဥပဒေများဖြင့် ကန့်သတ်ထားသော ဆေးဝါးများမှအပ FDA မှတ်ပုံတင် လက်မှတ်ရရှိပြီး ဆေးဝါးများ၊ တိုင်းရင်းဆေးဝါး ကုန်ကြမ်းများအပါအဝင် ဆေးဝါးကုန်ကြမ်းများ)။ |
| ၂၄ | ကွန်ဒုံး(Condom)။ |
| **ဘာသာရေးနှင့် လူမှုရေးသုံးကုန်စည်များ** | |
| ၂၅ | စိပ်ပုတီးအမျိုးမျိုး (အဖိုးတန်ကျောက်မျက်ရတနာဖြင့် ပြုလုပ်သည့် စိပ်ပုတီးများမပါဝင်)၊ သာသနာရေးဆိုင်ရာ အဝတ်အထည်များ။ |
| ၂၆ | မီးသတ်ယာဉ်များ၊ ရှာဖွေကယ်ဆယ်ရေးယာဉ်များ၊ နာရေးယာဉ်များ။ |
| **သယ်ယူပို့ဆောင်ရေးဆိုင်ရာကုန်စည်များ** | |
| ၂၇ | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက နိုင်ငံခြားသံရုံးများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် နိုင်ငံခြားသံတမန်များသို့ ရောင်းချပေးသည့် စက်သုံးဆီများ။ |
| ၂၈ | ပြည်တွင်း ပြည်ပပျံသန်းသည့်ခရီးစဉ်တွင် အသုံးပြုရန်ရောင်းချသည့် ဂျက်လေယာဉ်ဆီ။ |
| ၂၉ | လေယာဉ်သုံး သို့မဟုတ် ရဟတ်ယာဉ်သုံးစက်၊ စက်ကိရိယာ၊ ပစ္စည်းကိရိယာနှင့် ယင်းတို့၏ အရန်နှင့် အပိုပစ္စည်း။ |
| **စက်မှုလုပ်ငန်းသုံးကုန်စည်များ** | |
| ၃၀ | အရောင်ချွတ်ဖတ် (အရောင်ချွတ်ရာတွင် အသုံးပြုသည့် Hypochloride များသာ)၊ ဆပ်ပြာမှုန့်ပြုလုပ်မည့်ကုန်ကြမ်း၊ ဆပ်ပြာပြုလုပ်မည့် ကုန်ကြမ်း၊ ဆပ်ပြာကြမ်း။ |
| ၃၁ | ဂုန်လျှော်နှင့် အခြားလျှော်များ၊ ကြက်ပေါင်စေး၊ လျှော်ဖြူစေး (ခေါ်) ဆေးကုလားမ။ |
| ၃၂ | လယ်ယာနှင့်မွေးမြူရေးလုပ်ငန်းသုံးကိရိယာများ၊ လယ်ယာနှင့်မွေးမြူရေးလုပ်ငန်းသုံးစက်နှင့် စက်အပိုပစ္စည်းများ၊ ထွန်စက်များ၊ မြေပြုပြင်ထွန်ယက်သည်မှ သီးနှံရိတ်သိမ်းခြွေလှေ့ အခြောက်ခံသည်အထိ လူ သို့မဟုတ် တိရစ္ဆာန်၏ လုပ်အားနှင့် တွဲဖက်၍သော်လည်းကောင်း၊ စက်စွမ်းအား သီးသန့်သော်လည်းကောင်း ဆောင်ရွက်နိုင်သောကိရိယာ၊ စက်နှင့်စက်အပိုပစ္စည်းအမျိုးမျိုး (မော်တော်ယာဉ်ဥပဒေအရ မှတ်ပုံတင်ရန် လိုအပ်သော ယာဉ်ယန္တရားများမှအပ)၊ မွေးမြူရေး လုပ်ငန်းသုံးကိရိယာများ၊ မွေးမြူရေး လုပ်ငန်းသုံးစက်နှင့် စက်အပိုပစ္စည်းများ၊ မျိုးမြှင့်သားစပ်ရာတွင် အသုံးပြုရန် မျိုးရည်၊ မျိုးချောင်း၊ မျိုးဥ (အေးခဲမျိုးရည်အပါအဝင် သန္ဓေသားလောင်းနှင့် မေထုန်မဲ့သားစပ်လုပ်ငန်းသုံး ကိရိယာများ)။ |
| ၃၃ | ဆိုလာပန်နယ်လ်၊ ဆိုလာချာဂျာကွန်ထရိုလာနှင့် ဆိုလာအင်ဗာတာ (Solar Panel, Solar Charger Controller and Solar Inverter)။ |
| ၃၄ | လက်ခစားအပ်ကုန်စနစ်ဖြင့် ကုန်ချောကုန်စည်ထုတ်လုပ်ပေးခြင်းအတွက်အသုံးပြုရန် ပြည်ပနေလုပ်ငန်းအပ်နှံသူမှပေးပို့သည့်ကုန်ကြမ်း သို့မဟုတ် အစိတ်အပိုင်းအဖြစ် တိုက်ရိုက်အသုံးပြုရသည့် ကုန်စည်များ၊ ထွက်ရှိလာမည့် ကုန်ချောကိုထုပ်ပိုးရာတွင် အသုံးပြုသည့်ကုန်စည်များ၊ လက်ခစားအပ်ကုန်စနစ်ဖြင့် ဆောင်ရွက်သည့်လုပ်ငန်းများက လုပ်ငန်းလိုအပ်ချက်အရ ပြန်လည်ရောင်းချရန်မဟုတ်သည့် တင်သွင်းလာသော စက်ပစ္စည်းများ၊ စက်ကိရိယာများ၊ ပစ္စည်းကိရိယာနှင့် ယင်းတို့၏အရန်နှင့် အပိုပစ္စည်းများ။ |
| **ကာကွယ်ရေးဆိုင်ရာ ကုန်စည်များ** | |
| ၃၅ | နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ နိုင်ငံတော်အဖွဲ့အစည်းများသုံး လက်နက်ကိရိယာများ၊ ယာဉ်ယန္တရားများ၊ ပစ္စည်းနှင့်ကိရိယာများ၊ ယင်းတို့၏အရန်နှင့် အပိုပစ္စည်းများ၊ နယ်ဘက်ဌာနသုံး ယမ်းမှုန့်အမျိုးမျိုး၊ ယမ်းဘီလူး အမျိုးမျိုးနှင့် ဆက်စပ်ပစ္စည်းများ (ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ခွင့်ပြုချက်ဖြင့် တင်သွင်းသော ပစ္စည်းအမျိုးအမည်များသာ)၊ ကာကွယ်ရေးဝန်ကြီးဌာနအတွက် ခွဲဝေလျာထားပေးသည့် ရသုံးမှန်းခြေငွေစာရင်းပါ အသုံးစရိတ်မှကျခံ၍ တပ်မတော်တွင် အသုံးပြုရန်နှင့် တပ်မတော်သားများ စားသုံးရန် ဝယ်ယူသည့် ကုန်စည်များ။ |
| **ကျောက်မျက်ရတနာနှင့် တွင်းထွက်ကုန်စည်များ** | |
| ၃၆ | ရွှေစင်၊ ရွှေတုံးများ (စံချိန်မီ ရွှေချောင်း၊ ရွှေတုံး၊ ရွှေဒင်္ဂါးများ) နှင့် ပြည်ထောင်စုအစိုးရအဖွဲ့က ကြီးမှူးကျင်းပသော မြန်မာ့ကျောက်မျက်ရတနာ ပြည်တွင်းပြပွဲများတွင် ရောင်းချသော ကျောက်စိမ်း၊ ပတ္တမြား၊ နီလာ၊ ကျောက်မျက်ရတနာ အရိုင်းထည်၊ အချောထည်များ။ |
| ၃၇ | ရေနံချေး။ |
| **အထွေထွေကုန်စည်များ** | |
| ၃၈ | ပြည်ပသို့ထွက်ခွာမည့် ခရီးသည်များကို သီးခြားသတ်မှတ်ထားသည့် နေရာတွင် ရောင်းချသည့် ပစ္စည်းများ။ |
| ၃၉ | ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆိုပြု၍ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ခွင့်ပြုထားသည့် နှစ်နိုင်ငံအကြား အပြန်အလှန်အခွင့်အရေးမူ ကျင့်သုံးသော နိုင်ငံခြားသံရုံးများ သို့မဟုတ် သံရုံးငယ်များ၊ ယင်းတို့၏ အဖွဲ့ဝင်များနှင့် သံတမန်မဟုတ်သော သံရုံးဝန်ထမ်းများ အသုံးပြုမည့် အပြန်အလှန်အခွင့်အရေးမူနှင့် အကျုံးဝင်သည့် ကုန်စည်များ။ |
| ၄၀ | ပြည်တွင်းရှိ ကုလသမဂ္ဂအဖွဲ့အစည်းများမှ အဖွဲ့အစည်းအမည်ဖြင့် ပြည်တွင်း / ပြည်ပမှ ဝယ်ယူသည့် ကုန်စည်များ။ |
| ၄၁ | ပြည်တွင်းပြည်ပ အဖွဲ့အစည်းများက နိုင်ငံတော်သို့ လှူဒါန်းသည့်ငွေ သို့မဟုတ် နိုင်ငံတော်သို့ ထောက်ပံ့သည့်ငွေဖြင့် ဝယ်ယူသောကုန်စည်များ။ |
| ၄၂ | နိုင်ငံတော်၏လိုအပ်ချက်အရ ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် ပြည်ထောင်စု အစိုးရအဖွဲ့က အမိန့်ကြော်ငြာစာထုတ်ပြန်၍ အခွန်ကင်းလွတ်ခွင့်ပြုသည့် ကုန်စည်များ။ |

*(ဆက်လက်ဖော်ပြပါမည်)*

# ၂၀၂၀ ပြည့်နှစ်၊ ဝင်ငွေခွန်ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

*ယမန်နေ့မှအဆက်*

(၇၅) **မရွှေ့မပြောင်းနိုင်သောပစ္စည်း** ဆိုရာတွင် အောက်ပါတို့ ပါဝင်သည်–

(ကက) မရွှေ့မပြောင်းနိုင်သောပစ္စည်းတွင် ဖွံ့စည်းတည်ဆောက်မှုဆိုင်ရာ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ချက်တစ်ခု၊

( ခခ ) မရွှေ့မပြောင်းနိုင်သောပစ္စည်းတွင်ဖြစ်စေ၊ မရွှေ့မပြောင်းနိုင်သော ပစ္စည်း၏ ဖွံ့စည်းတည်ဆောက်မှုဆိုင်ရာ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ချက်တွင်ဖြစ်စေ သတ်မှတ်ကာလအတွင်း သတ်မှတ်ဈေးနှုန်းဖြင့် အရောင်းအဝယ်ပြုလုပ်ပိုင်ခွင့် သို့မဟုတ် အခြားအကျိုးစီးပွား၊

( ဂဂ ) ပုဒ်မ ၆၂၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ်(၁၀)နှင့် ပုဒ်မခွဲငယ်(၁၂)ပါ ဓာတ်သတ္တု သို့မဟုတ် ကျောက်မျက်ရတနာ သို့မဟုတ် ရေနံတူးဖော်ထုတ်လုပ်ခြင်းဆိုင်ရာ အခွင့်အရေး၊

(ဃဃ) ပုဒ်မခွဲငယ်စိတ် (ဂဂ) တွင် ဖော်ပြထားသည့် အခွင့်အရေးနှင့် စပ်လျဉ်းသည့် သတင်းအချက်အလက်။

(၇၆) ပုဂ္ဂိုလ်တစ်ဦးနှင့် စပ်လျဉ်း၍ **ရရှိခြင်း** ဆိုရာတွင် အောက်ပါတို့ ပါဝင်သည်–

(ကက) ယင်းပုဂ္ဂိုလ်၏ ညွှန်ကြားချက်အရသော်လည်းကောင်း၊ ဥပဒေတစ်ရပ်ရပ်အရသော်လည်းကောင်း ယင်းပုဂ္ဂိုလ်ကိုယ်စား ရရှိခြင်း၊

( ခခ ) ယင်းပုဂ္ဂိုလ်၏အကျိုးခံစားခွင့်အလို့ငှာ ပြန်လည်ရင်းနှီးမြှုပ်နှံခြင်း (reinvested)၊ စုဆောင်းရရှိလာခြင်း (accumulated)၊ သို့မဟုတ် အရင်းအဖြစ်ပြောင်းလဲခြင်း (capitalized)၊

( ဂဂ ) ယင်းပုဂ္ဂိုလ်၏ အကျိုးခံစားခွင့်အလို့ငှာ စာရင်းတစ်ခုသို့ ပေးသွင်းခြင်း (credited) သို့မဟုတ် အရန်ငွေကြေး (reserve) တစ်ရပ်ရပ်သို့ သယ်ဆောင်ခြင်း၊

(ဃဃ) ယင်းပုဂ္ဂိုလ်က ရရှိစေရန် အခြားနည်းဖြင့် ဆောင်ရွက်ခြင်း။

(၇၇) **အပန်းဖြေခြင်း** ဆိုရာတွင် ပျော်ရွှင်မှုဖြစ်စေသည့် လုပ်ဆောင်ချက်၊ အားကစား၊ သို့မဟုတ် အလားတူအားလပ်ချိန် လုပ်ဆောင်ချက်များ ပါဝင်ပြီး ယင်းတို့ကို ကုန်းကြောင်း၊ ရေကြောင်းနှင့် လေကြောင်း သွားယာဉ်တစ်စီးစီးပေါ်၌ ဆောင်ရွက်ခြင်းလည်း ပါဝင်သည်။

(၇၈) တစ်ဦးချင်းပုဂ္ဂိုလ်နှင့် စပ်လျဉ်း၍ **ဆွေမျိုး** ဆိုသည်မှာ အောက်ပါတို့ကို ဆိုသည် –

(ကက) ယင်းတစ်ဦးချင်းပုဂ္ဂိုလ်၏ အိမ်ထောင်ဖက်၊

( ခခ ) ယင်းတစ်ဦးချင်းပုဂ္ဂိုလ် သို့မဟုတ် ယင်း၏ အိမ်ထောင်ဖက်၏ မိဘ၊ အဘိုး၊ အဘွား၊ အစ်ကို၊ အစ်မ၊ ညီ၊ ညီမ၊ မောင်၊ နှမ၊ ဘကြီး၊ ဘထွေး၊ ဦးကြီး၊ ဦးလေး၊ ဒေါ်ကြီး၊ ဒေါ်လေး၊ ကြီးတော်၊ ထွေးလေး၊ တူ၊ တူမ၊ ဆင်းသက်ပေါက်ဖွားလာသူ၊ သို့မဟုတ် မွေးစားသား၊ သမီး၊

( ဂဂ ) ပုဒ်မခွဲငယ်စိတ်(ခခ)တွင် ဖော်ပြထားသည့် ပုဂ္ဂိုလ်တစ်ဦးဦး၏ အိမ်ထောင်ဖက်။

(၇၉) **ငှားရမ်းခ** ဆိုသည်မှာ စက်မှုသုံး၊ စီးပွားရေးသုံး(commercial) သို့မဟုတ် သိပ္ပံသုံးကိရိယာ မဟုတ်သည့် ဒြပ်ရှိ ရရန်ပိုင်ခွင့်များကို အသုံးပြုခြင်း သို့မဟုတ် ဝင်ရောက်နေရာယူခြင်းအတွက်ဖြစ်စေ၊ အသုံးပြုရန် သို့မဟုတ် ဝင်ရောက် နေရာယူရန် အခွင့်အရေးအတွက် ဖြစ်စေ ပရီမီယံ သို့မဟုတ် အလားတူ ငွေကြေးပမာဏတို့ အပါအဝင် မည်သည့် အဖိုးစားနားမဆိုကို ဆိုသည်။ ယင်းစကားရပ်တွင် အောက်ပါတို့လည်း ပါဝင်သည် –

(ကက) မြေကို ဝင်ရောက်အသုံးပြုနိုင်ရန် ထုံးတမ်းစဉ်လာ မြေပိုင်ရှင်များသို့ ပေးချေသည့် ငွေကြေးပမာဏ၊

( ခခ ) မြေ သို့မဟုတ် အဆောက်အအုံကို အသုံးပြုရန် သို့မဟုတ် ဝင်ရောက် နေရာယူရန်၊ သို့မဟုတ် အသုံးပြုခွင့် သို့မဟုတ် ဝင်ရောက်နေရာ ယူခွင့်ဆိုင်ရာ သဘောတူညီချက်တစ်ရပ်ရပ် အရဖြစ်စေ၊ ယင်းအခွင့်အရေးကို ရပ်စဲခြင်းဆိုင်ရာ သဘောတူညီချက်တစ်ရပ်ရပ်အရဖြစ်စေ ယင်းမြေကိုသော်လည်းကောင်း၊ ယင်းအဆောက်အအုံကိုသော်လည်းကောင်း တိုးတက်ကောင်းမွန်စေရန် အငှားချထားခြင်းခံရသူက ပြုလုပ် သည့် မည်သည့်ဆောင်ရွက်ချက်မဆို၏ ပြင်ပဈေးကွက်ပေါက်ဈေး၊

( ဂဂ ) ပုဒ်မခွဲငယ်စိတ်(ခခ)တွင် ဖော်ပြထားသည့် တိုးတက်ကောင်းမွန်စေရန် ဆောင်ရွက်ချက်အစား အငှားချထားခြင်းခံရသူက ပေးချေသည့် ငွေကြေးပမာဏ။

(၈၀) **ပြည်တွင်းနေကုမ္ပဏီ** ဆိုသည်မှာ အောက်ပါကုမ္ပဏီတစ်ခုခုကို ဆိုသည်–

(ကက) မြန်မာနိုင်ငံတွင် ဖွဲ့စည်းတည်ထောင်သည့် (incorporated)၊ မှတ်ပုံတင်သည့် (registered)၊ ဖွဲ့စည်းသည့် (formed)၊ အခြေချသည့် (settled)၊ သို့မဟုတ် အခြားနည်းလမ်းဖြင့် ဖန်တီးတည်ရှိသည့် (created) ကုမ္ပဏီ၊

( ခခ ) မြန်မာနိုင်ငံတွင် စီမံခန့်ခွဲခြင်းနှင့် ထိန်းချုပ်ခြင်းပြုသည့် ကုမ္ပဏီ။

(၈၁) **ပြည်တွင်းနေ အမွေပုံပစ္စည်း** ဆိုသည်မှာ သေဆုံးချိန်တွင် ပြည်တွင်းနေ တစ်ဦးချင်းပုဂ္ဂိုလ်ဖြစ်နေသည့် တစ်ဦးချင်းပုဂ္ဂိုလ် တစ်ဦး၏ ကျန်ရစ်ပစ္စည်းကို ဆိုသည်။

(၈၂) **ပြည်တွင်းနေ တစ်ဦးချင်းပုဂ္ဂိုလ်** ဆိုသည်မှာ ပုဒ်မ ၈ တွင် ဖော်ပြထားသော အဓိပ္ပာယ်ကို ဆိုသည်။

*(ဆက်လက်ဖော်ပြပါမည်)*

## ကုန်အမှတ်တံဆိပ်သတိပေးကြေငြာခြင်း

ထိုင်းနိုင်ငံ၊ 43 Thai CC Tower, 33rd Floor, South Sathorn road, Yannawa, Sathorn, Bangkok တွင် တည်ရှိပြီး ထိုင်းနိုင်ငံ၏ ဥပဒေများနှင့်အညီတည်ထောင်ထားသော **SIAM BROTHERS CORPORATION LIMITED** သည် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ် ၏တစ်ဦးတည်းပိုင်ရှင်ဖြစ်ပါသည်။




မှတ်ပုံတင်အမှတ် - ၁၁၆၂/၂၀၂၀

အဆိုပါကုန်အမှတ်တံဆိပ်ကို **အပြည်ပြည်ဆိုင်ရာအမှတ်တံဆိပ် အမျိုးအစား အုပ်စုခွဲခြားခြင်းအရ အုပ်စုအလိုက်သတ်မှတ်ချက်** ၂၂ တွင်ပါဝင်သော **ငါးဖမ်းပိုက်** တွင်အသုံးပြုမည်ဖြစ်ပါသည်။

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်နှင့် ပတ်သက်ပြီး ကုန်အမှတ်တံဆိပ် ဆိုင်ရာ အခွင့်အရေးများနှင့် အသိဉာဏဆိုင်ရာပစ္စည်းအခွင့်အရေးများကို **SIAM BROTHERS CORPORATION LIMITED** မှပိုင်ဆိုင်ကြောင်း ကြေညာအပ်ပါသည်။ SIAM BROTHERS CORPORATION LIMITED သည် ၎င်း၏ အသိဉာဏဆိုင်ရာ ပစ္စည်းများနှင့်အခြားသော ဥပဒေကြောင်းဆိုင်ရာအရ ရရှိထားသော အခွင့်အရေးများကို ချိုးဖောက်သည့်မည်သူ့ကိုမဆို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများအရ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်း သတိပေး ကြေညာအပ်ပါသည်။

**SIAM BROTHERS CORPORATION LIMITED** ၏လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ခင်မျိုးမျိုးအေး LL.B, တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၈၃၃)
**Tilleke & Gibbins Myanmar Ltd.**
အမှတ်၁၆၀၈၊ ၁၆လွှာ၊ ဆာကူရာတာဝါ၊ ၃၃၉ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
**အီးမေးလ်** - myanmar@tilleke.com

## ကုန်အမှတ်တံဆိပ်သတိပေးကြေငြာခြင်း

ထိုင်းနိုင်ငံ၊ 43 Thai CC Tower, 33rd Floor, South Sathorn road, Yannawa, Sathorn, Bangkok တွင် တည်ရှိပြီး ထိုင်းနိုင်ငံ၏ ဥပဒေများနှင့်အညီ တည်ထောင်ထားသော **SIAM ROPE & NET CORPORATION LIMITED** သည် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ် ၏တစ်ဦးတည်းပိုင်ရှင်ဖြစ်ပါသည်။




မှတ်ပုံတင်အမှတ် - ၁၁၆၁/၂၀၂၀

အဆိုပါကုန်အမှတ်တံဆိပ်ကို **အပြည်ပြည်ဆိုင်ရာအမှတ်တံဆိပ် အမျိုးအစား အုပ်စုခွဲခြားခြင်းအရ အုပ်စုအလိုက်သတ်မှတ်ချက်** ၂၂ တွင်ပါဝင်သော **ကြိုး** တွင် အသုံးပြုမည်ဖြစ်ပါသည်။

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်နှင့် ပတ်သက်ပြီး ကုန်အမှတ်တံဆိပ်ဆိုင်ရာ အခွင့်အရေးများနှင့် အသိဉာဏဆိုင်ရာပစ္စည်းအခွင့်အရေးများကို **SIAM ROPE & NET CORPORATION LIMITED** မှပိုင်ဆိုင်ကြောင်းကြေညာအပ်ပါသည်။ SIAM ROPE & NET CORPORATION LIMITED သည်၎င်း၏ အသိဉာဏဆိုင်ရာပစ္စည်းများနှင့်အခြားသော ဥပဒေကြောင်းဆိုင်ရာအရ ရရှိထားသော အခွင့်အရေးများကို ချိုးဖောက်သည့် မည်သူ့ကိုမဆို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏တည်ဆဲဥပဒေများအရ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

**SIAM ROPE & NET CORPORATION LIMITED** ၏လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ခင်မျိုးမျိုးအေး LL.B, တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၈၃၃)
**Tilleke & Gibbins Myanmar Ltd.**
အမှတ်၁၆၀၈၊ ၁၆လွှာ၊ ဆာကူရာတာဝါ၊ ၃၃၉ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
**အီးမေးလ်** - myanmar@tilleke.com

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့နယ်၊ ကျောက္ကာမြောက်ကျေးရွာအုပ်စုမှ အောက်ဖော်ပြပါ ပုဂ္ဂိုလ်(၅၁)ဦးသည် (စက်မှုစီးပွား) မြေငှားစာချုပ်လျှောက်ထားရာ **ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို** ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း(၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့် အခွန်စည်းမျဉ်းဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ **(စက်မှုစီးပွား)** မြေငှားစာချုပ်ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်-

| စဉ် | အမည် | ကွင်း/အကွက်အမှတ်နှင့်အမည် | ဦးပိုင် | ဧရိယာ |
|---|---|---|---|---|
| ၁ | ဦးချစ်ကို | ၄၀၄-ဃ/တောရကွင်း | ၅/၃၊ N၅/၃ခ၊ ၅/၁က၊ ၇/၁ဃ၊ N၁/၂က | ၄.၆၂ |
| ၂ | ဦးကြည်မင်းသိန်း | ၄၀၄-ခ/တောရကွင်း | ၁/၁ဃ | ၁.၇၅ |
| ၃ | ဦးဇော်မြင့် | ၄၀၄-ခ/တောရကွင်း | ၁/၁စ | ၂.၁၇ |
| ၄ | ဦးနေမျိုး | ၄၀၂/ကျက်မမြောက် | ၁/၅၊ ၁/၃၁၁/၆ | ၃.၁၃ |
| ၅ | ဦးစိန်ရွှေထွန်း | ၄၀၄-ခ/တောရကွင်း | ၈/၁င | ၀.၇၄ |
| ၆ | ဦးဇော်လင်း | ၄၀၄-ခ/တောရကွင်း | ၈/၁က | ၀.၉၆ |
| ၇ | ဦးအောင်ကျော်စိုး | ၄၀၄-ခ/တောရကွင်း | ၈/၁ဃ | ၁.၂၅ |
| ၈ | ဦးနေလင်းမောင် | ၄၀၄-ဃ/တောရကွင်း | ၇/၁က | ၀.၉၁ |
| ၉ | ဒေါ်ထူး | ၄၀၄-ဃ/တောရကွင်း | ၇/၂က | ၀.၈၅ |
| ၁၀ | ဦးစည်သူအောင် | ၄၀၄-ခ/တောရကွင်း | ၈/၁င | ၀.၈၈ |
| ၁၁ | ဦးဝင်းသိန်း | ၄၀၄-ခ/တောရကွင်း | ၁၁/၂၁ | ၁.၀၀ |
| ၁၂ | ဦးဝင်းငွေ | ၄၀၄-ခ/တောရကွင်း | ၁၂/၁၊ ၁၂/၂၂ | ၁.၅၀ |
| ၁၃ | ဦးစန်းတင့် | ၄၀၄-ခ/တောရကွင်း | ၁/၁စ | ၁.၈၀ |
| ၁၄ | ဦးကြည်လှိုင် | ၄၀၄-ဃ/တောရကွင်း | ၇/၁ခ | ၀.၉၁ |
| ၁၅ | ဦးသန်းမြင့်စိုး | ၄၀၄-ခ/တောရကွင်း | ၅/၁ခ | ၁.၈၆ |
| ၁၆ | ဦးဝင်းသူရိန် | ၄၀၄-ခ/တောရကွင်း | ၁၇/၂ | ၀.၉၁ |
| ၁၇ | ဦးညွှန့်ခင် | ၄၀၄-ခ/တောရကွင်း | N၈ | ၀.၆၇ |
| ၁၈ | ဒေါ်ဇာခြည်လင်း | ၄၀၄-ဃ/တောရကွင်း | N၅/၂ခ-၁၊ N၅/၂က | ၁.၄၇ |
| ၁၉ | ဦးကျော်စိုးဦး | ၄၀၄-ဃ/တောရကွင်း | N၅/၂က-၁ | ၀.၈၆ |
| ၂၀ | ဦးကျော်စိုး | ၄၀၄-ဃ/တောရကွင်း | N၂က၊ ၉/၁၈ | ၂.၀၀ |
| ၂၁ | ဒေါ်တင်နွဲ့ | ၄၀၄-ဃ/တောရကွင်း | N၂ခ | ၁.၀၀ |
| ၂၂ | ဦးဝင်းမြိုင်ဦး | ၄၀၄-ဃ/တောရကွင်း | N၅/၃က | ၁.၅၂ |
| ၂၃ | ဦးထိုက်လင်းအောင် | ၄၀၄-ဃ/တောရကွင်း | ၆/၃ | ၁.၀၀ |
| ၂၄ | ဦးအောင်စံ | ၄၀၄-ဃ/တောရကွင်း | ၅/၅ | ၂.၀၀ |
| ၂၅ | ဒေါ်ထွားဝင်း | ၄၀၄-ခ/တောရကွင်း | ၂/၄က၊ ၃/၁က | ၂.၀၀ |
| ၂၆ | ဒေါ်ခင်မာဝင်း | ၄၀၄-ခ/တောရကွင်း | ၂/၄ခ၊ ၃/၁ခ | ၂.၂၀ |
| ၂၇ | ဦးဇော်မျိုးခိုင် | ၄၀၄-ခ/တောရကွင်း | ၆/၁က၊ ၇/၂က | ၁.၀၀ |
| ၂၈ | ဦးထွန်းထွန်းနိုင် | ၄၀၄-ခ/တောရကွင်း | ၆/၁ခ၊ ၇/၂ခ | ၀.၈၃ |
| ၂၉ | ဦးဟန်သိန်း | ၄၀၄-ခ/တောရကွင်း | ၁၂/၁ | ၂.၂၃ |
| ၃၀ | ဦးဝင်းဆောင် | ၄၀၄-ခ/တောရကွင်း | ၁၁/၂ | ၁.၆၀ |
| ၃၁ | ဦးသက်ဦး | ၄၀၄-ခ/တောရကွင်း | ၁၀/၁၉ | ၂.၀၀ |
| ၃၂ | ဦးမျိုးလွင် | ၄၀၄-ခ/တောရကွင်း | ၈/၂ | ၀.၈၉ |
| ၃၃ | ဦးရှိန်းထက်ဦး | ၄၀၄-ခ/တောရကွင်း | ၈/၁ခ | ၁.၄၇ |
| ၃၄ | ဦးမောင်နိုင် | ၄၀၄-ခ/တောရကွင်း | ၆/၂ | ၂.၂၁ |
| ၃၅ | ဦးမောင်မြင့် | ၄၀၄-ဃ/တောရကွင်း | ၇/၄ | ၁.၅၀ |
| ၃၆ | ဦးနေမျိုးလှိုင် | ၄၀၄-ဃ/တောရကွင်း | ၉/၁၇ | ၂.၀၀ |
| ၃၇ | ဦးကျော်ရဲမြင့် | ၄၀၄-ခ/တောရကွင်း | ၂/၄ဃ၊ ၃/၁ဃ | ၁.၀၀ |
| ၃၈ | ဦးဆန်းမြင့် | ၄၀၄-ဃ/တောရကွင်း | N၁/၂၊ N၅/၁၊ ၇/၁ဃ | ၁.၆၄ |
| ၃၉ | ဦးထွန်းရွှေ | ၄၀၄-ဃ/တောရကွင်း | ၇/၃က | ၂.၀၀ |
| ၄၀ | ဦးလှတိုး | ၄၀၄-ဃ/တောရကွင်း | N၅/၂ခ၊ N၅/၂က၊ ၅/၂ | ၁.၃၄ |
| ၄၁ | ဦးစံငွေး | ၄၀၄-ခ/တောရကွင်း၊ ၄၀၂/ကျက်မ(မ) | ၁၇/၂၆ခ၊ ၁/၁ခ | ၀.၉၁ |
| ၄၂ | ဦးသန်းထွန်းအောင် | ၄၀၄-ခ/တောရကွင်း၊ ၄၀၂/ကျက်မ(မ) | ၁၇/၂၆က၊ ၁/၁က | ၁.၀၀ |
| ၄၃ | ဦးသန့်ဇင်ဦး | ၄၀၄-ခ/တောရကွင်း | ၁၁/၁ | ၂.၂၂ |
| ၄၄ | ဒေါ်အိအိချော | ၄၀၄-ခ/တောရကွင်း | ၁၇/၂၄၊ ၁၇/၁ခ | ၂.၂၉ |
| ၄၅ | ဦးဝင်းမြင့် | ၄၀၂/ကျက်မမြောက်ကွင်း | ၁/၁၊ ၁/၁က | ၄.၄၉ |
| ၄၆ | ဦးမျိုးမင်းလတ် | ၄၀၄-ခ/တောရကွင်း | ၁၇/၁က၊ ၁၇/၂၃ | ၂.၂၉ |
| ၄၇ | ဦးဗိုလ်စန်း | ၄၀၄-ခ/တောရကွင်း | ၁၇/၂၅ | ၂.၂၅ |
| ၄၈ | ဦးခင်မောင်ညို | ၄၀၄-ခ/တောရကွင်း | ၁/၁က | ၁.၈၀ |
| ၄၉ | ဦးမြဇော်သောင်း | ၄၀၄-ခ/တောရကွင်း | ၁/၁ | ၂.၂၄ |
| ၅၀ | ဦးလင်းလင်းအောင် ဦးအောင်တင် | ၄၀၄-ဃ/တောရကွင်း | ၆/၅၊ ၆/၄ | ၄.၀၀ |
| ၅၁ | ဦးဟန်သိန်းဦး | ၄၀၄-ခ/တောရကွင်း | ၂/၂က | ၁.၅၁ |

**ကော်လိတွော်အရာရှိ**
**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## အမည်မှန်

ဦးကျော်ဝင်း ၇/ပခန(နိုင်)၁၅၂၄၇၃ ၏သမီး ကလေးမြို့နယ်၊ အောင်ပန်းမြို့၊ အထက(၁၀) နဝမတန်းအောင်မှ မအိုးအိုး၏အမည်မှန်မှာ မသန္တာဦး ဖြစ်ပါကြောင်း။ **မသန္တာဦး**

## ဖခင်အမည်မှန်

ဘော်လခဲမြို့နယ်၊ ဟော်ခမ်း အမက(မူလွန်) သတ္တမတန်းအောင်မှ မောင်ညီညီအောင်၏ ဖခင်အမည်မှန်မှာ ဦးဇော်ဇော်အောင် ဖြစ်ပါကြောင်း။
**ဦးဇော်ဇော်အောင်**

## ဖခင်အမည်မှန်

တောင်ကြီးမြို့၊ အထက(ခွဲ၊ ထီသိမ်ရွေး(တ))၊ နဝမတန်း(က၊ အောင်)မှ နန်းအိအိပြုံး၊ ဆဋ္ဌမတန်း(ခ၊ စနစ်သစ်၊ အောင်)မှ ခွန်မောင်းပေးတို့၏ ဖခင်အမည်မှန်မှာ ခွန်ကျော်ဝင်း ၁၃/လလန(နိုင်) ၀၃၈၃၇၃ ဖြစ်ပါကြောင်း။

## အမည်ပြောင်း

ဦးတေဇာမြင့်၏သမီး တောင်ကြီးမြို့၊ အလက(၁၄)၊ Grade-7 မှ မဆုပြည့်ဖူးဝေအား ယနေ့မှစ၍ မဆုပြည့်ရတီဟု ပြောင်းလဲခေါ်ပါရန်။
**မဆုပြည့်ရတီ**

## တစ်ဦးတည်းဖြစ်ပါကြောင်း

တောင်ကြီးမြို့နယ်၊ အေးသာယာ၊ အထက(၂)မှ အလယ်တန်းပြဆရာမ ဒေါ်စန္ဒာနှင့် မနီလာ ၉/မရမ(နိုင်) ၀၉၁၈၃၁ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဒေါ်စန္ဒာ(ခ)မနီလာ**

## အမည်ပြောင်း

မြစ်ကြီးနားမြို့၊ အထက(ခွဲ) ရမ်ပူ(၁)၊ အဋ္ဌမတန်းအောင်မှ (ဘ)ဦးဆူရ်ဂျေမန်း ၁/မကန(နိုင်)၁၁၇၃၃၀၏သမီး မမန်ချူးအား မသင်းသင်းအေးဟု ပြောင်းလဲခေါ်ဆိုပါရန်။

## ဖခင်အမည်မှန်

မြစ်ကြီးနား၊ အထက (၁) တက္ကသိုလ်ဝင်တန်းမှ မလုတောင်၏ ဖခင်အမည်မှန်မှာ ဦးကျချီတန်နိုင် ၁/မကန(နိုင်)၀၁၁၀၀၅ ဖြစ်ပါသည်။

## ပတ်စ်ပို့ပျောက်

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နေ မဂျာလုမိုင် ၁/မကန(နိုင်)၂၃၆၄၂ ၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၆၈၄၃၃၂၃၅၂**

## ဖခင်အမည်မှန်

ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်၊ ကာမိုင်းမြို့၊ အထက(ကာမိုင်း) တက္ကသိုလ်ဝင်တန်းမှ မောင်ဟိန်းထက်ဇော်၏ ဖခင်အမည်မှန်မှာ ဦးဇော်နိုင် ၈/ပမန(နိုင်)၀၀၀၈၉၅ ဖြစ်ပါသည်။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် CC/4355, Toyota Probox NCP 50 S/W (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးသက်နိုင်စိုး ၉/ခမစ(နိုင်)၀၀၀၄၃၈ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာခြင်း

မကွေးမြို့၊ အောင်မင်္ဂလာရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၁၆၊ ရန်မျိုးလုံးမြောက်)၊ ဦးပိုင်အမှတ် (၂၃၉-က)၊ ဧရိယာ (၀ ဒသမ ၀၃၀)ဧကရှိ မြေကွက်ကို ဦးအောင်မိုးဇော်-ဒေါ်မြင့်မြင့်ထွေးတို့အမည်ဖြင့် မြေဂရန်အသစ် ဤရုံးသို့ လျှောက်ထားလာသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ခိုင်လုံသည့် စာရွက်စာတမ်းအထောက်အထားများဖြင့် မကွေးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင်လည်းကောင်း၊ မကွေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင်လည်းကောင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြော်ငြာအပ်ပါသည်။
**ကော်လိတွော်အရာရှိ**
**မကွေးခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6E/5998 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါ သည်။
**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5G/7073 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာခြင်း

မကွေးမြို့နယ်၊ ကန်ပြားကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့်အမည် ၁၆၁၁-ဂ/ကန်ပြားအရှေ့မြောက်ကွင်း၊ ဦးပိုင်အမှတ် ၆၆/၁၊ ဧရိယာ ၄ ဒသမ ၅၉ ဧကရှိ မြေကွက်ကိုလည်းကောင်း၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၁၆၁၁-ဂ/ကန်ပြားအရှေ့မြောက်ကွင်း)၊ ဦးပိုင်အမှတ် ၆၆/၂၊ ဧရိယာ ၄ ဒသမ ၂၀ ဧကရှိ မြေကွက်ကိုလည်းကောင်း ဦးစိန်ငွေးအမည်ဖြင့် စက်မှု/စီးပွားမြေဂရန် ဤရုံးသို့ လျှောက်ထားလာသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ခိုင်လုံသည့်စာရွက်စာတမ်းအထောက်အထားများဖြင့် မကွေးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင်လည်းကောင်း၊ မကွေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင်လည်းကောင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြော်ငြာအပ်ပါသည်။ **ကော်လိတွော်အရာရှိ**
**မကွေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3G/3853 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါ သည်။
**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8J/4908 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**

ရဟန်း၊ ကျောင်း၊ ဒါယကာကြီး
## ဒုတိယဗိုလ်မှူးကြီး အုန်းမြင့်(ငြိမ်း) (မြိတ်)
**အသက်(၉၂)နှစ်**
**ကြည်း ၇၃၇၈၊ ဗိုလ်သင်တန်းအမှတ်စဉ်(၁၆ )**
**ဦးစီးအရာရှိ(ပထမတန်း)စစ်ရေး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်**
**ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ဝင်(ငြိမ်း)**

မြိတ်မြို့၊ အလယ်ကျွန်းရပ်နေ၊ (ဦးပျိုသိမ်းအုံ-ဒေါ်ချမ်းရွှေ)တို့၏သား၊(ဦးနွဲ့အုံ-ဒေါ်ထွန်းမေ)တို့၏သားသမက်၊ ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ အမှတ်(၂၆)၊ ယုဇနလမ်း၊ (၃၀)ရပ်ကွက်၊ သုဝဏ္ဏနေ (ဒေါ်တင်နွယ်)၏ချစ်လှစွာသောခင်ပွန်း၊ ဦးမျိုးသန့် -ဒေါ်စန်းစန်းယု၊ ဦးနေစိုး-ဒေါ်စန္ဒာဝင်း၊ (ဦးစိုးသူ)-ဒေါ်နွယ်နှောင်းဝင်း၊ ဦးသန့်စင်-Dr. ခိုင်သီသီဦး၊ ဒေါ်ခင်မျိုးတင့်၊ ဒေါ်ဖြူဖြူသင်းတို့၏ ချစ်လှစွာသောဖခင်၊ မြေးခုနစ်ယောက်တို့၏ဘိုးဘိုးကြီးသည် ၁၆-၇-၂၀၂၀ရက်(ကြာသပတေးနေ့) နံနက် ၇:၃၀နာရီအချိန်တွင် ပင်လုံအထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၇-၂၀၂၀ရက်(စနေနေ့) ညနေ ၃ နာရီတွင် ရေဝေးသုဿန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၂၂-၇-၂၀၂၀ရက်(ဗုဒ္ဓဟူးနေ့)တွင် သုဝဏ္ဏနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

**လွမ်းဆွတ်သတိရခြင်း**
**ဒေါ်ရင်မေ (သုဝဏ္ဏ)**
၁၇-၇-၁၉၈၁ မှ
၁၇-၇-၂၀၂၀

ကွယ်လွန်သည်မှာ သုံးဆယ့်ကိုးနှစ် ပြည့်ပြီဖြစ်သော်လည်း ကျေးဇူးတရားများကို သတိရအောက်မေ့လျက်။

**ဦးမြင့်စိုး၊ ဒေါ်ခင်ခင်စိန်**
**(သုဝဏ္ဏ)**

## ဝမ်းနည်းကြေကွဲခြင်း

သူငယ်ချင်း ဦးနေစိုး၏ ဖခင်ဖြစ်သူ ဒုတိယဗိုလ်မှူးကြီး အုန်းမြင့်(ငြိမ်း)သည် ၁၆-၇-၂၀၂၀ရက်တွင် ပင်လုံအထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ် အမှတ်စဉ်(၂၅)မှ သူငယ်ချင်းများ**

**သစ်တောမှန်လျှင်**
**အသုံးဝင်၊**
**အစဉ်ထာဝရ**
**ထိန်းသိမ်းကြ**

**ဇီဝ**
**မျိုးစုံ**
**မျိုးကွဲတွေ**
**ကြွယ်စေဖို့**
**သဘာဝ**
**တောတွေ**
**ထိန်းသိမ်းစို့**

## ဗိုလ်ကြီးကျော်စိုးမိုး(ငြိမ်း)
**(ကရဏာဖောင်ဒေးရှင်းအသင်းဝင်)**
**အသက် (၅၃)နှစ်**

ကော့ကရိတ်မြို့၊ အမှတ် (၇)ရပ်ကွက်၊ ဗောဓိကျောင်းလမ်းနေ ဒေါ်အေးအေးနွယ်၏ခင်ပွန်း၊ မောင်အေးချမ်းမိုး-မစန္ဒာအောင်၊ ကိုသက်နိုင်ဦး- မနှင်းပြည့်စုံမိုး၊ မသမုဒယမိုးတို့၏ဖခင်၊ မောင်သက်နောင်မိုး(ခ) သက်ဇင်ထိုက်၏အဘိုး ဗိုလ်ကြီးကျော်စိုးမိုးသည် ၁၅-၇-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၅:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၇-၂၀၂၀ ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ကော့ကရိတ်မြို့၊ အမှတ် (၇) ရပ်ကွက်၊ ခင်နိမ်းမူသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအား ရည်စူး၍ ၁၉-၇-၂၀၂၀ ရက် (တနင်္ဂနွေနေ့) နံနက် ၆နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဗိုလ်ကြီးကျော်စိုးမိုး(ငြိမ်း)**
**အသက် (၅၃)နှစ်**

သူငယ်ချင်း ဗိုလ်ကြီးကျော်စိုးမိုး (ငြိမ်း) အသက် (၅၃)နှစ်သည် ၁၅-၇-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၅:၄၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၉၀) သူရတပ်ခွဲမှ သူငယ်ချင်းများ**

## ဝမ်းနည်းကြေကွဲခြင်း
**ဒေါ်ကြည်ကြည်စိမ်း**
**အသက်(၈၁)နှစ်**

ပါမောက္ခ ဒေါက်တာစံပယ်ဖြူ (အပူပိုင်းနှင့်ကူးစက်ရောဂါပညာဌာန၊ ဆေးတက္ကသိုလ်-၂၊ ရန်ကုန်၊ အထူးကုဆရာဝန်ကြီး-ဆေးပညာ၊ အထူးကုဆေးရုံကြီး၊ ဝေဘာဂီ)၏ မိခင်ကြီး ဒေါ်ကြည်ကြည်စိမ်းသည် ၁၀-၇-၂၀၂၀ရက် နံနက် ၁၀:၁၀နာရီတွင် ကွယ်လွန်ကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခဦးမင်းဇော်ဦးနှင့်ဆေးပညာမိသားစု**
**သဃ်န်းကျွန်းစံပြဆေးရုံကြီး**

## ဝမ်းနည်းကြေကွဲခြင်း
**အာလ်ဟာဂျ် ဟာဂျီမ ရာမက်ဘီ(ခ)ဒေါ်လှမြင့်**
**အသက်(၇၈)နှစ်**

ဦးဝင်းနိုင်-၄(ညွှန်ကြားရေးမှူး၊ သစ်တောဦးစီးဌာန၊ မွန်ပြည်နယ်)-ဒေါ်ခင်မိုးမြင့်(အထက-၉၊ မော်လမြိုင်)တို့၏ မိခင် အာလ်ဟာဂျ် ဟာဂျီမ ရာမက်ဘီ(ခ)ဒေါ်လှမြင့်သည် ၁၅-၇-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူ ထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မွန်ပြည်နယ်/ခရိုင်/မြို့နယ်သစ်တောဦးစီးဌာနဝန်ထမ်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဗိုလ်မှူးငွေးဝင်း(ငြိမ်း)(တပ်မတော်-ရေ)-ဒေါ်ခင်မြင့်တို့၏သား၊ ကိုစိုးလင်းထိုက် အသက်(၃၇)နှစ်သည် ၁၅-၇-၂၀၂၀ရက် ည ၈နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**တပ်မတော်(ရေ) စက်မှုလက်မှုအရာရှိများ**

ဘုရား၊ ရဟန်း၊ ကျောင်းဒါယကာကြီး
## ဦးတင်မောင်မြင့် (MPPE ဆိုင်မန်နေဂျာ-ငြိမ်း)
**အသက် (၇၃)နှစ်**

မန္တလေးမြို့၊ ရွှေချည်ထိုးအရှေ့ရပ်နေ [ဦးစံ(အငြိမ်းစားရဲအရာရှိ)-ဒေါ်တင်မေ]တို့၏သား၊ (ဦးသောင်း-ဒေါ်ဆင့်)တို့၏ သားသမက်၊ ရန်ကုန်မြို့နေ ဦးတင်မောင်အေး(ညွှန်ကြားရေးမှူး-ငြိမ်း) စက်မှု (၁)-ဒေါ်မြင့်မြင့်မွန်တို့၏ညီ၊ (ဦးတင်မောင်ညွှန့်-ဒေါ်အုန်းတင်)၊ (ဦးတင်မောင်ငွေး)-ဒေါ်ခင်ချိုချို၊ ဦးမောင်မောင်ဝင်း(ဒုရဲမှူး-ငြိမ်း)-ဒေါ်တင်တင်မာတို့၏အစ်ကို၊ မန္တလေးမြို့ ရွှေချည်ထိုးအရှေ့ရပ်နေ ကိုတင်အောင်မျိုး-မချောပပစံ၊ ကိုတင်ဇော်မြင့်-မလဲ့လဲ့ခိုင်၊ ကိုတင်ဝင်းနိုင်တို့၏ဖခင်၊ မောင်သီဟလင်းသန့်၏အဘိုး၊ ဒေါ်ဝင်းဝင်း၏ချစ်လှစွာသောခင်ပွန်းသည် ၁၆-၇-၂၀၂၀ရက် (ကြာသပတေးနေ့) နံနက် ၁:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၇-၂၀၂၀ရက် (သောကြာနေ့) နံနက် ၁၁နာရီတွင် အမှတ် (၁၆၂/၁၄) ရွှေချည်ထိုးအရှေ့ရပ်နေအိမ်မှ အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

**မြစ်ခြေနယ်အသင်း(ရန်ကုန်)**
## ဒေါ်ဝင်းကြည်
**အသက်(၆၃)နှစ်**

မြစ်ခြေနယ်အသင်း (ရန်ကုန်)၏နာယက ဦးရဲနိုင်(အသင်းဝင်-၁၇၈)၏ဇနီး၊ မမြတ်စုစုစံ၊ မမင်းမင်းချယ်ရီတို့၏မိခင် ဒေါ်ဝင်းကြည်သည် ၁၅-၇-၂၀၂၀ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၇-၂၀၂၀ရက် မွန်းလွဲ ၁၂:၃၀ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

**အမှုဆောင်အဖွဲ့**

**သွေးသည် အသက်**

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**
**ဦးချစ်ဦး အသက်(၈၀) နှစ်**
**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**
**ဒေါ်ကြည်ကြည်စိမ်း(လော)**
**အသက်(၈၁)နှစ်**

ပါမောက္ခဒေါက်တာစံပယ်ဖြူ (အပူပိုင်းနှင့် ကူးစက်ရောဂါပညာဌာန၊ ဆေးတက္ကသိုလ်-၂၊ ရန်ကုန်)၏မိခင် ဒေါ်ကြည်ကြည်စိမ်းသည် ၁၀-၇-၂၀၂၀ရက် (သောကြာနေ့) နံနက် ၁၀နာရီတွင် ကွယ်လွန်သွားခဲ့ပြီး၊ ဖခင်ဦးချစ်ဦး အသက်(၈၀)သည် ၁၅-၇-၂၀၂၀ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၂:၀၇ နာရီတွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဒေါက်တာ ဒေါ်ငွေးငွေးကြည်နှင့်**
**ပင်လုံဆေးရုံ၊ ရွှေဂုံတိုင်ဆေးရုံ(SSC)မိသားစု**
**Pinlon Group of Hospitals**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးချစ်ဦး (လော)
**ဌာနမှူး(ငြိမ်း)၊ သင်တန်းရေးရာဌာန၊**
**အဝေးသင်တက္ကသိုလ်၊ ရန်ကုန်**
**အသက် (၈၀) နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရေတာရှည်လမ်းသစ်၊ အမှတ် (၅၁)၊ တိုက် (၂၁) သုံးလွှာနေ(ဦးအေးမောင်-ဒေါ်ကြည်)တို့၏သားကြီး၊ (ဦးဘိုးကောင်း-ဒေါ်ဥလေး)တို့၏သားသမက်၊ (ဒေါ်ကြည်ကြည်စိမ်း)၏ ချစ်လှစွာသောခင်ပွန်း၊ ပါမောက္ခ ဒေါက်တာစပယ်ဖြူ (အပူပိုင်းနှင့် ကူးစက်ရောဂါပညာဌာန၊ ဆေး-၂၊ အထူးကုဆေးရုံ၊ ဝေဘာဂီ)၊ ဦးမျိုးဝင်းလှိုင် (ဦးပညာဝံသ၊ ဗုဒ္ဓဝင်း)-ရဟန်းအစ်မ ဒေါ်ဇာနိုနိုလွင် (ကောင်းစုံကိုယ်ပိုင်အထက်တန်းကျောင်း)၊ ဦးဘုန်းလှိုင်၊ ဦးအောင်မင်းထွေး-ဒေါက်တာ မီမီသက်ဦး (အထူးကုဆရာဝန်ကြီး၊ မော်လမြိုင်ဆေးရုံကြီး)တို့၏ချစ်လှစွာသောဖခင်၊ မောင်ညီအုပ်စိုး၊ မောင်သန့်ဘုန်းသော်တို့၏ချစ်လှစွာသော ဘိုးဘိုးကြီး သည် ၁၅-၇-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၂:၀၇ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၇-၂၀၂၀ရက် (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁:၃၀နာရီတွင် ထွက်ခွာပါမည်။

**ကျန်ရစ်သူမိသားစု**

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဦးချစ်ဦး(လော)
**ဌာနမှူး(ငြိမ်း)၊ သင်တန်းရေးရာဌာန၊**
**အဝေးသင်တက္ကသိုလ်(ရန်ကုန်)**
**အသက်(၈၀)**

ပါမောက္ခ ဒေါက်တာ စံပယ်ဖြူ (အပူပိုင်းနှင့်ကူးစက်ရောဂါပညာဌာန၊ ဆေးတက္ကသိုလ်-၂၊ ရန်ကုန်နှင့်အတွင်းရေးမှူး၊ မြန်မာ HIV ဆေးပညာအဖွဲ့)၏ဖခင် ဦးချစ်ဦးသည် ၁၅-၇-၂၀၂၀ရက် နံနက် ၂:၀၇နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**Myanmar Society of HIV Medicine**

## ဝမ်းနည်းကြေကွဲခြင်း
**ဦးချစ်ဦး**
**အသက်(၈၀) နှစ်**

ပါမောက္ခ ဒေါက်တာစံပယ်ဖြူ(အပူပိုင်းနှင့် ကူးစက်ရောဂါပညာဌာန၊ ဆေးတက္ကသိုလ်-၂၊ ရန်ကုန်၊ အထူးကုဆရာဝန်ကြီး-ဆေးပညာ၊ အထူးကုဆေးရုံကြီး၊ ဝေဘာဂီ)၏ ဖခင်ကြီး ဦးချစ်ဦး သည် ၁၅-၇-၂၀၂၀ရက် နံနက် ၂:၀၇နာရီတွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခ ဦးမင်းဇော်ဦးနှင့်ဆေးပညာမိသားစု**
**သဃ်န်းကျွန်းစံပြဆေးရုံကြီး**

## ဒေါ်ခင်ဝင်း အသက်(၇၁)နှစ်
**ဦးစီးအရာရှိ(ငြိမ်း)**
**မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ရန်ကုန်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ရွှေအုန်းပင်အိမ်ရာ(၂)၊ တိုက် (၂၄)၊ အခန်း(၃၁)နေ (ဦးဝင်းမောင်-ဒေါ်သန်းတင်) တို့၏ သမီးငယ်၊ ဦးအောင်ညွှန့်-ဒေါ်ကြင်ဝင်း၊ (ဦးဝင်းကြည်)-ဒေါ်ညိုညိုဝင်းတို့၏ ညီမ၊ (ဦးမြင့်ဝင်း)-ဒေါ်ခင်ထွေးဝင်း၊ ဦးကျော်ဝင်း(စာရင်းစစ်-ငြိမ်း)၊ ဦးနေဝင်းတို့၏အစ်မ၊ တူ၊ တူမ ခုနစ်ယောက်တို့၏အဒေါ်၊ မြေး ၁၁ ယောက်တို့၏ဘွားလေးသည် ၁၄-၇-၂၀၂၀ရက် (အင်္ဂါနေ့) ည ၁၀:၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၇-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါ ကြောင်း။ ကွယ်လွန်သူအားရည်စူး၍ ၂၀-၇-၂၀၂၀ရက် (တနင်္လာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဦးသက်ထွန်း
**လ/ထ ညွှန်ကြားရေးမှူး(ငြိမ်း)၊ သစ်တော**
**အလောင်းတော်ကဿပအုပ်ချုပ်ရေးမှူး(ငြိမ်း)**
**အသက်(၆၂)နှစ်**

[ဦးသာမြ(ဒုတိယညွှန်ကြားရေးမှူး-ငြိမ်း၊ ကြေးတိုင်နှင့်မြေစာရင်းဌာန)-ဒေါ်မြစိန်] တို့၏သား၊ (ဦးဘုန်းကျော်-ဒေါ်နှင်းခင်)တို့၏သားသမက် ၊ ဒေါ်နှင်းနှင်းရီ၏ ခင်ပွန်း၊ မောင်ပြည့် ဖြိုးကျော်(တတိယနှစ်၊ ဥပဒေ)၊ မယမင်းသက်တို့၏ဖခင်သည် ၁၆-၇-၂၀၂၀ ရက် မွန်းလွဲ ၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ တွင်ပင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၂၂-၇-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့)တွင် ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ရွှေအုတ်ဂူ(၃)လမ်း၊ ကမာကြည်အိမ်ရာ၊ တိုက်အမှတ်(၃၁)၊ အခန်း(၂၀၀)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။


**ကျန်ရစ်သူမိသားစု**

## ဦးသက်ထွန်း
**လ/ထညွှန်ကြားရေးမှူး(ငြိမ်း)၊ သစ်တော**
**အလောင်းတော်ကဿပအုပ်ချုပ်ရေးမှူး(ငြိမ်း)**
**အသက် (၆၂)နှစ်**

[ဦးသာမြ (ဒုညွှန်ကြားရေးမှူး-ငြိမ်း၊ ကြေးတိုင်နှင့် မြေစာရင်းဌာန)-ဒေါ်မြစိန်] တို့၏သား၊ ဦးသိန်းဦး-ဒေါ်သန်းသန်းတင့် (ACE Data Systems Ltd.)၊ ဦးကျော်မြင့်(ထ/ပြ)-ဒေါ်မြင့်မြင့်သိန်း (လ/ပြ)၊ ဦးကျော်မြိုင် (ဦးစီးအရာရှိ၊ လှိုင်ကော်ခရိုင်၊ ဦးစီးမှူးရုံး၊ စိုက်ပျိုးရေးဦးစီးဌာန)-ဒေါ်စိုးစိုးညွှန့်(ဦးစီးမှူး-ငြိမ်း၊ တိုင်းမြေအသုံးချရေးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ မန္တလေး) (Shop Manager, Synergy Nutrition)တို့၏မောင်၊ ဦးတင်ထွန်း-Waraporn Juthakorn (System Support Manager, i.Group (Asia Pacific Ltd.)၊ ဦးသန့်ဇော်-ဒေါက်တာ ဆွေဆွေရည်တို့၏အစ်ကို၊ တူ/တူမ ခုနစ်ယောက်တို့၏ ဦးလေးသည် ၁၆-၇-၂၀၂၀ရက် မွန်းလွဲ ၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

# ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၁၉ ရက်နေ့တွင် ထုတ်ဝေမည့် ဗိုလ်ချုပ်အောင်ဆန်းရုပ်ပုံပါ ၅၀၀ ကျပ်တန် ငွေစက္ကူပုံစံသစ်၏ ပုံသဏ္ဌာန်နှင့် အမှတ်အသားများ







၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၁၉ ရက်နေ့တွင် ထုတ်ဝေမည့် ဗိုလ်ချုပ်အောင်ဆန်းရုပ်ပုံပါ ငါးရာကျပ်တန် ငွေစက္ကူပုံစံသစ်၏ မျက်နှာစာဘက်တွင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ပုံနှင့် ကျောဘက်တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်အဆောက်အဦပုံ ရိုက်နှိပ်ထားပါသည်။ ငါးရာကျပ်တန်ငွေစက္ကူပုံစံသစ် အရွယ်အစားမှာ အလျား ၁၅၀ မီလီမီတာနှင့် အနံ ၇၀ မီလီမီတာ ရှိပါသည်။ ပေါ်လွင်သော အရောင်မှာ နီညိုရောင် ဖြစ်ပါသည်။

ငွေစက္ကူဆေးသားရိုက်နှိပ်ရာတွင် ဖောင်းကြွပုံနှိပ်နည်းစနစ်ဖြင့် ရိုက်နှိပ်ထားသည့်အတွက် ငွေစက္ကူ၏ တန်ဖိုးဂဏန်းနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်စာသားနေရာများသည် ပီပြင်ထင်ရှားသည့်အပြင် လက်ဖြင့်စမ်းသပ်ကြည့်ပါက ကြမ်းတမ်းမှုရှိကြောင်း တွေ့ရှိရပါသည်။ ငွေစက္ကူနံပါတ်ကို မြန်မာအက္ခရာ မြန်မာဂဏန်းဖြင့် အလျားလိုက်၊ အင်္ဂလိပ်အက္ခရာ အင်္ဂလိပ်ဂဏန်းဖြင့် ဒေါင်လိုက် ရိုက်နှိပ်ထားပါသည်။

ငွေစက္ကူ၏ မျက်နှာစာဘက်ရှိ ဘယ်/ညာအစွန်းများတွင် အမြင်အာရုံ အားနည်းသူများအတွက် လက်ဖြင့် ထိတွေ့စမ်းသပ်ကြည့်ပါက အာရုံခံသိရှိနိုင်သည့် ဖောင်းကြွလိုင်းတိုမျဉ်းကြောင်းငယ် (၉) ကြောင်းစီ ရိုက်နှိပ်ထားပါသည်။ ငွေစက္ကူပုံစံသစ်ကို အလင်းရောင်တွင် ထောင်ကြည့်ပါက ငွေစက္ကူမျက်နှာစာဘက် ဗိုလ်ချုပ်အောင်ဆန်းရုပ်ပုံ၏ လက်ဝဲဘက်တွင် ဗိုလ်ချုပ်အောင်ဆန်းရုပ်ပုံနှင့် ငွေစက္ကူ၏တန်ဖိုး ဂဏန်း ၅၀၀ ရေစာကို ရှင်းလင်းစွာတွေ့မြင်နိုင်ပါသည်။

ငွေရောင်လုံခြုံရေးကြိုးအား တစ်ဝက်ဖုံးတစ်ဝက်ပေါ် ဒေါင်လိုက်မြုပ်နှံထားပါသည်။ ငွေစက္ကူမျက်နှာစာ၏ လက်ယာဘက်ရှိ မြန်မာစာသား "ငါးရာကျပ်" နံဘေး နီညိုရောင်ဧရိယာအား ၄၅ ဒီဂရီခန့် တိမ်းစောင်းကြည့်ပါက အင်္ဂလိပ်အက္ခရာ "CBM" များကို တွေ့မြင်နိုင်ပါသည်။

ဗိုလ်ချုပ်အောင်ဆန်းရုပ်ပုံပါ ငါးရာကျပ်တန်ငွေစက္ကူပုံစံသစ်အား ရုံးဖွင့်ရက်ဖြစ်သော (၂၀-၇-၂၀၂၀)ရက်နေ့မှစ၍ ဘဏ်များမှ ဖြန့်ဝေပေးသွားမည် ဖြစ်ပါသည်။ လက်ရှိ သုံးစွဲလျက်ရှိသော ငါးရာကျပ်တန် ငွေစက္ကူများသည်လည်း တရားဝင်ငွေအဖြစ် ဆက်လက်တည်ရှိနေမည် ဖြစ်ပါသည်။

## မလေးရှားနိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ခဲ့

**နေပြည်တော် ဇူလိုင် ၁၆**

ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ရန် Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများနှင့် ပူးပေါင်းညှိနှိုင်း၍ ဆောင်ရွက်ပေးလျက်ရှိရာ မလေးရှားနိုင်ငံတွင် ရောက်ရှိနေပြီး မြန်မာနိုင်ငံသို့ ပြန်ရန် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၁၆၅ ဦးအား မလေးရှားနိုင်ငံ ကွာလာလမ်ပူအပြည်ပြည်ဆိုင်ရာလေဆိပ်မှတစ်ဆင့် မြန်မာအပြည်ပြည်ဆိုင်ရာလေကြောင်းလိုင်း (MAI) ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့မွန်းလွဲ ၃ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ

*စာမျက်နှာ ၁၅ ကော်လံ ၁* ❊



မလေးရှားနိုင်ငံမှ ပြန်လည်ရောက်ရှိလာသော မြန်မာနိုင်ငံသားများအား တွေ့ရစဉ်။

## မန်ယူနှင့် စာချုပ်သစ်ချုပ်ဆိုရန် နီးစပ်လာသည့် ပေါ့ဂ်ဘာ

မန်ယူအသင်းမှ ပေါလ်ပေါ့ဂ်ဘာသည် အသင်းနှင့် ငါးနှစ်စာချုပ်သစ်ချုပ်ဆိုရန် နီးစပ်လာပြီဖြစ်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။ ပြီးခဲ့သည့် နွေရာသီအပြောင်းအရွှေ့ကာလတွင် ပေါ့ဂ်ဘာသည် မန်ယူအသင်းမှ ထွက်ခွာ၍ အသင်းဟောင်း ဂျူဗင်တပ်စ်အသင်းသို့ ပြန်လည်ပြောင်းရွှေ့ရန် သတင်းများ ထွက်ပေါ်ခဲ့သူဖြစ်ပြီး ရီးရဲမက်ဒရစ်အသင်းနှင့်လည်း သတင်းများ ကျယ်ကျယ်ပြန့်ပြန့် ထွက်ပေါ်ထားသူဖြစ်သည်။

သို့သော်လည်း ပရီမီယာလိဂ်ပွဲစဉ်များ ပြန်စပြီးနောက် နည်းပြဆိုးလ်ရှားသည် ကွင်းလယ်တွင် ပေါ့ဂ်ဘာကို အသစ်ခေါ်ယူထားသော ဘရူနိုဖာနန်ဒက်စ်နှင့် တွဲဖက်ကစားစေခဲ့သည်။ နောက်ပိုင်းပွဲစဉ်များတွင် ပုံမှန်ပွဲထွက်ခွင့်ရရှိလာသည့် အသက် ၂၇ နှစ်အရွယ် ပေါ့ဂ်ဘာသည် အိုးထရက်ဖို့ဒ်တွင် စာချုပ်သစ်ချုပ်ဆိုဖွယ်ရှိနေပြီး ထွက်ပေါ်လာသော သတင်းများအရ မန်ယူအသင်းအနေဖြင့် ပေါ့ဂ်ဘာ၏ စာချုပ်သစ်ကိစ္စနှင့်ပတ်သက်၍ ရာသီအကုန်တွင် ထုတ်ပြန်ကြေညာပေးသွားဖွယ်ရှိနေကြောင်း သိရသည်။

ပေါ့ဂ်ဘာ၏ လက်ရှိ မန်ယူအသင်းနှင့် စာချုပ်သက်တမ်းသည် လာမည့်နှစ်တွင် ကုန်ဆုံးတော့မည်ဖြစ်သော်လည်း မန်ယူအသင်းအနေဖြင့် ပေါ့ဂ်ဘာကို နောက်ထပ်တစ်နှစ် သက်တမ်းတိုးခွင့်ရှိနေသည်။ မန်ယူအသင်းအကြီးအကဲများသည် ပေါ့ဂ်ဘာအနေဖြင့် မန်ယူအသင်းနှင့် ငါးနှစ်သက်တမ်းတိုးစာချုပ်ချုပ်ဆိုလိမ့်မည်ဟု ယုံကြည်နေကြောင်း သိရသည်။

*စာမျက်နှာ ၁၉ ကော်လံ ၁* ✪



## ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ကိုဗစ်-၁၉ ရောဂါအတွက် ကာကွယ်ဆေးကို ဖော်စပ်ထုတ်လုပ်နိုင်ခဲ့ပြီဖြစ်ကြောင်း ပြောကြား

စာမျက်နှာ - ၁၃

## ဘရာဇီးသမ္မတ ဒုတိယအကြိမ် ကိုဗစ်-၁၉ စစ်ဆေးမှုတွင် ရောဂါပိုးရှိကြောင်း အတည်ပြု

စာမျက်နှာ - ၁၄